# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည့် မြဝတီ


**မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်းစသော ပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com
■ အတွဲ(၁၆)၊ အမှတ်(၁၅၂)
■ ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်၊ ကြာသပတေးနေ့


# ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ရောက်ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်တွေ့ဆုံဆွေးနွေး

**နန်နင်း စက်တင်ဘာ ၁၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပမည့် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၂၃) ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီး အစည်းအဝေးသို့ တက်ရောက်ရန် ဒုတိယသမ္မတ ဦးညိုစောသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့်

စာမျက်နှာ ၅ ကော်လံ ၁ ▲



ဒုတိယသမ္မတ ဦးညိုစောနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာတင်းရွှယ်ရှန်တို့ တွေ့ဆုံဆွေးနွေးစဉ်။

## လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၆**

ယနေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၌ စက်တင်ဘာလ ၁၉ ရက်တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area) တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

**မြဝတီ ဆောင်းပါး**

**ဝရမ်းပြေး ကျော်မိုးထွန်းရဲ့ သရုပ်အမှန်**

စာ - ၁၁ သို့

## အမေရိကန်နိုင်ငံသား Adam Michael Castillo အား ပြည်နှင်စေလွှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ကမ္ဘာ့နိုင်ငံအားလုံးနှင့် သံတမန်ဆက်ဆံရေး၊ မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုလျက် ချစ်ကြည်ရင်းနှီးစွာဖြင့် ဆက်ဆံဆောင်ရွက်လျက်ရှိသည့်အားလျော်စွာ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက် ညနေပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နိုင်ငံကူးလက်မှတ်အမှတ်၊ ၅၆၅၄၄၈၄၄၉ ကိုင်ဆောင်သူ အမေရိကန်နိုင်ငံသား Adam Michael Castillo အား ပြည်နှင်စေလွှတ်ခဲ့သည်။

အဆိုပါအမေရိကန်နိုင်ငံသား Adam Michael Castillo သည် The American Chamber of Commerce in Myanmar (မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ကုန်သည်ကြီးများအသင်း)၏ ဖွဲ့စည်းပုံစည်းမျဉ်းပါကန့်သတ်ညွှန်ကြားချက်များကို ဖောက်ဖျက်ကျူးလွန်ခဲ့သဖြင့် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ပန်းဘဲတန်းမြို့မရဲစခန်း(ပ)၆၉/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၄၇၉ ဖြင့်အမှုဖွင့်လှစ်အရေးယူထားရှိသည့် အမှုမှတရားခံဖြစ်ပြီး ၎င်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အမေရိကန်ပြည်ထောင်စုတို့၏ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုဆက်ဆံရေးကိုရှေးရှုလျက် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်စေလွှတ်ခဲ့ကြောင်း သိရှိရသည်။

# ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနှင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ၆ မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်း ဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ်လ ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား (၃၀၀)ပေ၊ အနံ (၄၅) ပေခန့်တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာအိပ်ကျမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှု

စာမျက်နှာ ၁၇ ကော်လံ ၁ ▼



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့်ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ငဝန်ပန်းတာရေဝင်ရောက်မှုထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။

## အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အားလုံးပါဝင်ဆောင်ရွက်

နိုင်ငံဖွံ့ဖြိုးတိုးတက်မှုရရှိခြင်း၏ အဓိကအကြောင်းရင်းသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိပြီး နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ကိုယ်စိတ်နှလုံးလုံခြုံအေးချမ်းစွာဖြင့် လုပ်ကိုင်စားသောက်နိုင်ခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးကတည်းကပင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် အစိုးရအဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

သို့သော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်သည့် စွမ်းရည်၊ စွမ်းအားရှိသော လူ့စွမ်းအားအရင်းအမြစ်များ၊ နိုင်ငံစီးပွားရေးနှင့်ပညာရေး၊ ကျန်းမာရေးအပါအဝင် လမ်း၊ တံတားနှင့် အခြေခံအဆောက်အဦများကို အကြမ်းဖက်သမားများက ခေတ်အဆက်ဆက်နည်းလမ်းပေါင်းစုံဖြင့် ယနေ့ထက်တိုင် နှောင့်ယှက်ဖျက်ဆီးခဲ့ကြသည်။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ ခေတ်အဆက်ဆက် နိုင်ငံတည်ဆောက်ရေးတွင် **"သမင်မွေးရင်း ကျားစားရင်း"** ဆိုသကဲ့သို့ဖြစ်နေပြီး နိုင်ငံအတွက် ကြီးမားသည့် သမိုင်းသင်ခန်းစာတစ်ခုကဲ့သို့ဖြစ်နေရသည်။

လက်နက်ကိုင်အကြမ်းဖက်သမားတို့ဖျက်ဆီးခဲ့ကြသည့် အခြေခံအဆောက်အဦများနှင့် ဆုံးရှုံးခဲ့ရသည့် လူသားအရင်းအမြစ်များကို ပြန်လည်တည်ဆောက်မွေးထုတ်နေရခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ခြင်းမရှိသည်မှာ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ကြီးစွာသော ထိခိုက်နစ်နာဆုံးရှုံးနေရမှုပင်ဖြစ်သည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံပြည်သူများ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှတစ်ဆင့် ပေါ်ပေါက်လာသည့် လွှတ်တော်နှင့်အစိုးရတို့ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး ဟူသည့်ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် စက်တင်ဘာလ ၁၅ ရက်တွင်ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၌အမှာစကားပြောကြားစဉ် **"မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရာတွင် အဓိကအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး နိုင်ငံစီးပွားရေးအားကောင်းရန် အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ကျန်းမာကြံ့ခိုင်ပြီး ပညာတတ်လူသားအရင်းအမြစ်များ စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ် အသုံးပြုသွားနိုင်ရန်လည်းလိုအပ်ကြောင်း၊ အမှန်တကယ်အလုပ်လုပ်ကိုင်ကြရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင်ဆောင်ရွက်ပေးကြရမည်ဖြစ်ပြီး အားလုံးက အတူတကွ စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြမည်ဆိုပါက မိမိတို့နိုင်ငံတော်ကြီး မလွဲမသွေ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံသားများ၏လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သဖြင့် တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့အတွက် နိုင်ငံတော်တွင် အတူတကွ မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက ကိုယ်စီအသိရှိစွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိရေးအတွက်လည်းနိုင်ငံတော်အစိုးရနှင့်တပ်မတော်မှ အမြဲတမ်းတံခါးဖွင့်ဖိတ်ခေါ်ကြိုဆိုလျက်ရှိသဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲအောင်မြင်မှုရရှိရေးအတွက်လည်း ဖြစ်နိုင်သည်များကိုတောင်းဆိုခြင်း၊ မဖြစ်နိုင်သည်များကိုညှိနှိုင်းခြင်းတို့ဖြင့် နိုင်ငံ့အကျိုးကိုကြည့်၍ ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်

**နတ်မောက် စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီးနတ်မောက်မြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းကို စက်တင်ဘာလ ၁၆ ရက် နံနက်ပိုင်းတွင် မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ စမ်းသပ်စစ်ဆေး ကုသမှုများ ဆောင်ရွက်သည်။

ထိုသို့ စစ်ဆေးကုသမှုများ ဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနရှိ ဆရာ၊ ဆရာမများက မြို့နယ်အတွင်းရှိလာရောက်ပြသသည့်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအားကိုယ်အလေးချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဆီးချို သွေးတိုး၊ နှလုံးရောဂါဆိုင်ရာများ စစ်ဆေးခြင်းနှင့် အခြေခံရောဂါရှာဖွေစမ်းသပ်စစ်ဆေးခြင်း စသည့် ရောဂါလက္ခဏာများကိုစစ်ဆေးခြင်းများဆောင်ရွက်ပြီး လိုအပ်သည့် ဆေးဝါးများကိုအခမဲ့ပေးအပ်ကြောင်း သိရသည်။

**လှဝင်း**

## ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်နီဧက ၁၁၀၀၀ ကျော် လျာထားစိုက်ပျိုးမည်

**မုံရွာ စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်၌ လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်နီဧက ၁၁၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနစာရင်းများအရ သိရသည်။

ယခု ၂၀၂၆ - ၂၀၂၇ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မုံရွာခရိုင်၌ ကြက်သွန်နီစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်၌ ဧက ၇၃၅၀၊ ဘုတလင်မြို့နယ်၌ ဧက ၃၁၀၀၊ အရာတော်မြို့နယ်၌ ၂၆၃ ဧကနှင့် ချောင်းဦးမြို့နယ်၌ ဧက ၅၂၀ တို့ဖြစ်သည်။

"ဒီနှစ် မုံရွာခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကြက်သွန်နီဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်သွားမယ်။ ကြက်သွန်နီစိုက်ပျိုးမှုအနေနဲ့ကတော့ ပုံမှန်အတိုင်းပါပဲ" ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာတင်မာမာဦးက ပြောသည်။

မုံရွာခရိုင်၌ သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြက်သွန်နီစိုက်တောင်သူများအား ကြက်သွန်နီကို ကြာရှည်စွာ ထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီများဖြစ်စေရန်အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၄၀၉)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၉-၂၀၂၆(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၈:၄၀ | မောင်မယ်လေးများသိစေချင် |
| ၃။ | ၀၉:၄၅ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄။ | ၁၀:၃၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅။ | ၁၂:၄၀ | မွေးမြူသုတ |
| ၆။ | ၁၂:၅၀ | သီချင်းလက်ဆောင် |
| ၇။ | ၁၃:၁၅ | တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်များ |
| ၈။ | ၁၃:၅၀ | တစ်ချိန်ကသူတို့အကြောင်း |
| ၉။ | ၁၆:၅၀ | ကျန်းမာခြင်းအတွက် တွေးခေါ်ခြင်း |
| ၁၀။ | ၁၇:၁၅ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၁၁။ | ၁၉:၀၀ | ရုပ်မြင်သံကြားဇာတ်လမ်း ရိုးရှင်းသောဘဝ အပိုင်း(၉) |
| ၁၂။ | ညစ နာရီ သတင်း အပြီး | နိုင်ငံတကာသတင်း |
| ၁၃။ | | မိုးလေဝသ သတင်း |
| ၁၄။ | | တရားတော် |

မြဝတီ နေ့စဉ်

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့ (အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) - ဦးရဲစိုးအောင်

Online Newspaper

**နေပြည်တော်**
**စာတည်းအဖွဲ့** ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
**ဖြန့်ချိရေး/ကြော်ငြာ** ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
**စာတည်းအဖွဲ့** ၀၆၃-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
**ကြော်ငြာ** ၀၆၃-၇၄၀၂၂။
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
**တာဝန်ခံ** ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ (ရုံးခွဲ)**
**တာဝန်ခံ** ၀၉-၄၄၄၄၁၈၆၉၁၊ ၀၈၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website - www.myawady.net.mm

# ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၆**

၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ (World Ozone Day) အထိမ်းအမှတ်အခမ်းအနားကို ကမ္ဘာမြေပိုမိုအေးမြဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့ ဆောင်ပုဒ်ဖြင့် စက်တင်ဘာလ ၁၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် လူငယ်စင်တာ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres ၏ သဝဏ်လွှာဖတ်ကြားသည့် ဗီဒီယိုနှင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အသိပညာပေးဗီဒီယိုတို့ကို ပြသသည်။

ထို့နောက် တာဝန်ရှိသူများက ခင်းကျင်းပြသထားသည့် အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ် ဒေါ်ခင်မာချို၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**




# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီးမရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၃၅) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ် ကင်းဝေးစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းကို စက်တင်ဘာလ ၁၅ ရက်က ရွှေပေါက်ကံမြို့သစ် (၁၄)ရပ်ကွက် အမှတ်(၆)အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း မြတ်လေးဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၃၅) ယာဉ်ထိန်းတပ်ဖွဲ့စုမှ မြို့နယ်တပ်စုမှူး ဒုတိယရဲမှူး လှိုင်ဝင်းအောင်က ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် လမ်းဖြတ်ကူးရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ ခြေကျင် လမ်းလျှောက်သူများ လိုက်နာရမည့် စည်းကမ်းများ၊ လက်အချက်ပြ သင်္ကေတများ၊ အုပ်စုလိုက်အစုအဝေးဖြင့် လမ်းလျှောက်သူများ လိုက်နာရမည့် စည်းကမ်းများ၊ အနေးယာဉ်စီးနင်းသူများ လိုက်နာရမည့်စည်းကမ်းများ စသည်တို့ကို အသိပညာပေးဟောပြောပေးသည်။ ယင်းနောက် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# ဧရာဝတီကောင်းမြို့၌ မိုးစပါးစိုက်ပျိုးရာသီတွင် စပါးဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

**ဧရာဝတီကောင်း စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဧရာဝတီကောင်းမြို့၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးရန်လျာထားခဲ့သော စပါးဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်း၏ ပြောပြချက်အရ သိရသည်။

ဧရာဝတီကောင်းမြို့၌ မိုးစပါးစိုက်ပျိုးရာသီတွင် စပါး ၁၄၀၂၃ ဧကကို ယခုနှစ် ဇူလိုင်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးစီးသည့် မိုးစပါးများ ပန်းတိုင်အထွက်နှုန်း ရရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်သည့် တောင်သူနည်းပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



"လက်ရှိ မိုးစပါးတွေအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဒီနှစ် သက်ကြီးစပါးတွေဖြစ်တဲ့ ပေါ်ဆန်းရင်၊ ပေါ်ဆန်းမွှေး စပါးအမျိုးအစားတွေကို အများဆုံးစိုက်ပျိုးခဲ့တာပါ။ မိုးစပါးတွေ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ နည်းပညာတွေနဲ့ မိုးရာသီမှာကျရောက်လေ့ရှိတဲ့ ရွှေခရုကာကွယ်ရေးနည်းပညာတွေ၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့၊ စိုက်နည်းစနစ်မှန်ကန်စေဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့နဲ့ အရည်အသွေးကောင်းမွန်စေဖို့ နည်းပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဦးဆန်းဝင်းကပြောသည်။

ဧရာဝတီကောင်းမြို့၌ မိုးစပါးများကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ အုပ်ချုပ်ရေးအဖွဲ့၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဌာနများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဒေသခံတောင်သူများအနေဖြင့် မိုးစပါးများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် မိသားစုဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် အထွက်နှုန်းကောင်းမွန်သည့် စပါးမျိုးများကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။ **သုတကျော်**

# စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ရန်ကင်းမြို့နယ်၌ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းခရိုင် ရန်ကင်းမြို့နယ် အမှတ်(၁၁)ရပ်ကွက် လေ့ကျင့်ရေးအလယ်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို စက်တင်ဘာလ ၁၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပညာဘဏ်တိုက်စာကြည့်တိုက်သီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

ထို့နောက် ရန်ကင်းမြို့နယ် လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ကျောင်းသူ မသွန်းရွှေရည်လင်းက မြတ်ဆရာသီချင်းဖြင့် ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ ရန်ကင်းမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်သီတာစံက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဂျွန်စံက လေ့ကျင့်ရေးအလယ်တန်းကျောင်း ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းပေးအပ်ကြောင်း၊ ဆက်လက်၍ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများကို ကျင်းပရာ စာရေးဆရာမ မအေးပွင့်က စာဖတ်ခြင်းအကျိုးကျေးဇူးခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဟောပြောကြောင်း သိရသည်။ ယင်းနောက် ပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်သည်။

အဆိုပါအခမ်းအနားတွင် ကျောင်းသား၊ ကျောင်းသူများအတွက် ခါးလှည့်ကွင်းဂိမ်း၊ ဘယ်ခြေညာလက်ပြိုင်ပွဲဂိမ်း၊ အင်္ဂလိပ်စာလုံးဆက်ဂိမ်း၊ စကားပုံဆက်ဂိမ်းနှင့် ဆန်ကောရွက်ပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **လှလှထွေး(ပြန်/ဆက်)**





# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ထို့နောက် ခင်စိန်ကြည်သည် ဈေးချိုမှ ပြန်လာ၍ မဂျမ်းပုံအိမ်တွင် မိမိရီ၊ မမကြီး တို့နှင့်တွေ့လျှင် မဂျမ်းပုံလည်း ၎င်းတို့နှင့်အတူ မောင်ထွန်းမြတ်အိမ်သို့ လိုက်လာလေ၏။ အိမ်သို့ရောက်လျှင် မဂျမ်းပုံသည် မယ်စောကိုခေါ်၍ "ဟဲ့ မယ်စော ဆရာမကြည့်ရတာ ဘယ်သူနဲ့တူတယ် ထင်သလဲ"

"ရှင် ဆရာမ မခင်ကြည်လား ..." "အေး" "ကျွန်မက တစ်ခါတလေတော့ သူ့အမူအရာ သွားပုံလာပုံက ကျွန်မတို့ မမလေးနဲ့တူတယ် ထင်မိတာပဲ၊ ကျွန်မလည်း ဒီအိမ်မှာတော့ မမလေးအကြောင်း မပြောဝံ့လို့ ဒီအကြောင်းကို ဘယ်သူ့မှ မပြောဝံ့ဘူး"

"မျက်မှန်ကြီးတပ်မထားတဲ့အခါ ညည်း မြင်ဖူးရဲ့လား"

"ဒီလိုတော့ မမြင်ဖူးဘူး အစ်မကြီးရဲ့" "ငါဒီကနေ့မြင်ရတယ်၊ တူလိုက်တာအေ၊ ဘယ့်နှယ်များတူတယ်လို့၊ ကြောက်တတ်တဲ့လူများဖြင့် ခင်စိန်ကြည်လာပြီး ကိုယ်ထင်ပြတယ်တောင် ထင်လောက်ရဲ့"

"ကျွန်မ ကြည့်စမ်းချင်တယ်ရှင်"

"အေး ... ဒါနဲ့ ခင်မောင်ကြီး ရောဂါတိုးပြန်ပြီဆို၊ ဆရာမကပြောတယ်၊ သူ့ပြောပုံတော့ စိုးရိမ်စရာပါလား"

"ဟုတ်တယ် အစ်မကြီးရေ့၊ ညတိုင်ကျမှဖြင့် ကလေးက သာပြီးဆိုးတယ်၊ သက်ဆိုးမှ ရှည်ပါ့မလားမသိဘူး"

တစ်နေ့သ၌ နေဝင်ရီတရောအချိန်ခန့်တွင် မိုးတိမ်တို့သည် တစ်မိုးလုံးပိတ်မှိုင်းလျက် ရွာသွန်းမည်ဟန်နှင့် အုံ့လျက်ရှိစဉ် လေကလည်း ဖြည်းညင်းစွာတိုက်နေရာမှ တဖြည်းဖြည်း ပြင်းထန်လာပြီးလျှင် သစ်ပင်ကြီးငယ်တို့ကို ညွတ်ကိုင်းယိမ်းယိုင်စေလေ၏။ ထို့ပြင် မိုးတိမ်တို့သည်လည်း လေသုတ်သဖြင့် ကောင်းကင်၌ ပြေးလွှားကွန့်မြူးကြဘိသကဲ့သို့ ထိုမှဤမှ လျင်မြန်စွာ ရွှေ့ပြောင်းလျက်ရှိနေကြလေ၏။

ခရီးသည်တို့သည်လည်း အသီးသီး အလုပ်မှပြန်လာကြ၍ မိုးမိမည်ကိုကြောက်ကြသည်နှင့် ခပ်သုတ်သုတ်သွားလာကြလျက်ရှိစဉ် ပြေပြစ်နူးညံ့သောအမူအရာရှိသည့်လူတစ်ယောက်သည် ဟောင်းနွမ်းသောအဝတ်တို့ကိုဝတ်ဆင်ပြီးလျှင် တောင်မြောက်လေးပါးကို မော်၍မကြည့်ဘဲ ဦးခေါင်းကိုချလျက် လျင်မြန်စွာလျှောက်လာရာ မောင်ထွန်းမြတ်၏အိမ်သို့ရောက်လျှင် ဝင်းထရံကိုကျော်၍ဝင်ကာ သစ်ပင်အုပ်လျက်ရှိသော ဝင်းထောင့်နား၌ မိမိရီနှင့်တွေ့လေ၏။ မောင်နှမနှစ်ယောက်တို့သည် နှုတ်ဆက်ကြပြီးလျှင် "ဘယ့်နှယ်နင် ကိုထွန်းမြတ်နဲ့ဆို၊ ဝမ်းသာတယ်ကွယ်၊ ဒါနဲ့ ဘာကိစ္စနဲ့ခေါ်သလဲ ငါ့ကို"

"မောင်သက်ညွန့် ရောက်လာပြီ အခု"

"ဟုတ်လား၊ ဒါကြောင့်လား"

"ဟုတ်တယ်၊ မန္တလေးမြို့အတွက် မြူနီစီပယ်လူကြီးတစ်ယောက် ရွေးဖို့ဟာ ကိုထွန်းမြတ်နဲ့ သူလာပြီးလုတယ်၊ ဟော... ကိုထွန်းမြတ်လည်းလာပြီ ဟိုက" မောင်ထွန်းမြတ်လည်း အနီးသို့ရောက်လာလျှင် "ရောက်လာပြီလားဟေ့ မောင်ဘချို ကဲ... မင့်အမှုကို စုံထောက်ကောင်းတဲ့ အင်စပက်တော်ကလေးကို ငါပြောပြပြီးပြီ၊ မင်းနဲ့လည်း သူကတွေ့ချင်သေးတယ်တဲ့၊ ကဲ... မိမိရီနဲ့ နောက်မှစကားပြောပေတော့၊ သူ့အိမ်ကိုသွားရအောင်လာ"

အင်စပက်တော် မောင်သန်းမောင်မှာ အမှုစုံထောက်ခြင်း၌ ကောင်းလှသည်နှင့် ဆပ်ကျောင်းမှထွက်ပြီး တစ်နှစ်အတွင်း တွင်ပင် အမှုများစွာစုံထောက်၍ ပေါ်ပေါက်လေရာ အင်စပက်တော်ရာထူးကို ချီးမြှင့်ခြင်းခံရလေ၏။ မောင်ထွန်းမြတ်လည်း ၎င်းအား မောင်ဘချို၏ အမှုအကြောင်းကို သေချာစွာပြောပြပြီးဖြစ်၍ ၎င်း၏အိမ်သို့ရောက်လျှင် မောင်ဘချိုဖြစ်ကြောင်းကို ပြောပြီး ၎င်းတို့နှစ်ယောက်ကို တိုင်ပင်ပြောဆိုစေကာ မိမိအိမ်သို့ပြန်နှင့်လေ၏။ မောင်ဘချိုလည်း မောင်သန်းမောင်နှင့် တစ်နာရီကျော်ကျော်ခန့် စကားပြောဆိုပြီးလျှင် အိမ်သို့ထွက်လာခဲ့လေ၏။

မိမိရီ၏မိခင် ဝန်ထောက်ကတော်၏ အိပ်မက်တွင် ဦးဘသာကိုသတ်သည်ဟု အိပ်မက်မက်သော မောင်လှအောင်သည် မန္တလေးမှထွက်ခွာ၍ အဝေးမြို့ရွာ၌ နေထိုင်လျက်နေရာမှ ကံအားလျော်စွာ အကြောင်းတစ်ခုခုနှင့် မန္တလေးသို့ရောက်လာလေ၏။ မောင်လှအောင်သည် သူငယ်ချင်းတစ်ယောက်နှင့် လမ်းလျှောက်ရင်း မောင်သက်ညွန့်နှင့် အခွန်ဝန်မင်းတို့ကို မြင်လျှင် မိမိသူငယ်ချင်းအား "ဟိုဘက်က ခေါင်းပေါင်းစထောင်ထောင်နဲ့ ဘယ်သူလဲဗျို့၊ ခင်ဗျားသိသလား"

"ဒီလူပေါ့ဗျ ကိုထွန်းမြတ်နဲ့လာလုတဲ့ သက်ညွှန့်ဆိုတာ၊ တယ်မျက်နှာပြောင်တဲ့ လူဗျာ၊ သူ့မယားလည်း ခိုးသေးရဲ့၊ သူနဲ့လည်း လာပြီးပြိုင်သေးရဲ့၊ တတ်လည်း တတ်နိုင်တဲ့လူဗျာ"

"ဒီလူလားဗျ သက်ညွန့်ဆိုတာ၊ ဒီလူဖြင့် ကျွန်တော်လည်း အသိသားပဲ၊ ဒီလူ ဘထွန်းမဟုတ်လားဗျ"

"ဘယ်က ဘထွန်းလဲဗျာ၊ သက်ညွန့်ပါလို့ဆို"ဟုပြောရင်း အနီးသို့ မျက်နှာချင်းဆိုင်မိကြလျှင် မောင်လှအောင်က သိကျွမ်းဟောင်းတွေ့သည့်မျက်နှာထားနှင့် နှုတ်ဆက်မည်ပြုလေလျှင် "မင်းက ငါ့ ဘာအရောဝင်သလဲ၊ မင်းကိုငါဘယ်တုံးကသိလို့လဲ၊ မင်းကဘာကောင်လဲ" ဟူ၍ ပါးစပ်ကမပြောသော်လည်း မျက်နှာထားနှင့် မောင်သက်ညွန့် ပြန်၍ကြည့်လေရာ မောင်လှအောင်မှာ လွန်စွာရှက်သွားလေ၏။

ထို့နောက် မောင်လှအောင်သည် မိမိတည်းခိုရာအိမ်သို့ရောက်လျှင် အင်စပက်တော် မောင်သန်းမောင်သည် အိမ်မှစောင့်နေနှင့်၍ –

"ကိုလှအောင်ဆိုတာ ခင်ဗျားမဟုတ်လား"

"ဟုတ်တယ်"

"မန္တလေးက ပြောင်းသွားတာ ဘယ်လောက်ကြာပြီလဲ"

"တော်တော်ကြာပြီ၊ ၄-၅ နှစ် ရှိသွားပြီ"

"ကိုဘထွန်းဆိုတာ ခင်ဗျားသိတယ်မဟုတ်လား"

"ရန်ကုန်သားလေ ဘာကိစ္စလဲ"

"ခင်ဗျားနဲ့ သိတယ်မဟုတ်လား"

"ဟိုတုန်းကတော့ မြင်ဖူးပါရဲ့"

"ဘယ်တုံးကလဲ"

"ခင်ဗျား ဘယ်သူလဲ"

"ဘယ်သူဖြစ်ဖြစ်ဗျာ၊ ကိစ္စရှိလို့ ခင်ဗျားကို မေးတာပေါ့"

"ခင်ဗျားကိစ္စက ဘာကိစ္စလဲ"

"ဘာကိစ္စဖြစ်ဖြစ်ဗျာ၊ ကျွန်တော်မေးခွင့်ရှိလို့မေးတာပေါ့၊ ကိုဘထွန်းဆိုတာ ဟိုတုန်းက ဆရာမလေးမအေးမြင့်ကို လာပြီးပိုးနေတယ်မဟုတ်လား၊ ဒီတုန်းက ခင်ဗျားသိတယ်မဟုတ်လား"

"ခင်ဗျားကို ဘယ်သူပြောလဲ"

"ကျွန်တော် သိတာပေါ့ဗျ"

"ခင်ဗျား သူ့အကြောင်းကောင်းကောင်း သိတယ်မဟုတ်လား"

"ကောင်းကောင်းတော့ မသိပါဘူးဗျာ၊ မြင်ဖူးတာပါပဲ"

"သိတော့ ခင်ဗျားသိတယ်ပေါ့လေ"

"ဟုတ်တယ်"

"ကျွန်တော်သွားဦးမယ်ဗျာ"ဟု ပြောပြီး မောင်သန်းမောင်သည် အိမ်ပေါ်မှဆင်းသွား၍ မနီးမဝေးရောက်သောအခါ အရပ်ဝတ်အရပ်စားနှင့် ပုလိပ်တစ်ယောက်ကို တွေ့လေရာ ၎င်းအား မောင်လှအောင်၏အိမ်အနီးမှ အမှတ်မဲ့ ချောင်းမြောင်းကြည့်ရှုပြီး မောင်လှအောင်သွားသည့်အရပ်ကို နောက်ယောင်ခံ၍ လိုက်ရန်မှာထားခဲ့ပြီးလျှင် အနောက်ပြင်သို့သွားသော မောင်သန်းမောင်သည် မောင်ဘထွန်း၏အကြောင်းကို စနည်းနာပြန်လေ၏။

၎င်းညတွင် မောင်လှအောင်သည် အိမ်ပေါ်မှဆင်း၍ လမ်းလျှောက်ထွက်သွားလျှင် မောင်သန်းမောင်ထားခဲ့သော ပုလိပ်လည်း နောက်ယောက်ခံ၍ လိုက်လေ၏။ အနည်းငယ်သွားမိလျှင် မီးတိုင်တစ်တိုင်အောက်တွင် လူတစ်ယောက်နှင့် မောင်သက်ညွန့် ရပ်၍စကားပြောသည်ကို တွေ့လေရာ မှောင်ရိပ်မှခို၍ ပုန်းလျှိုးကာစောင့်နေလေ၏။

ထို့နောက် မောင်သက်ညွန့်သည် ၎င်းလူနှင့်စကားပြောပြီး၍ ခွဲသွားလေသောအခါ မောင်သက်ညွန့်နောက်မှ မောင်လှအောင်က တစ်ဖန်လိုက်သွားသည်ကို မြင်ပြန်လေရာ ပုလိပ်လည်း မောင်လှအောင်နောက်မှ လိုက်လေ၏။

**ဆက်လက်ဖော်ပြပါမည်။**

## မအူပင်မြို့နယ်၌ အာလူးများဝယ်လိုအားကောင်း၍ လုပ်ငန်းလုပ်ကိုင်သူများအဆင်ပြေ

**မအူပင် စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်၌ အာလူးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း မအူပင်မြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ချိုချိုလွင်၏ပြောကြားချက်အရ သိရသည်။

မအူပင်မြို့နယ်၌ စက်တင်ဘာလ ဒုတိယပတ်မှစတင်ပြီး လက်ရှိအချိန်ထိ အာလူးများဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေသည်။

"လက်ရှိ အရောင်းအဝယ်ကောင်းနေတဲ့ အာလူးတွေက လတ်ဆတ်ပြီး အရည်အသွေးကောင်းမွန်ပါတယ်။ အခုလိုဝယ်လိုအားကောင်းပြီး အရောင်းအဝယ်လည်း ကောင်းလာတဲ့အတွက် အာလူးရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတွေအပြင် စိုက်ပျိုးသူတွေ၊ လုပ်သားတွေနဲ့ ကုန်တင်ယာဉ်မောင်းတွေပါ အဆင်ပြေလာပါတယ်"ဟု ဒေါ်ချိုချိုလွင်ကပြောသည်။

မအူပင်မြို့နယ်၌ ဥယျာဉ်ခြံစိုက်ဧက ၂၀၀၀၀ ခန့်ရှိပြီး အများအားဖြင့် အာလူးကို နုန်းတင်မြေနုများတွင် ရာသီအလိုက် စိုက်ပျိုးကြကြောင်း သိရသည်။

**သုတကျော်**

## ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံ(တောင်ပိုင်း) မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဟောပြောပွဲ၊ ကာယ၊ ဉာဏပြပွဲ၊ ပြိုင်ပွဲများကို စက်တင်ဘာလ ၁၅ ရက်က အမှတ်(၂၈) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂၈) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကျော်သန်းက အဖွင့်အမှာစကားနှင့် စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်အသုံးပြုခြင်း အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ကာယပြိုင်ပွဲများဖြစ်သော ခါးလှည့်ကွင်း၊ ဘောလုံးပစ်၊ ဒိုးဆက်၊ အရုပ်ဆက်၊ ခွက်ထပ်ပြိုင်ပွဲများကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။



ယင်းနောက် ပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်များကို တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**သန်းသန်းအေး**

## လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။**

**(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၁၂)ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏မေးမြန်းမှုများအပေါ် ဖြေကြားချက်မှကောက်နုတ်ချက်)**

▲ ရှေ့ဖုံးမှအဆက်

ရန်ကုန်မြို့မှထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့သို့ရောက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာတင်းရွှယ်ရှန်နှင့် နန်နင်းမြို့ လိယွမ်နိုင်ငံတော် ဧည့်ဂေဟာ၌ တွေ့ဆုံကာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိစဉ် နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးခဲ့မှုများနှင့် သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခဲ့မှုတို့အပေါ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ တရုတ်-မြန်မာစီးပွားရေးစင်္ကြံအောက်မှ စီမံကိန်းများအကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား အွန်လိုင်းလိမ်လည်မှုအပါအဝင် နယ်စပ်ဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးလုပ်ငန်းများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ဝင်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဦးညိုစောသည် လိယွမ်နိုင်ငံတကာ ကွန်ဖရင့်စင်တာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြကြောင်း သိရသည်။

**မြဝတီ**




## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

ဖျာပုံ စက်တင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာဗဟုသုတ တိုးပွားစေရန်၊ နှုတ်မှုစွမ်းရည်ထက်မြက်စေရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ စာပေဖတ်ရှုတတ်သည့် အလေ့အကျင့်ကောင်းများဖြစ်လာစေရန်၊ အသိပညာဗဟုသုတနှင့် ဘက်စုံထူးချွန်ထက်မြက်သော အနာဂတ်လူငယ်လူရွယ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဖျာပုံမြို့





သီရိမင်္ဂလာဓမ္မာရုံတော်ကြီး၌ကျင်းပသည်။

အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် ဖျာပုံမြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းမှကျောင်းအုပ်ဆရာကြီး ဦးကျော်ဇောကအဖွင့်အမှာစကားပြောကြားပြီး ဖျာပုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စမ်းစမ်းအေးက လူငယ်စကားဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ Grade- 11 မှ မလဝန်းချိုချိုက "လူငယ်နှင့် မူးယစ်ဆေးဝါး"၊ မပြည့်မှူးသက်ခင်က "လူငယ်နှင့်ကိုယ်ကျင့်တရား"၊ Grade - 10 မှမောင်စိုင်းဇာနည်ဖိုလ်က "လူငယ်နှင့် အားကစား"၊ မရှင်းမွန်သန့်က "လူငယ်နှင့်စာပေ" စသည့် ခေါင်းစဉ်တို့ကို တစ်ဦးချင်း ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားဆွေးနွေးပေးကြကြောင်း သိရသည်။

**နေကိုထိုက်**




➜ ကျောဖုံးမှအဆက်

လေထုမငြိမ်သက်မှုများဖြစ်ပေါ်နိုင်ခြင်းကြောင့် လည်းကောင်း စက်တင်ဘာလ ၁၆ ရက်မှ ၂၀ ရက်အတွင်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အတူလေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင်နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

# ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်းရန်ပုံငွေဖြင့် ခရမ်းချဉ်စိုက်ပျိုး

**ညောင်ရွှေ စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်းခြံကေလာ ကျေးရွာအုပ်စု အုန်းပင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း(RBF)ရန်ပုံငွေဖြင့် ခရမ်းချဉ်စိုက်ပျိုးနေမှုကို စက်တင်ဘာလ ၁၆ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက အုန်းပင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF) ရန်ပုံငွေ ငွေကျပ် ၁၅ သန်းဖြင့် ခရမ်းချဉ်စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးသည်။

ထို့နောက် ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်းသည် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)ကျေးရွာလုပ်ငန်းအဖွဲ့၊ ခရမ်းချဉ်စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့နှစ်ဖွဲ့မှ အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ဖြင့် အုန်းပင်ကျေးရွာ၌ ခရမ်းချဉ်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့နှစ်ဖွဲ့မှ အဖွဲ့ဝင် ၂၀ ဦးအတွက် ရန်ပုံငွေ ငွေကျပ် ၁၅ သန်း ထုတ်ချေးပေးထားသည်။

ထို့ပြင် တောင်သူများသည် အကျိုးအမြတ်ရှိသည့် သီးနှံထုတ်လုပ်မှုဖြစ်လာစေရန် တိုးတက်ဖွံ့ဖြိုးလာသည့် စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များနှင့်အညီ တွေးခေါ်ဆောင်ရွက်ရမည်ဖြစ်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများက စိုက်ပျိုးထုတ်လုပ်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိရာ တောင်သူများအနေဖြင့် သီးနှံထုတ်လုပ်မှု အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။



**ဟိန်းထက်စိုး(မလှိုင်)**

# ပိုးသတ်ဆေးစနစ်တကျကိုင်တွယ်သုံးစွဲနည်းပညာပေးသင်တန်း တမူးမြို့နယ်၌ဖွင့်လှစ်

**တမူး စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပိုးသတ်ဆေး စနစ်တကျကိုင်တွယ်သုံးစွဲနည်းပညာပေးသင်တန်းကို စက်တင်ဘာလ ၁၅ ရက်က ဖွင့်လှစ်သည်။

ဦးစွာ တမူးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသိန်းက ပိုးသတ်ဆေးစနစ်တကျကိုင်တွယ်သုံးစွဲနည်း ပညာပေးသင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးကျော်တိုးဝင်းက လယ်ယာမြေနှင့် မြေလွတ်မြေရိုင်းများ၊ စီမံကိန်းမြေများပေါ်တွင် ကျူးကျော်ဆောင်ရွက်မှုများ မရှိစေရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်စေရေးကိုလည်းကောင်း၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးဆန်းလင်းထွန်းက လက်ဆွဲမျိုးစေ့ချကိရိယာ (Drum Seeder) အသုံးပြုနည်းများကိုလည်းကောင်း အသိပညာပေး ရှင်းလင်းဆွေးနွေးပြီး တောင်သူများ၏ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ပိုးသတ်ဆေးစနစ်တကျကိုင်တွယ်သုံးစွဲနည်း ပညာပေးသင်တန်းသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**ရန်ကင်း**

# ရမည်းသင်းမြို့နယ်၌ အခြေခံလျှပ်စစ် သံဂဟေဆက်နည်း သင်တန်းဆင်း


**ရမည်းသင်း စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်ရှိ ရမည်းသင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံးမှ လူငယ်များအား အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရေး လုပ်ငန်းစီမံကိန်းဖြင့် ဖွင့်လှစ်သော အခြေခံလျှပ်စစ်သံဂဟေဆက်နည်းသင်တန်းဆင်းပွဲကို စက်တင်ဘာလ ၁၅ ရက်က ရွှေဒါးသာစည်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြတ်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထိုက်တန်က သင်တန်းဖွင့်လှစ်ခြင်းဖြင့် တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးပွားလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသားများ လက်တွေ့ပြုလုပ်ထားသည့် သံဂဟေဆက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုကာ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထိုက်တန်က သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံရယူကြောင်း သိရသည်။

**ဟိန်းပြည့်ဖော်(ပြန်/ဆက်)**




# ဂျပန်နိုင်ငံနားလည်မှုမြှင့်တင်ရေးဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၆**

ဂျပန်ဖောင်ဒေးရှင်းသည် ဂျပန်နိုင်ငံ၏ မန်ဂယဉ်ကျေးမှုနှင့် နိုင်ငံခြားယဉ်ကျေးမှုများကို သုတေသနပြုလုပ်ခြင်း၏ စိတ်ဝင်စားဖွယ်ဆွဲဆောင်မှုများအား အဓိကအကြောင်းအရာအဖြစ် ထားရှိသည့် ဂျပန်နိုင်ငံနားလည်မှုမြှင့်တင်ရေးဆွေးနွေးပွဲကို မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းအသင်း (MAJA) နှင့် Myanmar Book Plaza တို့ပူးပေါင်း၍ စက်တင်ဘာလ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံ၏ မန်ဂယဉ်ကျေးမှုနှင့် မြန်မာ့ရိုးရာဂီတကို သုတေသနပြုလုပ်နေသည့် ဂျပန်လူမျိုး သုတေသနပညာရှင်များအား ဖိတ်ကြားထားပြီး ၎င်းတို့၏ သက်ဆိုင်ရာအထူးပြုဘာသာရပ်များအပြင် ယဉ်ကျေးမှုမှတစ်ဆင့် လူထုနှင့်ထိတွေ့ဆက်ဆံခြင်းနှင့် ယဉ်ကျေးမှုသုတေသနပြုလုပ်ခြင်း၏ စိတ်ဝင်စားဖွယ်ကောင်းပုံများကို ဆွေးနွေးမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲ၌ စက်တင်ဘာလ ၂၆ ရက်တွင် လူဦးရေ ၁၀၀ နှင့် စက်တင်ဘာလ ၂၇ ရက်တွင် လူဦးရေ ၇၀အား ဦးသူစနစ်ဖြင့် လက်ခံမည်ဖြစ်ပြီး လွတ်လပ်စွာ ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်တင်**

# ကွင်းဆင်းဆေးကုသရေးအဖွဲ့မှ ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်ပေး

**မြစ်သား စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် တိုင်းရင်းဆေးကုဌာန ကွင်းဆင်းဆေးကုသရေးအဖွဲ့မှ အခြေခံပညာမူလတန်းကျောင်း (ကင်းစိန်ဈေး)၌ ကျောင်းသား၊ ကျောင်းသူများအား စက်တင်ဘာလ ၁၅ ရက်က နယ်လှည့်ကွင်းဆင်းဆေးကုသပေးသည်။

ရှေးဦးစွာ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်စိုပြေဝင်းက ကျောင်းသား၊ ကျောင်းသူများကို အပူကြောင့်ဖြစ်သော ခေါင်းမူးခြင်း၊ ချွေးထွက်များခြင်းနှင့် အပူလျှပ်ခြင်းအကြောင်း အသိပညာပေးဟောပြောသည်။ ဆက်လက်၍ မြို့နယ်တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများက ဆေးဝါးကုသရန်လိုအပ်သည့် ကျောင်းသား၊ ကျောင်းသူများအား သဲဝဲစားခြင်းနှင့် အရေပြားရောဂါများ ကုသပေးခြင်း၊ တိုင်းရင်းဆေးဝါးသောက်ဆေးများနှင့် လိမ်းဆေးပေးခြင်းများ ဆောင်ရွက်သည်။

မြစ်သားမြို့နယ် တိုင်းရင်းဆေးကုဌာန ကွင်းဆင်းဆေးကုသရေးအဖွဲ့မှ အခြေခံပညာကျောင်းများသို့ သတ်မှတ်ရက်များအလိုက် နယ်လှည့်ကွင်းဆင်းကုသပေးလျက်ရှိကြောင်း သိရသည်။



**ဝါဝါမြင့်(မြစ်သား)**

# ပန်းငရုတ်ပွ၏ကျန်းမာရေးအကျိုးကျေးဇူးများ



ပန်းငရုတ်ပွသည် အာဟာရဓာတ်ကြွယ်ဝသည့်အပြင် လူကြိုက်များသော ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်သည်။ ပန်းငရုတ်ပွသည် စပ်သောငရုတ်သီးများနှင့် အမျိုးအစားတူသော်လည်း သဘာဝမျိုးဗီဇအရ အစပ်ဓာတ်ပါဝင်မှုကင်းမဲ့သည့် ငရုတ်သီးအမျိုးအစားဖြစ်သည်။

ပန်းငရုတ်ပွသည် ပူနွေးစိုစွတ်သောရာသီဥတုကိုနှစ်သက်ပြီး မီးဖိုချောင်သုံးဟင်းသီးဟင်းရွက်အဖြစ်လည်းကောင်း၊ စီးပွားဖြစ်လည်းကောင်း စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံတွင် ပန်းငရုတ်ပွကို ရှမ်းပြည်နယ်နှင့် မြေလတ်ဒေသများတွင် အများဆုံးစိုက်ပျိုးကြသည်။

ပန်းငရုတ်ပွကို အနောက်နိုင်ငံများတွင် အစိမ်းအတိုင်း အသုပ်သုပ်စားခြင်း၊ အစာသွတ်မီးကင်စားခြင်းနှင့် ဆော့စ်များပြုလုပ်ရာတွင် အဓိကအသုံးပြုကြသည်။ မြန်မာတို့၏မီးဖိုချောင်တွင် ပန်းငရုတ်ပွကို အစိမ်းကြော်များတွင် ထည့်သွင်းအသုံးပြုခြင်း၊ အသား၊ ပုစွန်တို့ဖြင့်ရောကြော်ခြင်း၊ အကင်ဆိုင်များတွင် အသားများနှင့်သီကပ်ကင်ခြင်း၊ သုပ်စားခြင်းနှင့် အချဉ်ထုတ်ရာတွင် ထည့်သွင်းစားသုံးကြသည်။

ပန်းငရုတ်ပွသည် အဓိကအားဖြင့် အဝါ၊ အစိမ်း၊ အနီနှင့် ခရမ်းရောင်ဟူ၍ အရောင်မျိုးစုံရှိသည်။ အစိမ်းရောင်ပန်းငရုတ်ပွသည် မမှည့်သေးသည့်အသီးဖြစ်ပြီး အရသာမှာ အနည်းငယ်ခါးသက်သက်ရှိ၍ အနံ့သင်းပြီး မှည့်သွားသည့်အခါ အဝါနှင့် အနီရောင်များအဖြစ်ပြောင်းလဲလာပြီး ချိုမြိန်သောအရသာနှင့် အာဟာရဓာတ်ပိုမိုကြွယ်ဝလာသည်။

ပန်းငရုတ်ပွတွင် ကယ်လိုရီ၊ ရေဓာတ်၊ ပရိုတင်း၊ ကာဗိုဟိုက်ဒရိတ်၊ သကြားဓာတ်၊ အမျှင်ဓာတ်နှင့် အဆီဓာတ်တို့ပါဝင်သည်။ ကိုယ်ခံအားကိုအားဖြည့်ပေးသော ဗီတာမင်- C၊ သွေးနီဥဆဲလ်များကိုဖြစ်ပေါ်စေသော ဗီတာမင်- B6 ၊ အရိုးများကိုသန်မာစေပြီး သွေးခဲစေရန်အားဖြည့်ပေးသော ဗီတာမင်- K1 ၊ နှလုံးကျန်းမာစေသော ပိုတက်ဆီယမ်၊ ခန္ဓာကိုယ်ကျန်းမာစေသော ဖောလိတ်ဓာတ်၊ အာရုံကြောနှင့်ကြွက်သားများကိုသန်မာစေသော ဗီတာမင်- E နှင့် အမြင်အာရုံကျန်းမာစေသော ဗီတာမင်- A တို့ ပါဝင်သည်။

ပန်းငရုတ်ပွ ၁၀၀ ဂရမ်တွင် စွမ်းအင်၂၆ ကီလိုကယ်လိုရီ၊ ရေဓာတ် ၉၂ ရာခိုင်နှုန်း၊ အမျှင်ဓာတ် ၂.၁ ဂရမ်၊ ဗီတာမင်- C ၁၂၇.၇ မီလီဂရမ် (နေ့စဉ်လိုအပ်ချက်ထက်ပိုပါဝင်သောပမာဏ)၊ ဗီတာမင်-A ၃၁၃၁ အိုင်ယူ၊ ဗီတာမင်-B6 ၊ ဗီတာမင်-K1 ၊ ပိုတက်ဆီယမ်ဓာတ်နှင့် ဖောလိတ်ဓာတ်တို့သင့်တင့်စွာပါဝင်နေပြီး ဓာတ်တိုးဆန့်ကျင်ပစ္စည်းများဖြစ်သည့် Capsanthin ၊ Quercetin နှင့် Lutein တို့လည်းပါဝင်သည်။ ပန်းငရုတ်ပွသည် ဟင်းလျာအဖြစ်ချက်ပြုတ်စားသောက်နိုင်ရုံသာမက ကျန်းမာရေးအကျိုးကျေးဇူးများစွာလည်း ပေးစွမ်းနိုင်သည်။

**အစာခြေစနစ်ကိုကောင်းမွန်စေနိုင်**

ပန်းငရုတ်ပွတွင် အမျှင်ဓာတ်ပါဝင်နေသောကြောင့် အစာခြေစနစ်ကိုကောင်းမွန်စေရန် အားဖြည့်ပေးပြီး အူနံရံများကို အာဟာရစုပ်ယူမှုကောင်းစေရန် အားဖြည့်ပေးကာ ဝမ်းမှန်စေသည်။

**ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေလျှော့ချပေးနိုင်**

ပန်းငရုတ်ပွတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်း Capsanthin ၊ Quercetin နှင့် Lutein တို့ ကြွယ်ဝစွာပါဝင်သဖြင့် ဆဲလ်များပျက်စီးမှုကို ကာကွယ်ပေးပြီး ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ချပေးသည်။

**မျက်စိကိုကာကွယ်ပေးနိုင်**

ပန်းငရုတ်ပွတွင် ဗီတာမင်-A နှင့် Lutein တို့ပါဝင်သောကြောင့် အမြင်အာရုံကို အထောက်အကူပြုပြီး Lutein နှင့် Zeaxanthin ဓာတ်များက အသက်အရွယ်ကြောင့်ဖြစ်တတ်သော မျက်စိကွယ်ခြင်းနှင့် အတွင်းတိမ်ဖြစ်ခြင်းမှလည်း ကာကွယ်ပေးသည်။

**အသားအရေလှပစေနိုင်**

ပန်းငရုတ်ပွတွင် ဗီတာမင်- C ပါဝင်သောကြောင့် ကော်လာဂျင်ထွက်ရှိစေရန် လှုံ့ဆော်ပေးနိုင်ပြီး အရေပြားကိုနုပျိုလှပစေသည်။ ကော်လာဂျင်က အသားအရေကို ကောင်းမွန်စေသကဲ့သို့ အရေပြားပြဿနာအတော်များများကို သက်သာစေနိုင်သောကြောင့် အသားအရေလှပလိုသူများ စားသင့်သည်။

**ခုခံအားစနစ်ကိုမြှင့်တင်ပေးနိုင်**

ပန်းငရုတ်ပွတွင် သံပရာသီးနှင့် လိမ္မော်သီးထက် ဗီတာမင်- C ဓာတ်ပိုမိုပါဝင်သဖြင့် ခန္ဓာကိုယ်၏ခုခံအားစနစ်ကို မြှင့်တင်ပေးနိုင်သောကြောင့် ဗီတာမင်- C ကြွယ်ဝသော ပန်းငရုတ်ပွကို ကိုယ်ခံအားကောင်းမွန်စေရန် စားသုံးသင့်သည်။

**အသက်ရှူလမ်းကြောင်းကောင်းမွန်စေနိုင်**

ပန်းငရုတ်ပွသည် အသက်ရှူလမ်းကြောင်းကျန်းမာရေးအတွက် ကောင်းမွန်စေပြီး သွေးလည်ပတ်မှုကို အထောက်အကူပြုပေးနိုင်သည်။

**သွေးအားကောင်းစေနိုင်**

ပန်းငရုတ်ပွတွင် ဗီတာမင်-C နှင့် သံဓာတ်တို့ ပေါင်းစပ်ပါဝင်သဖြင့် အစားအစာများမှ သံဓာတ်စုပ်ယူမှုကို နှစ်ဆတိုးတက်စေပြီး သွေးအားကောင်းစေကာ သံဓာတ်အားနည်းမှုကြောင့် အဖြစ်များသည့် သွေးအားနည်းရောဂါဖြစ်ပွားမှုမှ ကာကွယ်ပေးနိုင်သည်။

**ကိုယ်အလေးချိန်ထိန်းညှိပေးနိုင်**

ပန်းငရုတ်ပွတွင် ကယ်လိုရီပါဝင်မှုနည်းပါးပြီး ရေဓာတ်နှင့်အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်သောကြောင့် ကိုယ်အလေးချိန် လျှော့ချလိုသူများအတွက် အထူးသင့်လျော်သည်။

**သန္ဓေသားကိုအာဟာရဖြစ်စေနိုင်**

ပန်းငရုတ်ပွတွင် ပါဝင်သော အာဟာရဓာတ်များနှင့် သတ္တုဓာတ်များကြောင့် ကိုယ်ဝန်ဆောင်များစားသုံးခြင်းဖြင့် သန္ဓေသားကို အာဟာရဖြစ်စေသည်။

**နာတာရှည်ရောဂါများကိုကာကွယ်ပေးနိုင်**

ပန်းငရုတ်ပွစားသုံးပေးခြင်းဖြင့် နာတာရှည်ကျန်းမာရေးပြဿနာများဖြစ်သည့် လေဖြတ်ခြင်း၊ အမျိုးအစား- ၂ ဆီးချိုသွေးချိုရောဂါ၊ သွေးတိုးနှင့် ကင်ဆာရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ပေးနိုင်သည်။

ပန်းငရုတ်ပွသည် ကျန်းမာရေးအတွက်အထောက်အကူဖြစ်စေသော်လည်း တချို့သူများတွင် အဖုအပိမ့်ထခြင်း၊ ယားယံခြင်း စသည့်ဓာတ်မတည့်ခြင်း၊ အစိမ်းအတိုင်း အလွန်အကျွံစားသုံးပါက အမျှင်ဓာတ်အလွန်များပြားပြီး လေပွခြင်း၊ ဗိုက်အောင့်ခြင်း၊ မအီမသာဖြစ်ခြင်း၊ အခွံပါးသောသီးနှံဖြစ်၍ မစားမီ သေချာစွာ မဆေးကြောပါက စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးကြွင်းကျန်များ ခန္ဓာကိုယ်တွင်းရောက်ရှိနိုင်ခြင်းတို့ကြောင့် သတိပြုစားသုံးသင့်သည်။

ပန်းငရုတ်ပွကို အပူအလွန်အကျွံပေးပါက ယင်းတွင်ပါဝင်သော ဗီတာမင်- C ဓာတ်များ လျော့နည်းသွားနိုင်သဖြင့် အစိမ်းသုပ်စားခြင်း၊ မီးအနည်းငယ်ဖြင့် အမြန်ကြော်စားခြင်း သို့မဟုတ် အကင်အဖြစ် စားသုံးခြင်းက အာဟာရဓာတ်ကို အပြည့်အဝရရှိစေသည်။

ပန်းငရုတ်ပွသည် အမြင်အာရုံကိုထိန်းသိမ်းပေးခြင်း၊ အရေပြားကျန်းမာရေးအတွက်ကောင်းမွန်ခြင်း၊ အသက်ရှူလမ်းကြောင်းကျန်းမာရေးအတွက်ကောင်းမွန်စေခြင်း၊ သွေးလည်ပတ်မှုကိုကူညီပေးနိုင်ခြင်း၊ ကိုယ်ခံအားကောင်းမွန်စေခြင်း၊ သန္ဓေသားအတွက် အာဟာရဖြစ်စေခြင်း၊ ကိုယ်အလေးချိန်ကျစေနိုင်ခြင်း၊ အစာခြေစနစ်အတွက်ကောင်းမွန်ခြင်း၊ အောက်ဆီဂျင်ဓာတ်တိုးပစ္စည်းများပါဝင်ခြင်း၊ ရောင်ရမ်းမှုများကိုလျော့ကျစေခြင်း၊ အာရုံကြောစနစ်အတွက် ကောင်းမွန်စေခြင်း စသည့်ကောင်းကျိုးများစွာရှိပြီး ဆိုးကျိုးအနည်းငယ်သာရှိသောကြောင့် ပန်းငရုတ်ပွကို သင့်တင့်မျှတစွာစားသုံးသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ဒေါက်တာလပြည့်ခင်**

# ချောင်းသာမြို့၌ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းသုံးမျိုးဖွင့်



**ချောင်းသာ စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ချောင်းသာမြို့ရှိ Azura Resort Beach Hotel ၌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းတို့၏ဦးဆောင်မှုဖြင့် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းသုံးမျိုး ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးအောင်စန်းချစ်က ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဟိုတယ်လုပ်ငန်းများတွင် အရည်အသွေးပြည့်ဝသည့် ဝန်ဆောင်မှုများ ပေးအပ်နိုင်ရေးနှင့် ဝန်ဆောင်မှုပေးသူများ၏ ကျွမ်းကျင်မှု၊ အရည်အချင်းများ မြှင့်တင်ပေးနိုင်ရေးတို့အတွက် ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်၊ သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များနှင့် သင်တန်းတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားကြသည်။

အဆိုပါသင်တန်းကို သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၂၇ ဦး တက်ရောက်ကြပြီး သင်တန်းကို စက်တင်ဘာလ ၁၄ ရက်မှ အောက်တိုဘာလ ၉ ရက်အထိ သင်ကြားပို့ချပေးလျက်ရှိသည်။

ယင်းသင်တန်းတွင် ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများကို အရည်အသွေးပြည့်ဝစွာ ဆောင်ရွက်ပေးနိုင်ရေး၊ လုပ်ငန်းခွင်၌ လိုအပ်သည့် အသိပညာ၊ ကျွမ်းကျင်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာ အရည်အချင်းများ တိုးတက်လာစေရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်း(ပြန်/ဆက်)**

# မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ မန္တလေးမြို့၌ ကျင်းပမည်

**မန္တလေး စက်တင်ဘာ ၁၆**

မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှကြီးမှူးပြီး မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို မန္တလေးမြို့၌ ယခုလအတွင်း ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် မျိုးဆက်သစ်လက်ဝှေ့ကစားသမားများ ပါဝင်သည့် တွဲဆိုင်း ၁၄ ဆိုင်းပါဝင်ပြီး မင်းသစ်တိုးနှင့်ဝေယံ၊ ငမန်းပေါက်နှင့် ကျားပေါက်စ၊ တိုးကျော်နှင့် ငလက်မ၊ ဟိန်းဇော်နှင့် ဟန်မင်းညို၊ ခန့်ဇင်ဖြိုးနှင့် ကျားပေလုံး၊ စိုးလင်းနိုင်နှင့် အောင်မိုးဟိန်း၊ ဖိုးသားနှင့် ကျော်ကျော်လင်း၊ ဟိန်းမင်းထက်နှင့် ထွန်းလင်းလက်၊ ကောင်းမြတ်သူနှင့် အာရှတံခွန်၊ ကောင်းထက်ဟိန်းနှင့် ကျောက်ရိုင်း၊ အောင်နိုင်နိုင်နှင့် ဖွဲမာန်၊ ဖွဲသီဟနှင့် ရှင်းခန့်မင်း၊ နေမင်းခန့်နှင့် သူရဇော်၊ အောင်မြတ်ထွဋ်နှင့် ပေါက်ကြီးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသည် မြန်မာ့ရိုးရာလက်ဝှေ့၏အစဉ်အလာကို ထိန်းသိမ်းမြှင့်တင်ပြီး မျိုးဆက်သစ်လက်ဝှေ့ အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပသည့်ပြိုင်ပွဲဖြစ်ပြီး စက်တင်ဘာလ ၂၀ ရက်တွင် မန္တလေးမြို့ရှိ မန္တလာသီရိ အားကစားရုံအသေး၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဝန်းရံခ**

# စစ်ကိုင်းမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အခမ်းအနားကျင်းပ

**စစ်ကိုင်း စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ကြီးမှူး၍ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို အခြေခံပညာ အထက်တန်းကျောင်း(ရွှေမင်းဝံ) ပညာရောင်ခြည်ခန်းမ၌ စက်တင်ဘာလ ၁၆ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိကျော်က ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံနှင့် ကျင်းပရသည့်ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် Video Clip အား ပြသသည်။



ယင်းနောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ကျောင်းသား၊ ကျောင်းသူများအား ဆုများအသီးသီးပေးအပ်ကြောင်း သိရသည်။

နေလင်းအောင်(ပြန်/ဆက်)

# မြက်နု ရေကြည်

♦ ဘဝပန်းချီ၊ အလှပီရေး
ရေကြည်စမ်းကျ သာပါမှ။
♦ ဘဝတစ်ခု၊ လှပမှုတွက်
မြက်နုချိုမြ စိုပါမှ။
♦ ရေကြည်ရာ၌
သူငါချမ်းမြ နေလိုလှ။
♦ မြက်နုရာ၌
သူငါမွေ့ရှင် နေလိုချင်။
♦ လိုအပ်ခြေခံ၊ ဖြည့်ဆည်းရန်ဟု
လူမှန်သမျှ၊ ပူပန်ရသည့်
ဘဝအမော၊ ဆန္ဒဇောဖြင့်
သာသောသူ့မြေ၊ မြက်နုဝေရာ
ရေကြည်ရပ်ဆီ၊ လှမ်းကြမည်လော
ဤသို့မဟုတ်၊ နောက်မဆုတ်တမ်း
အားထုတ်နေ့ညာ၊ ဖွဲလုံ့လနှင့်
ဒေသကိုယ့်မြေ၊ မြက်နုဝေလျက်
ရေစင်ချမ်းကြည်၊ ဖန်တီးမည်လော
နောင်ညီစည်းဝေး၊ ကြံဆတွေးကာ
အရေးသစ်သစ်၊ သမိုင်းခေတ်ကို
ထုဆစ်နိုင်ကြ စေသတည်း ။ ။

**ချစ်စုအောင်**



# သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေး အသိပညာပေး

**လားရှိုး စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ စက်တင်ဘာလ ၁၆ ရက်နံနက်ပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ကလေးငယ်များအတွက် သဘာဝဘေး အန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေး အသိပညာပေးခြင်းနှင့်လက်တွေ့သရုပ်ပြသခြင်းကိုကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးအရာရှိဦးမင်းမင်းသစ်က ကလေးငယ်များအတွက် သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအကြောင်းအရာများကိုလည်းကောင်း၊ မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဖြစ်ပွားလာပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာများကိုလည်းကောင်း၊ ကလေးငယ်များတွင် စိမ့်ဝင်ပျံ့နှံ့စေရန် သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းပြောကြားသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပရဟိတအသင်းသားများက လက်တွေ့သရုပ်ပြသခဲ့ရာကျောင်းသား၊ ကျောင်းသူလေးများက စိတ်ဝင်တစားကြည့်ရှုကြပြီး သိရှိလိုသည်များအားမေးမြန်းခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အောင်မေတ္တာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်နှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းသား၊ အသင်းသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြကြောင်းသိရသည်။ **(ဖဝဓ)**

# ကျောင်းကောင်စီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ငွေဆောင် စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ အခြေခံပညာအထက်တန်းကျောင်း( ခွဲ) ရှောက်ချောင်း၏ မိုးရာသီကျောင်းကောင်စီ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁၅ ရက်နံနက်ပိုင်းတွင် အဆိုပါကျောင်းဘောလုံးကွင်း၌ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မူလတန်းအောက်ဆင့်ကျောင်းသူလေးများက ပန်းဖွားအကဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူလေးများက Physical Fitness Dance ဖြင့်လည်းကောင်း ကပြဖျော်ဖြေကြသည်။

ထို့နောက် မြို့အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းကိုက အဖွင့်အမှာစကားပြောကြားပြီး အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရှောက်ချောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာဦးက ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် မိုးရာသီကျောင်းကောင်စီဘောလုံးပြိုင်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အားကစားသမားများက အဖွင့်ပွဲစဉ်အဖြစ် ဗန္ဓုလအသင်းနှင့် ကျန်စစ်သားအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြောင်း သိရသည်။

ကျော်လင်းဦး(ပြန်/ဆက်)

**MWD Variety Channel**

**၁၇-၉-၂၀၂၆(ကြာသပတေးနေ့)**

၁။ ၁၀:၅၀ ဖန်တီးသူတို့အနုပညာ
၂။ ၁၁:၄၅ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ဖို့ MSME လုပ်ငန်းများ မြှင့်တင်စို့
၃။ ၁၃:၃၅ ကဗျာအလှ ရသလွင်ပြင်
၄။ ၂၁:၁၀ ကွယ်လွန်ထင်ရှား အနုပညာရှင်များ (ဝါရင့်သရုပ်ဆောင်- ဦးပလာတာ)

# ချမ်းအေးသာစံမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**ချမ်းအေးသာစံ စက်တင်ဘာ ၁၆**

ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ်ကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၄) အခြေခံပညာမူလတန်းလွန်ကျောင်းတို့ ပူးပေါင်းကာ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို အဆိုပါကျောင်းရှိ ခန်းမဆောင်၌ စက်တင်ဘာလ ၁၆ ရက် နံနက်ပိုင်းက ဆောင်ရွက်ကြောင်းသိရသည်။



ရှေးဦးစွာ အမှတ်(၄)အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာကြီး ဦးချစ်သန်းက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက်ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က ကျောင်းသား၊ ကျောင်းသူများ သိရှိလိုက်နာစေရန်အတွက် ဗလငါးတန်နှင့် ပတ်သက်သည့် အကြောင်းအရာများ၊ လူငယ်များ၏ဘဝတက်လမ်းကို တားဆီးစေနိုင်သည့် မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးများ၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ သိကောင်းစရာ အကြောင်းအရာများအား ရှင်းလင်းပြောကြားသည်။

အဆိုပါလူငယ်ရေးရာအသိပညာပေးဟောပြောပွဲသို့ မန္တလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ၊ အမှတ်(၄)အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။

**ချမ်းမြေ့မောင်**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောင်ပန်းမြို့ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စက်တင်ဘာလ ၁၅ ရက်တွင် အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်-၇၀၀ ၌ စုပေါင်းသွေးလှူဒါန်းရာ အမှတ်(၄) ရဲလေ့ကျင့်ရေးကျောင်းမှကျောင်းအုပ်ကြီး ရဲမှူးကြီးဇော်မိုးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

ဇော်မျိုး

# ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များ အသုံးပြု၍ ရက်-၉၀ စပါးများစတင်ရိတ်သိမ်း

**သဲကုန်း စက်တင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်ရှိ ကျေးရွာတချို့၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ရက်-၉၀ စပါးများအား ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များ အသုံးပြု၍ စတင်ရိတ်သိမ်းလျက်ရှိသည်။

ဒေသခံတောင်သူများအနေဖြင့် ၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ရက်-၉၀ စပါးများ ဖြစ်သော ဗီယက်နမ်၊ ရတနာတိုး၊ ထိုင်းနံ့ကောက်စပါးများကို ဇွန်လဆန်းက စတင်စိုက်ပျိုးခဲ့ပြီး စပါးများစိုက်ပျိုးရာတွင် အခက်အခဲမရှိ စိုက်ပျိုးနိုင်စေရန်၊ စိုက်နည်းစနစ်မှန်ကန်စေရန်၊ ဓာတ်မြေဩဇာ အသုံးပြုနည်းစနစ်များ မှန်ကန်စေရန် မွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၏ ညွှန်ကြားမှုဖြင့် စနစ်တကျ ပျိုးထောင်စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာ (Drum Seeder) ဖြင့် စိုက်ပျိုးခြင်း၊ ကောက်စိုက်စက်/လက်ဆွဲကောက်စိုက်စက်တို့ဖြင့် စိုက်ပျိုးခြင်းတို့ဆောင်ရွက်ခဲ့သည်။

ယခုအခါ စပါးများရင့်မှည့်လာ၍ တောင်သူများအနေဖြင့် ရိတ်သိမ်းရာတွင် အလေ့အလွင့်ဆုံးရှုံးမှုမရှိစေရေး ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များကို အသုံးပြုကာ ရိတ်သိမ်းခြင်း ဆောင်ရွက်လျက်ရှိပြီး ကုန်သည်များက ကွင်းအရောက် လာရောက်ဝယ်ယူကြသဖြင့် တောင်သူများ ပိုမိုအဆင်ပြေလျက်ရှိကြောင်း သိရသည်။



**ကိုကျော် (သဲကုန်း)**

# ကျောက်ဆည်မြို့၌ ကျန်းမာရေးမှူး(၄) သင်တန်းဖွင့်

**ကျောက်ဆည် စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီးကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ စက်တင်ဘာလ ၁၅ ရက်က ကျန်းမာရေးမှူး(၄) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမန်ကိုဟောက သင်တန်းကာလအတွင်း စာတွေ့လက်တွေ့သင်ယူကြရန်၊ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ကြိုးစားဆောင်ရွက်ရန်နှင့် အရည်အချင်းပြည့်ဝသော ကျန်းမာရေးဝန်ထမ်းကောင်းများ ဖြစ်ကြစေရေးကြိုးစားကြရန် ပြောကြားသည်။

ထို့နောက် ကျောက်ဆည်ခရိုင် အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဇင်ဇင်သန်းဝေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ကျန်းမာရေးမှူး(၄) တို့၏ အရေးပါသည့်အခန်းကဏ္ဍအကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေါက်တာ မင်းထက်စိုးက ပြန်လည်ဖြေကြားပေးသည်။

အဆိုပါသင်တန်းသို့ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး၊ မြင်းခြံ၊ နွားထိုးကြီးမြို့နယ်များမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# တောင်ဥက္ကလာပမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းခရိုင် တောင်ဥက္ကလာပမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို စက်တင်ဘာလ ၁၅ ရက်က အမှတ်(၅) ရပ်ကွက်ရှိ အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၇) အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဆွေနှင်းက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ပြုလုပ်ရခြင်းရည်ရွယ်ချက်နှင့် လူငယ်နှင့်စာပေခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။ ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်း Book Club အဖွဲ့ဝင် စာရေးဆရာမ မြမဥ္ဇူဝေ(ကျုံမငေး)က စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ခြင်းအကျိုးကျေးဇူးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ထို့နောက် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ဂိမ်းပြိုင်ပွဲများ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။ အဆိုပါပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများနှင့် ဆုလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်သည်။

အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

# ဒုတိယအကြိမ်မြောက် Myanmar Auto & Parts Expo 2026 ပြပွဲ ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၆**

ဒုတိယအကြိမ်မြောက် Myanmar Auto & Parts Expo 2026 ပြပွဲကို စက်တင်ဘာလ ၂၅ ရက်မှ ၂၇ ရက်အထိ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း အင်းလျားလိတ်ဟိုတယ်ဝင်းအတွင်းရှိ Yangon Convention Center(YCC) ၌ ကျင်းပမည်ဖြစ်သည်။

ပြပွဲတွင် ကားအတွက် လိုအပ်သည့် တာယာ၊ အင်ဂျင်ဝိုင်နှင့် တခြားသော ကားအပိုပစ္စည်းများကို ပြည်တွင်း၊ ပြည်ပကုမ္ပဏီများက ပြသမည်ဖြစ်ပြီး ပစ္စည်းမိတ်ဆက်ခြင်း၊ ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများနှင့် Brand New ကားများပါ ပြသမည်ဖြစ်ရာ အိမ်စီး၊ လုပ်ငန်းသုံးနှင့် EV ကားအစုံကို လက်ငင်း၊ အရစ်ကျစနစ် နှစ်မျိုးစလုံးဖြင့် တစ်နေရာတည်းတွင် ဝယ်ယူနိုင်မည်ဖြစ်သည်။

အလားတူ Taiwan Pavilion မှ ပါဝင်ပြသမည်ဖြစ်ပြီး Automotive Aftermarkets Smart Mobility နယ်ပယ်မှ ကုမ္ပဏီ ၁၅ ခုလည်း ပါဝင်မိတ်ဆက်မည်ဖြစ်သည်။

ပြပွဲကာလအတွင်း ကျွမ်းကျင်သော ဘာသာပြန်ဝန်ဆောင်မှု၊ နေ့စဉ် Happy Hour Networking အစီအစဉ်များနှင့် အပြန်အလှန်ပါဝင်နိုင်သော Promotion အစီအစဉ်များကို ပြုလုပ်ပေးမည်ဖြစ်ကြောင်းသိရသည်။

**လင်းခန့်**

# အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းဆွေးနွေး

**တောင်တွင်းကြီး စက်တင်ဘာ ၁၆**


ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်စေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို စက်တင်ဘာလ ၁၅ ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (ငါးဆင့်)၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (ငါးဆင့်)ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းဌေးက လူငယ်များ အသိပညာဗဟုသုတ တိုးပွားစေရန် လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းမြတ်နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမ ဒေါ်မေမြင့်ဝါတို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(ငါးဆင့်) Grade-9 မှ မောင်ဟန်သာမြတ်က လူငယ်နှင့်မူးယစ်ဆေး၊ မောင်မင်းထက်သာက လူငယ်နှင့်နည်းပညာ၊ မရှင်းရှင်းသန့်က လူငယ်နှင့်ပညာရေး၊ Grade-8 မှ မဂျွန်ဝသန်က လူငယ်နှင့်ကျန်းမာရေး၊ မောင်ခန့်မင်းပိုင်က လူငယ်နှင့်စာဖတ်ခြင်း၊ Grade -7 မှ မမေမြတ်မွန်က လူငယ်နှင့်အားကစား ခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးသည်။

ထို့နောက် လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူငယ်ရေးရာ အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။




**နောင်နောင် (ဗိုလ်သနိုးမြေ)**

# ဝရမ်းပြေး ကျော်မိုးထွန်းရဲ့ သရုပ်အမှန်

မင်းခန့်

မကြာမီကာလအတွင်း ကုလသမဂ္ဂရဲ့ ခန့်အပ်လွှာစိစစ်ရေးကော်မတီ(Credentials Committee)က ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတွေရဲ့ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်သံအမတ်ကြီးများ ခန့်အပ်ဖို့အတွက် ပြန်လည်သုံးသပ် စိစစ်ဆုံးဖြတ်တော့မှာဖြစ်ပါတယ်။




လူမှုကွန်ရက်ပေါ်တွင်တွေ့ရှိရသည့် ဝရမ်းပြေးကျော်မိုးထွန်းသတင်း

အဲဒီသံအမတ်ကြီးရာထူးနေရာဟာ သက်ဆိုင်ရာနိုင်ငံအစိုးရများက အမည်စာရင်းတင်သွင်းသူကို အဖွဲ့ဝင် (၉) နိုင်ငံပါတဲ့ Credentials Committee က အရည်အချင်း စိစစ်ရွေးချယ်ပြီး ကုလသမဂ္ဂအထွေထွေညီလာခံမှာ အတည်ပြုခန့်အပ်တဲ့ရာထူးဖြစ်ပါတယ်။

ကုလသမဂ္ဂဆိုင်ရာမြန်မာကိုယ်စားလှယ် သံအမတ်ကြီးရာထူးနေရာအတွက် ၂၀၂၁ ခုနှစ်နိုင်ငံရေး အပြောင်းအလဲကြောင့် ကိုယ်စားပြုခွင့်ရှိသူကို ဆိုင်းငံ့ (Deferral) ထားခံရပါတယ်။ ဒါပေမဲ့လည်း ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလက NLD အစိုးရခန့်အပ်ထားတဲ့ ကျော်မိုးထွန်းဟာ Credentials Committee ရဲ့ လုပ်ထုံးလုပ်နည်း Rule-29 အရ မြန်မာနိုင်ငံအတွက် တရားဝင်ကိုယ်စားပြုခွင့် မရှိပေမဲ့ ကုလသမဂ္ဂထိုင်ခုံနေရာက ဖယ်ရှားခြင်း မပြုသေးလို့ လက်ရှိကုလသမဂ္ဂမှာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သဘောမျိုးနဲ့ ရပ်တည်လှုပ်ရှားနေတာမြင်တွေ့နေရပါတယ်။

၂၀၂၁ ခုနှစ်ကနေ ၂၀၂၆ ခုနှစ် ဧပြီလအထိ နိုင်ငံ့တာဝန်ယူခဲ့တဲ့ နိုင်ငံတော်အစိုးရကို နိုင်ငံရေးအရ အသိအမှတ်ပြုမှု (Political Legitimacy) အရ အငြင်းပွားခဲ့ကြလို့ NLD အစိုးရက ခန့်အပ်တဲ့ သံအမတ်ကြီးဟောင်း ကျော်မိုးထွန်းဟာ ကုလသမဂ္ဂရဲ့ အလွတ်သဘောအစည်းအဝေးတွေမှာ မြန်မာနိုင်ငံကိုယ်စားပြုနေသလိုမျိုး ထင်ယောင်ထင်မှားလှုပ်ရှားခွင့်ရနေခြင်းဖြစ်ပါတယ်။

အခုလာမယ့် (၈၁) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကာလအတွင်း ကျင်းပမယ့် Credentials Committee အစည်းအဝေးမှာတော့ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးနေရာအတွက်လက်ရှိမြန်မာနိုင်ငံရဲ့ ရွေးကောက်ခံအစိုးရက အဆိုပြုမယ့်သူကို အသိအမှတ်ပြုမလား၊ ယခင်နှစ်များအတိုင်း မြန်မာနိုင်ငံရဲ့ ကိုယ်စားပြုမှုကို ဆုံးဖြတ်ဖို့ ထပ်မံရွှေ့ဆိုင်းမလား၊ မြန်မာနိုင်ငံရဲ့ အမြဲတမ်းကိုယ်စားလှယ်နေရာကို အလွတ်ထားမလားဆိုတာ Credentials Committee အဖွဲ့ဝင် နိုင်ငံတွေ ဆုံးဖြတ်ရတော့မှာဖြစ်ပါတယ်။

ဒါ့ကြောင့်လည်း Credentials Committee အဖွဲ့ဝင်နိုင်ငံများအပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ သိသင့်တဲ့ သံအမတ်ကြီးဟောင်း ဝရမ်းပြေးကျော်မိုးထွန်းရဲ့ သရုပ်အမှန်ကို အချက် ၃ ချက် ရှင်းလင်းချပြပြီး ပြည်သူများရဲ့ တရားဝင်တောင်းဆိုမှုများနဲ့ ဆန္ဒများကို ထုတ်ဖော်သွားမှာဖြစ်ပါတယ်။

**ပထမဆုံးအချက်ကတော့ သံအမတ်ကြီးဟောင်း ကျော်မိုးထွန်းဟာ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေများအရ အရေးယူခံထားရတဲ့ သစ္စာဖောက် ဝန်ထမ်း၊ ဝရမ်းပြေးတစ်ဦးဖြစ်ပါတယ်။ သူ့ကို အရေးယူထားတဲ့ပုဒ်မများဟာ နိုင်ငံရေးပုဒ်မများ မဟုတ်ဘဲ နိုင်ငံတော်ကို သစ္စာဖောက်ဖျက်ပုန်ကန်လို့ ရာဇသတ်ကြီးပုဒ်မ ၁၂၂(၂) အပါအဝင် မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇(၁)၊ ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေပုဒ်မ ၆(၁)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က တို့အရ ဖမ်းဝရမ်းထုတ်ထားခြင်းဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံခြားရေးဝန်ကြီးဌာနက သံတမန်တစ်ဦးအနေနဲ့ နိုင်ငံတော်က ပေးအပ်တဲ့ အမိန့်နှင့် ညွှန်ကြားချက်ကို လိုက်နာခြင်း မရှိဘဲ တရားမဝင်အဖွဲ့အစည်းကို သစ္စာခံကိုယ်စားပြုလှုပ်ရှားမှုများကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့က ဝန်ထမ်းအဖြစ်မှ ထုတ်ပစ် (Dismissal) ခံထားရသူဖြစ်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနဲ့ ဆက်သွယ်ရေးပုဒ်မ ၆၆(ဃ) တို့အရ ထပ်မံတရားစွဲဆိုထားပြီးဖြစ်ပါတယ်။**

အဲဒီလို ရာဇဝတ်ပြစ်မှုတွေနဲ့ ဖမ်းဝရမ်းထုတ်ခံထားရတဲ့ ဝရမ်းပြေး ကျော်မိုးထွန်းဟာ နယူးယောက်မြို့မှာရှိတဲ့ ကုလသမဂ္ဂဆိုင်ရာမြန်မာနိုင်ငံအဖွဲ့ရုံးပိုင် နိုင်ငံတော်ဘဏ္ဍာငွေတွေကိုလည်း ကိုယ်ကျိုးစီးပွားအတွက် အလွဲသုံးစားပြုလုပ်ထားကြောင်း စုံစမ်းသိရှိရပါတယ်။ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးအတွက် ရုံးအသုံးစရိတ်တွေကို မြန်မာအစိုးရအဆက်ဆက်က သံရုံးပိုင်ငွေစာရင်းအဖြစ် နယူးယောက်မြို့ရှိ Bank of America မှာ အပ်နှံထားရှိပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအထိ ဘဏ်ငွေစာရင်းမှာ ၂.၇၆ သန်းနဲ့ ယူရိုငွေ ၃ သောင်း ၈ ထောင်ကျော် ကျန်ရှိပြီး အဲဒီငွေများ ထုတ်ယူသုံးစွဲရန် Bank of America ရဲ့ စည်းမျဉ်းအရ သံအမတ်ကြီးဆိုတဲ့အမည်နဲ့ အခြားသူတစ်ဦး ပေါင်း ၂ ဦးနဲ့ Joint Account ဖွင့်လှစ်ထားရှိတယ်လို့ ကြားသိရပါတယ်။

အကြံသမား ကျော်မိုးထွန်းဟာ Joint Account ထဲမှာရှိတဲ့ နိုင်ငံတော်ဘဏ္ဍာငွေကြေးတွေကို ကိုယ်ကျိုးအတွက် အသုံးပြုနိုင်ဖို့ Bank ရဲ့ စည်းမျဉ်းနဲ့ သံအမတ်ကြီးအခွင့်အာဏာကို အသုံးချပြီး ပူးတွဲလက်မှတ်ရေးထိုးသူကို ဖယ်ရှားကာ သူတစ်ဦးတည်း ငွေထုတ်ယူနိုင်အောင် ပြုလုပ်ခဲ့ပါတယ်။ အဲဒီငွေစာရင်းထဲမှာရှိတဲ့ ငွေတွေဟာ နိုင်ငံတော်ဘဏ္ဍာငွေတွေဖြစ်ပြီး မြန်မာအဖွဲ့ရုံးရဲ့ အသုံးစရိတ်တွေဖြစ်ပါတယ်။ ကိုယ်ရေးကိုယ်တာအတွက် သုံးခွင့်မရှိသလို နိုင်ငံတော်ဘဏ္ဍာဖြစ်တာနဲ့အညီ နှစ်စဉ် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းအရ ငွေစာရင်းစစ်ဆေးခံရမှာဖြစ်ပါတယ်။ အဲဒီငွေတွေကို ဝရမ်းပြေး ကျော်မိုးထွန်းအနေနဲ့ စာရင်းမရှိ အင်းမရှိ အလွဲသုံးစားပြုလုပ်ထားမှုကြောင့် Bank of America Account ထဲမှာ လက်ကျန်အနည်းငယ်သာ ကျန်ရှိတော့ကြောင်း သိရှိရပါတယ်။

ဒါ့ကြောင့် ရာဇဝတ်မှုအရ တရားခံပြေးဖြစ်နေတဲ့ သစ္စာဖောက် ကျော်မိုးထွန်းဟာ နိုင်ငံတော် ဘဏ္ဍာတွေကို အလွဲသုံးစားပြုလုပ်တဲ့ပြစ်မှုကိုလည်း ကျူးလွန်ထားသူဖြစ်ပါတယ်။ အဲဒီ ငွေကြေးဆိုင်ရာပြစ်မှုဟာ နိုင်ငံတော်ဘဏ္ဍာကို စီမံခန့်ခွဲတဲ့လုပ်ငန်းစဉ်မှာ ဘဏ္ဍာငွေကြေးတွေ ထိခိုက်ဆုံးရှုံးစေခြင်းဖြစ်လို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃ (က)အရ အဂတိလိုက်စားမှုမြောက်နိုင်ဖွယ်ရာ ရှိနေပါတယ်။

ဒါ့ကြောင့် ဒီလိုကိုယ်ကျင့်တရားပျက်ပြားနေတဲ့ အဂတိသမား၊ ဝရမ်းပြေးတစ်ဦးကို ကုလသမဂ္ဂ စင်မြင့်ထက်မှာ လှုပ်ရှားခွင့်၊ ရပ်တည်ခွင့် မပြုသင့်ကြောင်း Credentials Committee ကို တောင်းဆိုချင်ပါတယ်။

အကြံသမား ကျော်မိုးထွန်းဟာ နိုင်ငံတော်ကို သစ္စာဖောက်ပြီး အဖွဲ့ရုံးပိုင်ငွေကြေးနဲ့ အမေရိကန်နိုင်ငံမှာ နိုင်ငံရေးခိုလှုံခွင့်နဲ့ နေထိုင်ဖို့ ရည်ရွယ်ချက်ရှိရှိ ကြိုတင်ကြံစည်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ မြန်မာအဖွဲ့ရုံးပိုင်ငွေစာရင်းကို သူတစ်ဦးတည်းသဘောနဲ့ ထုတ်ယူသုံးစွဲလို့ရအောင် လုပ်ဆောင်ခဲ့သလို သူ့မိသားစုကိုလည်း သူနဲ့အတူနေနိုင်ဖို့ သူ့ရဲ့မိဘနဲ့ မိသားစုဝင်တွေကို အောက်လမ်းကနေ အမေရိကန်နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်ခွင့်ရရှိအောင် လုပ်ဆောင်ခဲ့ပါတယ်။

ဒါ့အပြင် နယူးယောက်မှာ သူ့ရဲ့ရုံးလုပ်ငန်းတွေ လုပ်ဆောင်နိုင်ဖို့အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက သစ္စာဖောက်ဝန်ထမ်း (DCS) လုပ်ခဲ့သူများဖြစ်တဲ့ ဝါရှင်တန်မြို့ရှိမြန်မာသံရုံးက ယခင်ဒုတိယအတွင်းဝန် စုစုအောင်၊ အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့မှာရှိတဲ့ မြန်မာသံရုံးက ယခင်ဒုတိယအတွင်းဝန် ကောင်းထက်နဲ့ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့မှာရှိတဲ့ မြန်မာသံရုံးက သံရုံးစာရေးမ ဖွန်ဆုမွန်ဦးတို့ကိုလည်း အမေရိကန်နိုင်ငံအတွင်း တရားမဝင် ဝင်ခွင့်ရအောင် လုပ်ပေးခဲ့ပြီး သူ့ရဲ့လက်ထောက်များအဖြစ် အသုံးပြုထားကြောင်း သိရှိရပါတယ်။ ဒါ့ကြောင့် သူ့မိသားစုဝင်တွေနဲ့ လက်ထောက်များဟာ ဒုက္ခသည်များအဖြစ် ဟန်ဆောင်ပြီး တရားမဝင်လမ်းကြောင်းများမှအမေရိကန်ပြည်ထောင်စုသို့ ဝင်ရောက်နေထိုင်သူများဖြစ်ကြပါတယ်။

**လတ်တလောမှာ သူ့ကို ကုလသမဂ္ဂအသိုင်းအဝိုင်းကနေ ဖယ်ရှားမခံရရေးအတွက် နိုင်ငံတကာရောက် မြန်မာတချို့က လူထုထောက်ခံပွဲတွေပြုလုပ်ဖို့ စီစဉ်ဆောင်ရွက်နေကြောင်း ကြားသိရပါတယ်။ ဒီလိုလုပ်ရတဲ့ အဓိကရည်ရွယ်ချက်ကလည်း သူ့ရဲ့ရာဇဝတ်ပြစ်မှုများ၊ ငွေကြေးအရှုပ်တော်ပုံများနဲ့ အမေရိကန်နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်နေတဲ့ သူ့မိသားစုတွေကို အကာအကွယ်ရဖို့အတွက် ပြည်ပနိုင်ငံတွေမှာရှိတဲ့ NUG အားပေးထောက်ခံသူတွေနဲ့ ပြုလုပ်မယ့် လူထုထောက်ခံပွဲအမည်ခံ အကြမ်းဖက်အားပေးလှုံ့ဆော်ပွဲသာဖြစ်ပါတယ်။ သူ့ကိုထောက်ခံမယ့်သူအများစုဟာ မြန်မာနိုင်ငံအစိုးရအဆက်ဆက် ပြည်ပနိုင်ငံတွေမှာ အကြောင်းအမျိုးမျိုးနဲ့ရောက်ရှိနေထိုင်ကြသူတွေဖြစ်ပြီး လက်ရှိအစိုးရအပေါ် အမြင်မကြည်သူများသာ ဖြစ်ပါတယ်။**

**စာမျက်နှာ ၁၂ သို့ ➤**

➤ စာမျက်နှာ ၁၁ မှအဆက်

**လတ်တလောမှာ သူ့ကို ကုလသမဂ္ဂ အသိုင်းအဝိုင်းကနေ ဖယ်ရှားမခံရရေး အတွက် နိုင်ငံတကာရောက် မြန်မာ တချို့က လူထုထောက်ခံပွဲတွေပြုလုပ်ဖို့ စီစဉ်ဆောင်ရွက်နေကြောင်း ကြားသိရ ပါတယ်။ ဒီလိုလုပ်ရတဲ့ အဓိကရည်ရွယ် ချက်ကလည်း သူ့ရဲ့ ရာဇဝတ်ပြစ်မှုများ၊ ငွေကြေးအရှုပ်တော်ပုံများနဲ့ အမေရိကန် နိုင်ငံအတွင်း တရားမဝင်ဝင်ရောက်နေထိုင် နေတဲ့ သူ့မိသားစုတွေကို အကာအကွယ် ရဖို့အတွက် ပြည်ပနိုင်ငံတွေမှာရှိတဲ့ NUG အားပေးထောက်ခံသူတွေနဲ့ ပြုလုပ်မယ့် လူထုထောက်ခံပွဲ အမည်ခံ အကြမ်းဖက်အားပေးလှုံ့ဆော်ပွဲသာဖြစ် ပါတယ်။ သူ့ကိုထောက်ခံမယ့်သူ အများစု ဟာ မြန်မာနိုင်ငံအစိုးရအဆက်ဆက် ပြည်ပနိုင်ငံတွေမှာ အကြောင်းအမျိုးမျိုး နဲ့ ရောက်ရှိနေထိုင်ကြသူတွေဖြစ်ပြီး လက်ရှိအစိုးရအပေါ် အမြင်မကြည်သူ များသာ ဖြစ်ပါတယ်။**

အဲ့ဒီသူတွေဟာ နိုင်ငံရေးယုံကြည်ချက် အရ လှုပ်ရှားကြခြင်းထက် သူတို့ရောက်ရှိ ရာနိုင်ငံမှာ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး အကြောင်းပြပြီး အနေချောင်အောင် ထောက်ပံ့ကြေးနဲ့ အလှူငွေရရှိအောင် နိုင်ငံရေးအရေခြုံ လုပ်စားနေကြတဲ့သူ အများစုဖြစ်ကြပါတယ်။ ဒါ့ကြောင့် သူတို့ရဲ့ လူထုထောက်ခံပွဲဆိုတာ ပြည်တွင်းက တည်ငြိမ်အေးချမ်းရေးကို လိုလားတဲ့ မြန်မာပြည်သူအများစုကို ကိုယ်စားပြုခြင်း မရှိသလို ကျော်မိုးထွန်းကို ပုဂ္ဂိုလ်ရေး အရ အကာအကွယ်ပေးချင်လို့ သူတို့ရဲ့ လုပ်နေကျပုံစံအတိုင်း လူနည်းနည်းစုပြီး သတင်းမီဒီယာမှာ ဓာတ်ပုံပြနိုင်အောင် လုပ်မယ့် အတုအယောင်ထောက်ခံပွဲသာ ဖြစ်ပါတယ်။

ကုလသမဂ္ဂဆိုင်ရာ မြန်မာကိုယ်စား လှယ်ရာထူးနေရာဆိုတာ သက်ဆိုင်ရာ နိုင်ငံအစိုးရက ခန့်အပ်ရတဲ့ နိုင်ငံ့ဝန်ထမ်း များ တာဝန်ထမ်းဆောင်ရတဲ့နေရာဖြစ် ပါတယ်။ နိုင်ငံ့ဝန်ထမ်းတစ်ဦး လိုက်နာ ရမယ့် ကျင့်ဝတ်နဲ့ လုပ်ထုံးလုပ်နည်း တွေကို ဖောက်ဖျက်ပြီး ပုဂ္ဂိုလ်ရေးခံယူ ချက်၊ အစွန်းရောက်နိုင်ငံရေးယုံကြည်ချက် နဲ့ ကိုယ်ကျိုးစီးပွားအတွက် သံတမန် အခွင့်အရေးရယူလှုပ်ရှားနေသူကို ကုလ သမဂ္ဂအနေဖြင့် လက်မခံသင့်ကြောင်း တည်ငြိမ်အေးချမ်းရေးကို လိုလားတဲ့ ပြည်သူများက တောင်းဆိုနေခြင်းဖြစ် ပါတယ်။

ဒီတောင်းဆိုချက်ဟာ သူ့ကို ပုဂ္ဂိုလ် ရေးအရ တိုက်ခိုက်နေခြင်း မဟုတ်သလို ကုလသမဂ္ဂအနေနဲ့ ဖမ်းဆီးအပြစ်ပေးဖို့ တောင်းဆိုနေခြင်း မဟုတ်ပါဘူး။ နိုင်ငံ တစ်ခုရဲ့ တည်ဆဲဥပဒေတွေ ချိုးဖောက်ပြီး ငွေကြေးလိမ်လည်မှုများ ကျူးလွန်ထား သူတစ်ဦးဟာ ကုလသမဂ္ဂဆိုင်ရာမြန်မာ အမြဲတမ်းကိုယ်စားလှယ်ဆိုတဲ့ ဂုဏ်ပုဒ် နဲ့ မထိုက်တန်လို့ သူ့ကို အမြန်ဆုံးဖယ်ရှား ပေးရန် တောင်းဆိုနေခြင်းဖြစ်ပါတယ်။

**ဒုတိယအချက်အနေဖြင့် ကုလသမဂ္ဂ ဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ခန့်အပ်ရွေးချယ်မယ့်လုပ်ထုံးလုပ်နည်း Rule-27 ၊ Rule-29 များအရ သံအမတ်ဟောင်း ကျော်မိုးထွန်း မကိုက်ညီတော့ တဲ့အချက်ကို ရှင်းပြလိုပါတယ်။**

**Rule-27 အရ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတွေက မိမိတို့နိုင်ငံရဲ့ ကိုယ်စား လှယ်ကို ခန့်အပ်ပေးဖို့ Credentials ကို နိုင်ငံတော်အကြီးအကဲ (Head of State)၊ အစိုးရအကြီးအကဲ (Head of Government) သို့မဟုတ် နိုင်ငံခြားရေးဝန်ကြီးက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံ တင်ပြ ရပါတယ်။ အဲဒီစည်းမျဉ်းအရ သံအမတ် ဟောင်း ကျော်မိုးထွန်းကို ၂၀၂၀ ပြည့်နှစ် အဲဒီအချိန်က NLD အစိုးရက ခန့်အပ်ဖို့ အမည်စာရင်းတင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။**

> **ဒုတိယအချက်အနေဖြင့် ကုလသမဂ္ဂဆိုင်ရာမြန်မာအမြဲတမ်းကိုယ်စားလှယ် ခန့်အပ်ရွေးချယ်မယ့် လုပ်ထုံးလုပ်နည်း Rule -27၊ Rule -29 များအရ သံအမတ်ဟောင်း ကျော်မိုးထွန်း မကိုက်ညီတော့ တဲ့အချက်ကို ရှင်းပြလိုပါတယ်။**
>
> **Rule -27 အရ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေက မိမိတို့နိုင်ငံရဲ့ ကိုယ်စားလှယ်ကို ခန့်အပ်ပေးဖို့ Credentials ကို နိုင်ငံတော်အကြီးအကဲ (Head of State)၊ အစိုးရအကြီးအကဲ (Head of Government) သို့မဟုတ် နိုင်ငံခြားရေးဝန်ကြီးက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံ တင်ပြရပါတယ်။ အဲဒီစည်းမျဉ်းအရ သံအမတ်ဟောင်း ကျော်မိုးထွန်းကို ၂၀၂၀ ပြည့်နှစ် အဲဒီ အချိန်က NLD အစိုးရက ခန့်အပ်ဖို့ အမည်စာရင်းတင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။ အခု ၂၀၂၆ ခုနှစ် မှာတော့ သူ့ကို ခန့်အပ်ခဲ့တဲ့ NLD အစိုးရမရှိတော့သလို သူ့ရဲ့ကိုယ်စားပြုမှုက မြန်မာနိုင်ငံအတွက် မဟုတ်ဘဲ အစိုးရမဟုတ်တဲ့ အကြမ်းဖက်အဖွဲ့အစည်းတစ်ရပ်ကို ကိုယ်စားပြုနေတာ ထင်ရှား လှပါတယ်။**

**အခု ၂၀၂၆ ခုနှစ်မှာတော့ သူ့ကို ခန့်အပ် ခဲ့တဲ့ NLD အစိုးရမရှိတော့သလို သူ့ရဲ့ ကိုယ်စားပြုမှုက မြန်မာနိုင်ငံအတွက် မဟုတ်ဘဲ အစိုးရမဟုတ်တဲ့ အကြမ်းဖက် အဖွဲ့အစည်းတစ်ရပ်ကို ကိုယ်စားပြု နေတာ ထင်ရှားလှပါတယ်။**

Credentials Committee ရဲ့ လွန်ခဲ့တဲ့ ၅ နှစ်က ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်ကြောင့် ကုလသမဂ္ဂမှာရှိနေတဲ့ မြန်မာအဖွဲ့ရုံးမှာ အမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီး တရားဝင် ခန့်အပ်နိုင်ခြင်းမရှိလို့ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့အညီ နိုင်ငံကို အုပ်ချုပ် နေတဲ့ အစိုးရတစ်ရပ်ရဲ့ မူဝါဒတွေကို ကုလသမဂ္ဂမှာ တင်ပြခွင့်ဆုံးရှုံးနေရသလို မြန်မာပြည်သူတွေအတွက် လူသားချင်း စာနာမှုဆိုင်ရာ အကူအညီရရှိရေးကိစ္စ တွေကိုလည်း ကုလသမဂ္ဂနဲ့ပူးပေါင်းပြီး ထိထိရောက်ရောက် လုပ်ဆောင်ပေးနိုင် မယ့်အခွင့်အရေးများ ဆုံးရှုံးလျက်ရှိနေ ပါတယ်။

ဒါ့ကြောင့် Credentials Committee အနေဖြင့် မြန်မာနိုင်ငံရဲ့ ကိုယ်စားပြုမှု ဆုံးဖြတ်ရန် ဆက်လက်ဆိုင်းငံ့ထား ခြင်းကို အဆုံးသတ်ပြီး Rule-29 အရ ဖယ်ရှားခြင်းမပြုသေးတဲ့ ဝရမ်းပြေး ကျော်မိုးထွန်းကို ဖယ်ရှားပေးဖို့နဲ့ Rule-27 အရ ရွေးကောက်ခံအစိုးရအဖွဲ့ရဲ့ အကြီး အကဲက အဆိုပြုသူကိုသာ ခန့်အပ်ပေးဖို့ တောင်းဆိုလိုပါတယ်။

**တတိယအချက်ကတော့ တရားမဝင် အကြမ်းဖက်အဖွဲ့ကို ထောက်ခံအားပေး နေသူတစ်ဦးကို ကုလသမဂ္ဂအမြဲတမ်း ကိုယ်စားလှယ်အဖြစ် ဆက်လက်မထား သင့်တဲ့အချက်ဖြစ်ပါတယ်။ ဒီအချက် ကတော့ ဝရမ်းပြေး ကျော်မိုးထွန်း ကိုယ်စားပြုရပ်တည်နေတဲ့ NUG အဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ် နိုင်ငံတကာက အသိအမှတ်ပြု၊ မပြုဆိုတာက အရေး ကြီးတဲ့ ရှုမြင်ချက်ဖြစ်မယ်ထင်ပါတယ်။ ရှင်းလင်းစွာ သိစေလိုတာကတော့ NUG အဖွဲ့ကို ကုလသမဂ္ဂအနေနဲ့အကြမ်းဖက် အဖွဲ့အဖြစ် သတ်မှတ်ပေးဖို့ တောင်းဆို နေခြင်းမဟုတ်ဘဲ နိုင်ငံတကာအကြမ်း ဖက် နှိမ်နင်းရေးအဖွဲ့အစည်းများက စောင့်ကြည့်ခံနေရတဲ့ NUG အဖွဲ့ကို သံအမတ်ဟောင်း ကျော်မိုးထွန်းက ကုလသမဂ္ဂစင်မြင့်ထက်မှာ သံတမန် ကင်းလွတ်ခွင့် (Diplomatic Immunity) ရယူပြီး ပေါ်ပေါ်တင်တင် ထောက်ခံ ရပ်တည်ခွင့်မပေးသင့်ကြောင်း အထောက် အထားများဖြင့် တောင်းဆိုနေခြင်းဖြစ် ပါတယ်။**

Member State တစ်ခုက တည်ဆဲ ဥပဒေများနှင့်အညီ တရားမဝင်အကြမ်း ဖက်အဖွဲ့အဖြစ် နိုင်ငံတကာကို ထုတ်ပြန် ထားတဲ့ NUG အဖွဲ့နဲ့ သူ့ရဲ့လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများရဲ့ အကြမ်းဖက်လုပ်ရပ်များကို ကမ္ဘာလုံး ဆိုင်ရာအကြမ်းဖက်မှုဖြစ်စဉ်များကို စောင့်ကြည့်မှတ်တမ်းတင်နေတဲ့ Global Terrorism Trends and Analysis Center ရဲ့ အကြမ်းဖက်မှုအညွှန်းကိန်းအစီရင်ခံစာ များမှာ အဲဒီ NUG အဖွဲ့နဲ့ PDF အဖွဲ့များရဲ့ အကြမ်းဖက်မှတ်တမ်းများကို မြင်တွေ့ ရမှာဖြစ်ပါတယ်။

ကုလသမဂ္ဂအနေနဲ့ NUG အကြမ်းဖက် အဖွဲ့ကို တရားဝင်အစိုးရအဖြစ် အသိ အမှတ်ပြုမထားသလို Terrorist Organization အဖြစ်လည်း မသတ်မှတ်ထားပေမယ့် NUG အဖွဲ့နဲ့ သူ့ရဲ့ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက သူတို့ကို မထောက်ခံတဲ့ အပြစ်မဲ့ပြည်သူတွေကို ငါနဲ့မတူ ငါ့ရန်သူ အယူအဆဖြင့် ဒလန် အမည်တပ်ပြီး ရက်ရက်စက်စက်လုပ်ကြံ သတ်ဖြတ်မှုတွေ၊ တော်လှန်ရေး အမည်ခံပြီး စစ်ဘက်ပစ်မှတ်မဟုတ်တဲ့ နိုင်ငံတော်ရဲ့ အခြေခံအဆောက်အအုံ၊ လမ်းတံတား ဖျက်ဆီးမှုတွေနဲ့ NUG အဖွဲ့ရဲ့ အဓိက ဦးတည်ချက်ဖြစ်တဲ့ ပြည်တွင်းတည်ငြိမ်မှု ပျက်ပြားစေရေးအတွက် ချမှတ်ထားတဲ့ အလုံးစုံပျက်သုဉ်းရေးမူဝါဒ (Utter Devastation Policy) အရ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ် ထားအကြမ်းဖက်တိုက်ခိုက်မှုများကို ကုလသမဂ္ဂအပါအဝင် Credentials အဖွဲ့ဝင်နိုင်ငံများ သိရှိမြင်တွေ့ကြပြီးဖြစ် ပါတယ်။

ဒါ့ကြောင့် ကုလသမဂ္ဂမှာ မြန်မာနိုင်ငံ (State) နဲ့ မြန်မာအစိုးရ (Government) ကို ကိုယ်စားပြုခွင့်မရှိတဲ့ ဝရမ်းပြေး သံအမတ်ဟောင်း တစ်ယောက်က လက်သုံးချောင်းထောင်ပြီး နိုင်ငံတကာ အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့တွေက စောင့်ကြည့်ခံနေရတဲ့ NUG အကြမ်းဖက် အဖွဲ့ကို ပြောင်ပြောင်တင်းတင်းထောက်ခံ ရပ်တည် လှုပ်ရှားခွင့်ပြုနေခြင်းကို Credentials Committee အနေဖြင့် ပြန်လည်စဉ်းစားသုံးသပ်သင့်တဲ့ ကိစ္စရပ် ဖြစ်ပါတယ်။

ရိုးသားစွာ အသိပေးလိုတဲ့ အချက် ကတော့ ဝရမ်းပြေး ကျော်မိုးထွန်းကို ဖယ်ရှားခြင်းမပြုတဲ့ အခြေအနေဟာ ကုလသမဂ္ဂ သံအမတ်အရေခြုံပြီး အကြမ်း ဖက်အားပေးထောက်ခံသူတစ်ယောက်က ကုလသမဂ္ဂစင်မြင့်ထက်ကနေ ပြည်သူ လူထုရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရကို ပုန်ကန်ပြီး နိုင်ငံတော်ကို သစ္စာ ဖောက်နေတဲ့ လုပ်ရပ်ဟာ တရားဝင် သလိုလို အစဉ်အလာဖြစ်သွားနိုင်ပါတယ်။ တစ်နည်းအားဖြင့် အချုပ်အခြာအာဏာ ပိုင်အစိုးရအပေါ် သစ္စာဖောက်ဖျက်တဲ့ နိုင်ငံ့ဝန်ထမ်းတွေကို ကုလသမဂ္ဂစင်မြင့် ထက်ကနေ ဆန့်ကျင်လှုပ်ရှားခွင့်ပေးတဲ့ လုပ်ရပ်ဟာ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်တစ်ရပ် အဖြစ် သတ်မှတ်ပေးသကဲ့သို့ ဖြစ်စေ နိုင်ပါတယ်။

Credentials Committee မှာ နှစ်စဉ် ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးများ ရွေးချယ်ခန့်အပ်ရန် စိစစ်မှုလုပ်ငန်းစဉ် များမှာ ဝရမ်းပြေး ကျော်မိုးထွန်းလို အငြင်းပွားဖွယ်ရာ Credentials Issue ရှိလာနိုင်ပါတယ်။ ကုလသမဂ္ဂအနေနဲ့ အငြင်းပွားဖွယ်ကိစ္စရပ်တိုင်းမှာ ရှေ့အစဉ် အလာကို နောက်ကပြန်ပြီး လုပ်လေ့ရှိ ကြပါတယ်။ ဒါ့ကြောင့် ယခုဝရမ်းပြေး ကျော်မိုးထွန်းလို အကြမ်းဖက်အားပေး သစ္စာဖောက်တစ်ယောက်က သံတမန် အရေခြုံပြီး ငွေကြေးရှုပ်ထွေးမှု အပါအဝင် ရာဇဝတ်မှုကျူးလွန်သူတစ်ဦးကို ဥပဒေ စည်းမျဉ်းများနဲ့မညီဘဲ ကုလသမဂ္ဂမှာ ဆက်လက်ထားရှိရန် နိုင်ငံရေးအရ ဘက်လိုက်ဆုံးဖြတ်ခဲ့ရင် နောင်မှာလည်း အလားတူဖြစ်စဉ်တွေရှိလာနိုင်လို့ ကုလ သမဂ္ဂရဲ့ ဂုဏ်သိက္ခာ၊ ယုံကြည်စိတ်ချမှုနဲ့ ဖြောင့်မတ်တည်ကြည်မှုတွေကို များစွာ ထိခိုက်နိုင်ကြောင်း သတိပြုစေချင်ပါတယ်။

ဝရမ်းပြေး ကျော်မိုးထွန်းအနေနဲ့ ကုလ သမဂ္ဂ သံတမန်ကင်းလွတ်ခွင့်ကို အသုံးချ ပြီး နိုင်ငံတော်အစိုးရက တည်ဆဲဥပဒေ နဲ့အညီ အကြမ်းဖက်အဖွဲ့အစည်း သတ်မှတ်ထားတဲ့ NUG၊ PDF အဖွဲ့ တွေကို ပြောင်ပြောင်တင်းတင်း ထောက်ခံ အားပေးမှုပြုလုပ်နေတာ မဖြစ်သင့်ဘူးလို့ မြန်မာပြည်သူတွေက ထင်မြင်ယူဆ နေကြပါတယ်။

**မြန်မာပြည်သူတွေရဲ့ တောင်းဆို ချက်ဟာ ဝရမ်းပြေး ကျော်မိုးထွန်းကို ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်ပြီး ကုလသမဂ္ဂ အနေနဲ့ အလိုအလျောက်ဖယ်ရှားပေးဖို့ တောင်းဆိုနေခြင်းမဟုတ်ဘဲ UN Credentials Committee ရဲ့ ဆိုင်းငံ့ (Deferral) ထားခြင်းကို ယခုနှစ်မှာ ပြန်လည်စိစစ်သုံးသပ်ပြီး လက်ရှိပကတိ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအရ နိုင်ငံ့ အုပ်ချုပ်ရေးယန္တရားကို လည်ပတ်နေတဲ့ ရွေးကောက်ခံအစိုးရက အဆိုပြုထားတဲ့ နိုင်ငံကိုယ်စားပြုသံအမတ်ကြီးကို တရားဝင် ခန့်အပ်ခွင့်ပြုဖို့ Credentials Committee မှာ ပါဝင်လာမယ့် နိုင်ငံတွေကို ကုလ သမဂ္ဂ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ လုပ်ဆောင်ပေးရန် အရေးပေါ်တောင်းဆို ခြင်းသာဖြစ်ပါတယ်။**

ဒါ့ကြောင့် ဝရမ်းပြေး ကျော်မိုးထွန်းရဲ့ သရုပ်မှန်ကို ထည့်သွင်းစဉ်းစားပြီး မကြာမီကာလအတွင်း ကျင်းပပြုလုပ် တော့မယ့် (၈၁) ကြိမ်မြောက် Credentials Committee အစည်းအဝေးမှာ ကုလ သမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံကိုယ်စားလှယ် အဖြစ် ဝရမ်းပြေးကျော်မိုးထွန်းကို ဖယ်ရှားပေးနိုင်ပါရန် တောင်းဆိုလိုက် ရပါတယ်။ ။

# ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

## ဘားအံ

အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ခြင်းနှင့်ရာသီဥတုပြောင်းလဲမှုလျှော့ချခြင်း လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အအေးပေးနည်းပညာနှင့် ဆက်စပ်လုပ်ကိုင်နေကြသည့် အင်ဂျင်နီယာများ၊ နည်းပညာရှင်များနှင့်စီးပွားရေးလုပ်ငန်းရှင်များ၊ လူငယ်မောင်မယ်များအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးက စက်တင်ဘာလ ၁၆ ရက် နံနက်ပိုင်းတွင် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ကျင်းပသည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည်။

အဆိုပါအခမ်းအနားတွင်ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွှတ်တန်းဆောင်းပါးပြိုင်ပွဲ၊ အဆင့်မြင့်ပညာအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိကြသူများနှင့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေး



နေ့ အထိမ်းအမှတ်အခမ်းအနား ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပေးသူများကို ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။ ထို့နောက် ဆုရစာစီစာကုံးနှင့်ပန်းချီလက်ရာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ရေထု၊ လေထု၊ မြေထုတိုင်းကိရိယာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာအုပ်စာစောင်များ၊ လုပ်ငန်းမှတ်တမ်းဓာတ်ပုံများကိုကြည့်ရှုအားပေးကြကြောင်းသိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ဟားခါး

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာလ ၁၆ ရက် နံနက်ပိုင်းတွင် ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ချင်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာဝုန်ဆွန်းထန်က အမှာစကားပြောကြားပြီး ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများပေးအပ်သည်။

ထို့အတူ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က အခြေခံပညာ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများကို လည်းကောင်း၊ ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများကို လည်းကောင်း၊ ပြည်နယ် စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးက အခြေခံပညာ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများကို လည်းကောင်း ဆုများပေးအပ်ကြပြီး ဆုရစာမူများအား ကြည့်ရှုအားပေးကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**




## မုံရွာ

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာလ ၁၆ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးကိုလေးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်အတူ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခြေခံပညာအဆင့် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုလက်မှတ်နှင့်ဂုဏ်ပြုငွေများ ပေးအပ်သည်။ ထို့နောက် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် လေ၊ ရေ၊ မြေ တိုင်းတာရေးစက်ကိရိယာများ၊ CFCs (Chlorofluorocarbons) ပစ္စည်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးစာအုပ်များနှင့် လက်ကမ်းစာစောင်များ၊ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသည့် စာစီစာကုံးများနှင့် ပန်းချီများကို ကြည့်ရှုအားပေးကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မကွေး



၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာလ ၁၆ ရက် နံနက်ပိုင်းတွင် မကွေးမြို့ရှိ စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုကအမှာစကားပြောကြားပြီးတာဝန်ရှိသူများနှင့်အတူ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် တက္ကသိုလ်အဆင့် အလွှတ်တန်းဆောင်းပါးပြိုင်ပွဲနှင့် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုများပေးအပ်ကြသည်။

ဆက်လက်၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးပြခန်းများ၊ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ပြိုင်ပွဲဝင်ဆုရစာစီစာကုံးများကို ကြည့်ရှုအားပေးပြီး တက်ရောက်လာသူများအား Recycle bag၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်၊ Note Book များ၊ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ Logo ပါ ကော်ဖီခွက်၊ အချိုရည်နှင့် မုန့်များပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်ခိုင်မင်း (ပြန်/ဆက်)**

## ထားဝယ်

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာလ ၁၆ ရက် နံနက်ပိုင်းတွင် ထားဝယ်မြို့ ပုလဲဧကရီ ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်ဖြစ်သော "ကမ္ဘာမြေပိုမိုအေးမြဖို့ အားလုံးပူးပေါင်း ဆောင်ရွက်စို့" ဟူသည့်ဆောင်ပုဒ်နှင့်အညီ အိုဇုန်းလွှာကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးတို့နှင့်အတူ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ပိုစတာပြိုင်ပွဲတို့တွင် ဆုရရှိသူများကို ဆုများပေးအပ်ကြပြီး အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



## မန္တလေး

"ကမ္ဘာမြေပိုမိုအေးမြဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့" ဆောင်ပုဒ်ဖြင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာလ ၁၆ ရက် နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ကျင်းပသည်။



အဆိုပါအခမ်းအနားတွင်မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အမှာစကားပြောကြားပြီးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့်အတူ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အခြေခံပညာ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်တို့တွင် ဆုရရှိသူများကို ဂုဏ်ပြုဆုငွေများပေးအပ်သည်၊ ဆက်လက်၍ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပြသထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပိုစတာများ၊ အထိမ်းအမှတ်ပစ္စည်းများကိုကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

## တောင်ကြီး

၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားကို စက်တင်ဘာလ ၁၆ ရက်နံနက်ပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

အဆိုပါအခမ်းအနားကို ကမ္ဘာမြေပေါ်သို့ နေရောင်ခြည်မှကျရောက်သော အန္တရာယ်ရှိသည့် ခရမ်းလွန်ရောင်ခြည်များမှ ကာကွယ်ပေးနေသည့် အိုဇုန်းလွှာ၏အရေးပါမှုကို ပြည်သူများပိုမိုသိရှိနားလည်လာစေရန်နှင့် အိုဇုန်းလွှာကို ပျက်စီးစေသည့် ပစ္စည်းများကို ထိန်းချုပ်လျှော့ချရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက အမှာစကားပြောကြားပြီး ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသူကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့အတူ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်တို့က ဒုတိယဆုနှင့် တတိယဆုရရှိသူများကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေးပူးပေါင်းဆောင်ရွက်



**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် မြို့နယ်ရဲစခန်းများမှ တပ်ဖွဲ့ဝင်များသည် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ မှုခင်းကျဆင်းရေးနှင့်ဒုစရိုက်မှုများကင်းစင်ရေးကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မှော်ဘီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးငွေတင်နှင့်တပ်ဖွဲ့ဝင်များသည် (၄)လမ်းဆုံစစ်ဆေးရေးဂိတ်မှ ဖြတ်သန်းသောယာဉ်များအား ဂရုတစိုက်စစ်ဆေးခြင်း၊ PSMS ကို စနစ်တကျစစ်ဆေးခြင်း၊ ပါဝါအိတ်ဇောတပ်ဆိုင်ကယ်များအား ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးဖမ်းဆီးခြင်းတို့ကိုဆောင်ရွက်ခဲ့သည်၊

ထို့ပြင် မြောက်ဥက္ကလာပမြို့နယ်မြို့မရဲစခန်းမှ ဒုတိယရဲအုပ်ကောင်းထက်နှင့်အဖွဲ့သည် လည်းကောင်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် မြို့မရဲစခန်းမှ ဒုတိယရဲအုပ်လင်းဇော်နှင့်အဖွဲ့သည်လည်းကောင်း၊ လှည်းကူးမြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့စုမှတပ်ဖွဲ့ဝင်များသည်လည်းကောင်း ရပ်ကွက်၊ ကျေးရွာအတွင်း နေ့ပိုင်းလှည့်ကင်းဆောင်ရွက်ခြင်း၊ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောခြင်း၊ ပြည်သူများ လူကူးမျဉ်းကျားမှ လမ်းဖြတ်ကူးစေရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယမန်နေ့ ညပိုင်းတွင်လည်း ကျောက်တံတားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွေးလှိုင်နှင့်ပူးပေါင်းအဖွဲ့သည် လည်းကောင်း၊ ကမာရွတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းတင်နှင့် ပူးပေါင်းအဖွဲ့သည်လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် မြို့မရဲစခန်းမှူး ဒုတိယရဲမှူးအောင်ဆန်းလင်းနှင့် ပူးပေါင်းအဖွဲ့သည် လည်းကောင်း ဧည့်စာရင်းစစ်ဆေးခြင်း၊ Music Box KTV အား စစ်ဆေးခြင်းနှင့် ယာဉ်စစ်ပိတ်ဆို့စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အောင်သူ**

**၁ ဖလမ်းမှ**

ထိုသို့ ဆောင်ရွက်ပေးနေမှုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်တို့နှင့် သွားရောက်ကြည့်ရှုအားပေးသည်။

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဖလမ်းမြို့တွင် တယ်လီဖုန်းဆက်သွယ်ရေးလိုင်းများ ပြတ်တောက်သွားပြီး MEC-CDMA ဖုန်းလိုင်းကို သာအသုံးပြုနေခြင်းဖြစ်ရာ ယခုအခါ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT Mobile ဖုန်းလိုင်းပြန်လည်ရရှိပြီဖြစ်သည့်အတွက် ပြည်နယ်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဝန်ထမ်းများသည် ဖလမ်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌အခြေပြုပြီး MPT



Mobile Sim Card ကတ်ပျောက်၊ ကတ်ပျက်များကိုပြန်လည်လျှောက်ပေးခြင်း၊ Sim Card များမှတ်ပုံတင်ပေးခြင်းနှင့် Sim Card အသစ်များ ရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ဒုတိယဝန်ကြီးသည် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း 66/11kv ဓာတ်အားခွဲရုံ အဆောက်အအုံ ပြန်လည်ပြုပြင်မှု၊ စက်ပစ္စည်းပျောက်ဆုံး၊ ပျက်စီးမှုအခြေအနေ၊ ဓာတ်အားခွဲရုံဝန်ထမ်းအိမ်ရာပြန်လည်ပြုပြင်မှု၊ ခရိုင်သစ်တောဦးစီးဌာန ရုံးအဆောက်အအုံ၊ အရာရှိနေအိမ်နှင့် ဝန်ထမ်းအိမ်ရာပြုပြင်နေမှု၊ မြို့နယ်သစ်တောဦးစီးဌာနရုံး ပြုပြင်နေမှု၊ အိုးအိမ်ဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အခြေခံအဆောက်အဦများကို ပြုပြင်နေသည့် ဒေသခံကုမ္ပဏီများအနေဖြင့် စေတနာထားကာ စံချိန်စံညွှန်းနှင့်အညီ ပစ္စည်းအရည်အသွေး၊ တည်ဆောက်မှု အရည်အသွေးကောင်းမွန်စေရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးစေရေးတို့ကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°C | / | ၃၄°C |
| ရန်ကုန် | ၂၄°C | / | ၃၃°C |
| မန္တလေး | ၂၆°C | / | ၃၆°C |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

## (၁၆-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၃.၈ ~ ၃၆၆၆.၃ | ၅၅၇.၈ ~ ၅၅၈ | ၁၂၅.၄ ~ ၁၂၅.၅ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ | ၆,၆၄၅,၄၇၅.၇၇ | ၃၅,၀၀၀,၇၁၇.၃၅ | ၅၄,၄၁၉,၇၂၉.၁၄ | - |

**❍ ကျောဖုံးမှအဆက်**

ပိုမိုဖွံ့ဖြိုး တိုးတက်မြင့်မားလာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိကိုးသိန်းအားကစားကွင်း၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစားဥယျာဉ်ကွင်း၌လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၌လည်းကောင်း ဇုန်လေးဇုန်ခွဲ၍ ကျင်းပခဲ့သည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်U-19 (အမျိုးသမီး)ဘောလုံးပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုများကို သက်ဆိုင်ရာဇုန်လေးဇုန်အလိုက်တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များမှတာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်အင်အား ၃၇၀၀ ခန့် တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးခဲ့သည်၊

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကရင်ပြည်နယ် ဘားအံမြို့ရှိဇွဲကပင်အားကစားကွင်း၌ အိမ်ရှင် ကရင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို ၆ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစားဥယျာဉ်ကွင်း၌ အိမ်ရှင်ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပဲခူးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၅ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ အိမ်ရှင် ရှမ်းပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၄ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိကိုးသိန်းအားကစားကွင်း၌ အိမ်ရှင်ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၄ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁၇ ရက် ညနေ ၃ နာရီမှစတင်၍ ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့်တနင်္သာရီတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ ကချင်ပြည်နယ်အသင်းနှင့်မကွေးတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲကို စက်တင်ဘာလ ၁၆ ရက်မှ၃၀ ရက်အထိ ပြိုင်ပွဲကာလ ၁၅ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

အုပ်စုပွဲစဉ်များကို ဘားအံ၊ တောင်ကြီး၊ ပဲခူး၊ ပုသိမ်မြို့တို့ရှိ သက်ဆိုင်ရာ အားကစားကွင်းတို့၌ လည်းကောင်း၊ ရှုံး/ထွက်ပွဲစဉ်မှစတင်၍ ဗိုလ်လုပွဲ ပွဲစဉ်အထိ ပြိုင်ပွဲများကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၊ ပဒေသာကွင်း၊ သန်လျင်ကွင်းနှင့် ပဒုမ္မာကွင်းတို့၌လည်းကောင်း ဆက်လက် ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသမီးအသင်း ၁၄ သင်း၊ ပြိုင်ပွဲဝင်အင်အားစုစုပေါင်း ၃၃၄ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ရာ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့်မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။**မြဝတီ**

**● စက်သုံးဆီမှ**

အတွက် စက်သုံးဆီအရောင်းဆိုင်များသို့ အမှန်တကယ်လာရောက်ဝယ်ယူသည့် ယာဉ်များကိုသာ Scan ဖတ်ရောင်းချရန်နှင့် မသမာသောနည်းလမ်းဖြင့် QR Code/Bar Code ရောင်းအားမြင့်တက်စေရန်ဆောင်ရွက်နေကြောင်း စိစစ်တွေ့ရှိရပါက ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း သက်ဆိုင်ရာ အရောင်းဆိုင်၊ လုပ်ငန်းရှင်နှင့် ကုမ္ပဏီများသို့ ကြိုတင်အသိပေးအကြောင်းကြားထားရှိပြီးဖြစ်သည်။

သို့သော် အချို့သောအရောင်းဆိုင်များသည် မူရင်း QR Scan ဖတ်ခြင်းမပြုလုပ်ဘဲ ယာဉ်နံပါတ်များအား ရိုက်ထည့်၍ စက်သုံးဆီဝယ်ယူခွင့် (PO) ပိုမိုရရှိစေရေးဆောင်ရွက်နေကြောင်း Control Centre မှ စစ်ဆေးတွေ့ရှိရသဖြင့် ပြစ်မှုကျူးလွန်သည့် အရောင်းဆိုင် ၂၀ အား စက်သုံးဆီဝယ်ယူခွင့် (PO) ပမာဏလျှော့ချခြင်း၊ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊ ပြင်းထန်စွာသတိပေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။

စက်သုံးဆီဖြန့်ဖြူးရောင်းချမှု စနစ်တကျ ဖြစ်စေရေးအတွက် နည်းပညာဖြင့်ထိန်းချုပ်နေခြင်းဖြစ်ရာ ဌာနအနေဖြင့် Control Centre မှစောင့်ကြည့်စစ်ဆေးနေသကဲ့သို့ နည်းပညာအဆင့်မြှင့်တင်ခြင်းကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

အလားတူဖြစ်စဉ်မျိုး ထပ်မံတွေ့ရှိလာပါက စက်သုံးဆီအရောင်းဆိုင် အား အမြဲတမ်းပိတ်သိမ်းပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်သောကြောင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏အရောင်းဆိုင်များအား စိစစ်ကြပ်မတ်ဆောင်ရွက်ကြရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတိပေးထားကြောင်း သိရသည်။

**မြဝတီ**

**MWD Education, Knowledge & Sports Channel** ၁၇-၉-၂၀၂၆ (ကြာသပတေးနေ့)

၁။ ၀၇:၀၀ မှ ၀၈:၃၀ Grade-9 မြန်မာစာ၊ အင်္ဂလိပ်စာ၊
၂။ ၁၅:၃၀ မှ ၁၆:၄၈ Grade-9 အင်္ဂလိပ်စာ၊ သင်္ချာ(၁)
၃။ ၁၆:၄၈ မှ ၁၈:၃၅ Grade-9 ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ

နိုင်ငံတစ်ဝန်းစိမ်းလန်းဖို့
သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။

# မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်ပြီး ၂၀၂၆ ခုနှစ် ဩဂုတ်လအထိ အမှုပေါင်း ၃၅၆ မှုမှ ပြည်သူ့ဘဏ္ဍာအဖြစ် ကျပ် ၃၅၈၅ သန်းကျော် သိမ်းဆည်းဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် စက်တင်ဘာ ၁၆**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၆)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေက ကမ္ဘာပေါ်ရှိ နိုင်ငံအများစုသည် မူးယစ်ဆေးဝါးပြဿနာကြောင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို များစွာထိခိုက်စေလျက်ရှိကြောင်း၊ UNODC ၏ စာရင်းဇယားများအရ ၂၀၂၅ ခုနှစ်တွင် တစ်ကမ္ဘာလုံး မူးယစ်ဆေးဝါးသုံးစွဲသူ ဦးရေ ၃၁၆ သန်းခန့်ရှိကြောင်း။

မြန်မာနိုင်ငံသည် လူလုပ်မူးယစ်ဆေးဝါးပြဿနာများနှင့် တိုးမြှင့်ရင်ဆိုင်နေရလျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များအပြင် နေပြည်တော်ကောင်စီနယ်မြေ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်မှ ရပ်ကွက်၊ ကျေးရွာအုပ်စု အဆင့်အထိ ဒေသဆိုင်ရာမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များကို အဆင့်ဆင့်ဖွဲ့စည်းထားပြီးဖြစ်ကြောင်း။

လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ပြည်တွင်းပဋိပက္ခဖြစ်ပွားနေမှုအပေါ် အခွင့်ကောင်းယူ၍ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများအပြင် လက်နက်၊ ခဲယမ်းများဝယ်ယူခြင်းနှင့် လူသစ်စုဆောင်းခြင်းများ ဆောင်ရွက်နေကြောင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ပြည်ပနိုင်ငံများမှ သယ်ဆောင်ပြီး ၎င်းတို့နယ်မြေအတွင်း ထုတ်လုပ်လျက်ရှိကြောင်း။

မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိရာ "အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက်"ကို သုံးသပ်ပြင်ဆင်ရေး ဦးစီးကော်မတီဖွဲ့စည်းကာ ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး Operation 42 ၏ အောင်မြင်မှုများအပေါ်အခြေခံ၍ စစ်ဆင်ရေးများ ဆက်လက်ဆောင်ရွက်ရန်နှင့် မူးယစ်ဆေးဝါးများသာမက ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများနှင့် ဓာတုပညာရှင်များ ဝင်ရောက်မှုကို တားမြစ်ရန်လိုအပ်ကြောင်း၊ ပင်လယ်ရေကြောင်း ထွက်ပေါက်များတွင် တပ်မတော်(ရေ)၊ ရေကြောင်းရဲတပ်ဖွဲ့၊ ဆိပ်ကမ်းအာဏာပိုင်တို့နှင့်ပူးပေါင်း၍ ပိတ်ဆို့ဖမ်းဆီးရန်လိုအပ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ KTV၊ Bar၊ Club၊ ဖျော်ဖြေရေးအစီအစဉ်များနှင့် Hotel၊ Motel၊ တည်းခိုခန်းများတွင် မူးယစ်ဆေးဝါးသုံးစွဲမှု၊ ရောင်းချမှုမရှိစေရေး စစ်ဆေးကြပ်မတ်ပြီး စုံစမ်းဖော်ထုတ်ဖမ်းဆီးသွားရန် လိုအပ်ကြောင်း။

မြန်မာနိုင်ငံအတွင်း ၂၀၂၅ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဩဂုတ်လအထိ မူးယစ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသော မူးယစ်တရားခံပြေး ၅၈ ဦး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးလျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်ပြီး ၂၀၂၅ ခုနှစ်အတွင်း အမှုပေါင်း ၆၈၅ မှုမှ ပြည်သူ့ဘဏ္ဍာအဖြစ် ကျပ် ၄၂၈၅ သန်းကျော်၊ ၂၀၂၆ ခုနှစ် ဩဂုတ်လအထိ အမှုပေါင်း ၃၅၆ မှုမှ ပြည်သူ့ဘဏ္ဍာအဖြစ် ကျပ် ၃၅၈၅ သန်းကျော် သိမ်းဆည်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများမှာ ကိုယ်ကျိုးစွန့်လွှတ်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မိတ်ဖက်အဖွဲ့အစည်းများမှလူပုဂ္ဂိုလ်များနှင့် သတင်းပေးများအား ဆုကြေးငွေနှင့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးလျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးနှင့်အတူ လက်နက်၊ ခဲယမ်းများသိမ်းဆည်းရမိပါက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ဆုကြေးငွေများ ထပ်ဆောင်းချီးမြှင့်ပေးလျက်ရှိကြောင်း။

ဘိန်းစိုက်ပျိုးမှု လျှော့နည်းပပျောက်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြိုတင်အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဘိန်းစိုက်တောင်သူများ ဝင်ငွေရရှိမည့်လုပ်ငန်းများအပြင် ဒေသနှင့်ကိုက်ညီသည့် သီးနှံများ စိုက်ပျိုးရေးနှင့် ဈေးကွက်ရရှိရေး စီမံဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

အစားထိုးစိုက်ပျိုးရေးလုပ်ငန်းများတွင် မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ အထွက်နှုန်း ကောင်းမွန်သည့် သီးနှံမျိုးစေ့များရရှိရေး၊ မြေဩဇာနှင့် ပိုးသတ်ဆေးများ ရရှိရေး ဆောင်ရွက်ပေးရန်၊ မွေးမြူရေးတွင် ဒေသနှင့်ကိုက်ညီသည့် တိရစ္ဆာန်များ ထောက်ပံ့ခြင်း၊ သင်တန်းများပေးခြင်း၊ တိရစ္ဆာန်ကုသဆေးနှင့်ရောဂါကာကွယ်ဆေးများရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ မူးယစ်ဆေးစွဲသူများ ဆေးကုသမှုခံယူရေး စည်းရုံးဆောင်ရွက်ရန်၊ ဆေးကုသပြီးသူများ ထပ်မံမသုံးစွဲရေး နောက်ဆက်တွဲစောင့်ရှောက်မှုပေးရန်နှင့် ဝေးလံခက်ခဲသည့်ဒေသများတွင် မူးယစ်ဆေးစွဲရောဂါကုဌာနငယ်များဖွင့်လှစ်၍ ဆရာဝန်များ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပြန်လည်ထူထောင်ရေး အထောက်အပံ့များရရှိစေရန်၊ ကုသရေးစခန်းများ တိုးချဲ့ဖွင့်လှစ်ရန်၊ ဆေးကုသမှုခံယူပြီးသူများ လူ့အဖွဲ့အစည်းအတွင်း ပြန်လည်နေထိုင်ဝင်ဆံ့လာစေရေးနှင့် မိမိဘဝရပ်တည်နိုင်စေရန် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် တက်ရောက်လာကြသူများက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးကြပြီး မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးလှိုင်၊ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် လည်းကောင်း ပါဝင်တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# လာမည့်နွေရာသီအမီ လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးနိုင်ရန်အတွက် ဆောင်ရွက်နေသည့်စီမံကိန်းများ အချိန်မီပြီးစီးရေး ကြိုးစားဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် မှာကြား



**နေပြည်တော် စက်တင်ဘာ ၁၆**

လာမည့်နွေရာသီအမီ လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးနိုင်ရန်အတွက် ဆောင်ရွက်နေသည့် စီမံကိန်းများ အချိန်မီပြီးစီးရေး ကြိုးစားဆောင်ရွက်ကြရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေရှိ ၂၃၀ ကေဗွီ ပျဉ်းမနားပင်မဓာတ်အားခွဲရုံနှင့် ရွှေမြို့ပင်မဓာတ်အားခွဲရုံများကို ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ယခု မိုးရာသီကာလအတွင်း ဓာတ်အားထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးနိုင်မှု၊ ဓာတ်အားထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးနေစဉ်အတွင်း ဓာတ်အားစနစ် တစ်ခုလုံးပြတ်တောက်ခြင်း(System Breakdown) ဖြစ်ပေါ်ရမှု အခြေအနေ၊ လာမည့်နွေရာသီတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ဖြန့်ဖြူးရန်ဆောင်ရွက်ထားမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

တင်ပြမှုများအပေါ် System Breakdown ဖြစ်ပေါ်မှုသည် ဓာတ်အားစနစ်တွင် လက်ခံနိုင်စရာမရှိသည့်အတွက် ပပျောက်စေရေး ဆောင်ရွက်လျက်ရှိသော်လည်း အချိန်ကာလတစ်ခုကြာမြင့်မည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်နေချိန်အတွင်း နိုင်ငံတော်၏ အရေးကြီးနေရာများတွင်ဓာတ်အားလုံးဝပြတ်တောက်မသွားစေရေးနှင့် အမြန်ဆုံးဓာတ်အားစနစ်ပြန်လည်မောင်းနှင်နိုင်ရေးအတွက် Battery Energy Storage System (BESS) စနစ်ဖြင့် ဆောင်ရွက်သွားနိုင်ရန် စီမံဆောင်ရွက်လျက်ရှိရာ ဓာတ်အားပေးရမည့် နေရာများအလိုက် အနည်းဆုံးလိုအပ်မည့် ဝန်အားများအား တိကျစွာ တွက်ချက်ထားရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့အတူ ဝန်ထမ်းများ၏လုပ်ငန်းဆိုင်ရာ တင်ပြမှုများကိုလည်း ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုယုံကြည်အားကိုးရသည့် လျှပ်စစ်ဓာတ်အားစနစ်ဖြစ်ပေါ်လာစေရေးအတွက် ဓာတ်အားထုတ်လုပ်မှု၊ ပို့လွှတ်မှု၊ ဖြန့်ဖြူးမှု အပိုင်းသုံးပိုင်းလုံးတွင် ဟန်ချက်ညီ တိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ



# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၆**

ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဆောင်ရွက်နေသော လူမှုကရုဏာအကူအညီများပေးရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကြက်ခြေနီအသင်း ရန်ကုန်ရုံးခွဲသို့ "KBZ BANK" မိသားစုက ယမန်နေ့က အလှူငွေများ လာရောက်လှူဒါန်းခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် "KBZ BANK" မိသားစုက အလှူငွေကျပ် ၈၂၀၁၅၅၀၀ ကို မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်ထံ ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါအလှူငွေပေးအပ်ပွဲသို့ အသင်းအလုပ်အမှုဆောင်များ၊ KBZ BANK မှ CEO ဦးဇော်လင်းအောင်နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့ရှိ စမ်းကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၆**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ကျန်းမာရေးကဏ္ဍတိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ စမ်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အဆိုပါကျေးရွာရှိ စမ်းရွာကျောင်းတိုက်၌ အခြေပြု၍ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂ ပါးနှင့် ဒေသခံပြည်သူ ၁၀၅ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၁၆**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက်တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တောင်ပို့သာနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အေးချမ်းသာစံပြတို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံများရိုက်ကူးကြသည်။

ထို့နောက် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။





ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း အခုလိုပဲ ကြားသိခဲ့ရပါတယ်-





"ကျွန်မတို့ဒီနေ့စစ်သမိုင်းပြတိုက်ကိုလေ့လာရေးခရီးလာရတဲ့ရည်ရွယ်ချက်ကတော့ စစ်သမိုင်းပြတိုက်မှာပြသထားတဲ့ ပထမမြန်မာနိုင်ငံတော်ကြီး တည်ထောင်စဉ်ကစပြီးတော့ ယနေ့ခေတ်အချိန်ထိ တပ်မတော်ရဲ့ လုပ်ဆောင်ထားတဲ့အရာတွေကို လာရောက်ပြီးတော့ လေ့လာရခြင်းဖြစ်ပါတယ်ရှင်။ ကျောင်းသားတွေက တစ်နှစ်တာပတ်လုံး စာသင်ခန်းအတွင်းမှာပဲ အမြဲတမ်းသင်ခန်းစာတွေကို လေ့လာသင်ယူနေရတာထက်အခုလိုလေ့လာရေးခရီးတွေကို လာရောက်လေ့လာရတဲ့အခါမှာ စာတွေ့ရော လက်တွေ့ပါ နှစ်ခုစလုံးလေ့လာရတဲ့အတွက်ကြောင့် အသိပညာတွေလည်း ပိုပြီးတော့ ရရှိစေပါတယ်ရှင်။ ကျွန်မတို့ ဆရာမတွေအနေနဲ့လည်း သင်ခန်းစာသင်ကြားရတဲ့အခါမှာ အခုလိုလေ့လာရေးခရီးတွေသွားပြီးတော့ ကျောင်းသားတွေနဲ့အတူတူလေ့လာရတဲ့အတွက်ကြောင့် ဗဟုသုတတွေလည်း အများကြီးရရှိပါတယ်ရှင်။ အခုလိုမျိုး စစ်သမိုင်းပြတိုက်ကိုလာရောက်လေ့လာရတဲ့အတွက်ကြောင့် ကျောင်းသားတွေကလည်း စာသင်ခန်းအတွင်း သင်ခန်းစာတွေသင်ယူတဲ့အခါမှာ ပိုပြီးတော့နားလည်ထိရောက်လာမှာ ဖြစ်ပါတယ်။ ဆရာ၊ ဆရာမတွေအနေနဲ့လည်း ကျောင်းသားတွေကို သင်ကြားပေးတဲ့အခါမှာ ပိုပြီးတော့တိကျသေချာတဲ့ အချက်အလက်တွေကို သင်ကြားပေးနိုင်မှာဖြစ်ပါတယ်။ အခုလိုမျိုး ကျောင်းသားရော၊ ဆရာရော သင်ခန်းစာတွေနဲ့ပတ်သက်ပြီးတော့ တိကျနားလည်အောင် သင်ကြားပေးလိုက်တဲ့အခါမှာ ဒီကျောင်းသားတွေသည် နောင်တစ်ချိန်မှာ အမိနိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ပေးနိုင်တဲ့ နိုင်ငံ့သားကောင်းတွေဖြစ်ထွန်းလာမယ်လို့ မျှော်လင့်မိပါတယ်ရှင်။ အခုလိုမျိုးလေ့လာရေးခရီးတွေကို သွားခွင့်ရအောင်လို့ လုပ်ဆောင်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေ၊ တာဝန်ရှိသူတွေ၊ ဒီစစ်သမိုင်းပြတိုက်မှာရှိတဲ့တာဝန်ရှိအရာရှိတွေ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်ရှင်"ဟု ပြောသည်။

"ဒီကိုလာရတဲ့ ရည်ရွယ်ချက်ကတော့ ဒီမှာခင်းကျင်းပြသထားတဲ့ ပြခန်းတွေကို အသေးစိတ်လေ့လာသိရှိဖို့ပဲ ဖြစ်ပါတယ်ရှင်။ အခုလို အသေးစိတ်လေ့လာသိရှိဖို့ ပံ့ပိုးပေးထားတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်ရှင်။ သမီးဒီစစ်သမိုင်းပြတိုက်မှာဆိုရင် စိတ်အဝင်စားဆုံးကတော့ လေယာဉ်ပျံပြကွက်ပဲဖြစ်ပါတယ်ရှင်။ လေယာဉ်ပျံရဲ့ အသေးစိတ်ပြကွက်တွေကိုလည်းလေ့လာခဲ့ရပါတယ်ရှင်။ သင်္ဘောရဲ့ အသေးစိတ်ပြကွက်တွေကိုလည်း လေ့လာခဲ့ရပါတယ်ရှင်။ စာထဲမှာသင်ရတဲ့ စာတွေ့ထက်အပြင်မှာ လက်တွေ့က ပိုကောင်းပြီးတော့ အထောက်အကူလည်းဖြစ်စေပါတယ်ရှင်။ သမီးတို့ကို ဒီကိုရောက်အောင် ပို့ဆောင်ပေးတဲ့ အကြီးအမှူးတွေရော၊ ဆရာ၊ ဆရာမတွေရော၊ ရှင်းပြပေးတဲ့ ဦးလေးတွေကိုရော အားလုံးပဲကျေးဇူးတင်ပါတယ်ရှင်"ဟု ပြောသည်။

(၁၀၀)

# ညောင်တုန်းကျွန်းတာ မြစ်ကမ်းပါးရေတိုက်စားမှုကြောင့် မြေအိပ်ကျမှုဖြစ်ပွားခဲ့သည့်နေရာ၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**ပုသိမ် စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ချောင်းကြီးကျေးရွာအုပ်စု ချောင်းဖျားကျေးရွာရှိ ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)၌ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ဆည်မြောင်းတာအိပ်ကျမှုဖြစ်ပွားခဲ့သည့် နေရာများတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် တာ၏ကြံ့ခိုင်မှုနှင့် လုံခြုံစိတ်ချရမှုရှိစေရေး အထူးဂရုပြုဆောင်ရွက်ရန်၊ ရေစီးကြောင်းအခြေအနေ၊ ရေစီးနှုန်းနှင့် ကမ်းပါးအခြေအနေကို အမြဲမပြတ်စောင့်ကြည့်စစ်ဆေးပြီး လိုအပ်သည့်နေရာများတွင် အချိန်မီကြိုတင်ပြင်ဆင်ကာကွယ်ဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါမြစ်ကမ်းပါးရေတိုက်စားသည့်နေရာများတွင် ယာယီပန်းတာတည်ဆောက်ခြင်း စုစုပေါင်း အလျားပေ ၂၄၅၀၊ သဲအိတ်ဖြင့်တာခြေထောက်ခြင်း အလျားပေ ၅၉၀၀၊ တုတ်တန်းရိုက်သဲအိတ်ဖြည့်ခြင်း အလျားပေ ၁၂၀၀၊ တုတ်တန်းအား slope တာခြေထောက်ခြင်း ပေ ၁၂၀၀၊ Geotextile အုပ်ခြင်း ပေ ၁၆၀၀၊ ရေလမ်းသောင်တူးခြင်းလုပ်ငန်း ၉၃၂၀ ကုဗမီတာ၊ Floating Structure တည်ဆောက်ခြင်းလုပ်ငန်း (ဝါးကိုင်းထည့်ခြင်း) ပေ ၁၀၀၀၊ Steel Cable Groyne (သံမဏိကြိုးအသုံးပြုရေစီးထိန်းလုပ်ငန်း) အလျားပေ ၁၀၀ ၁၀ ချောင်းဖြင့် ဆောင်ရွက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် Porcupine (ရေစီးနှုန်းလျော့ကျစေပြီး ရေထဲတွင်ပါလာသောနုန်းမြေ (Sediment)များ စုပုံလာအောင်ပြုလုပ်သည့်လုပ်ငန်း) ချထားခြင်း ၇၃၈ ခု ဆောင်ရွက်ပြီးစီးခဲ့ပြီး မြစ်ကမ်းထိန်းသိမ်းခြင်းလုပ်ငန်းများကိုစက်အင်အား၊ လူအင်အားအသုံးပြု၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

▼ ရှေ့ဖုံးမှအဆက်

ဖြစ်ပေါ်ခဲ့သည့်နေရာအား ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ Floating Structure တည်ဆောက်ခြင်း၊ တာမိုင်(၁၁/၆+၆၀၀')မှ(၁၁/၆+၆၅၀') အတွင်း Steel Cable Groyne (သံမဏိကြိုးအသုံးပြု ရေစီးထိန်းလုပ်ငန်း)ဆောင်ရွက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်းလုပ်ငန်းများကိုနယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍လူအင်အား၊ စက်ယန္တရားများဖြင့်အင်တိုက်အားတိုက် အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့်တာဝန်ရှိသူများ နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကိုကြည့်ရှုစဉ်။



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။

နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဝဝန်ပန်းတာ ရေဝင်ရောက်မှုထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။



အလားတူ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင်လ ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝဝန်မြစ်ရေကာတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှထုးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့်ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်၅ ခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်းသိရသည်။

အဆိုပါဝဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဝဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီးလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရေသောက်စနစ်များအတွင်း မြေအောက်ရေဖြည့်တင်းနိုင်စွမ်း (Groundwater Recharge) ကို သုတေသနပြု၍ ထိရောက်စွာအသုံးပြုနိုင်ရေးဆောင်ရွက်ရန်မှာကြား

**နေပြည်တော် စက်တင်ဘာ ၁၆**

ရေသောက်စနစ်များအတွင်း မြေအောက်ရေ ဖြည့်တင်းနိုင်စွမ်း (Groundwater Recharge) ကို သုတေသနပြု၍ ထိရောက်စွာ အသုံးပြုနိုင်ရေး ဆောင်ရွက်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ယမန်နေ့က ပျော်ဘွယ်မြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိရုံး၌ ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်တာဝန်ခံများနှင့်တွေ့ဆုံစဉ် မှာကြားသည်။

ထို့မှတစ်ဆင့် ပျော်ဘွယ်မြို့နယ်ရှိ ကျောက်ဆည်ကန်ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက နှစ်အလိုက် တမံမြေဖို့ခြင်းလုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များ၊ မူလတမံအမြင့်အတိုင်း ပြုပြင်ဆောင်ရွက်မည့်အစီအစဉ်များ၊ ရေတံခါးတပ်အကူ ရေပိုလွှဲတည်ဆောက်မည့်အစီအစဉ်များ ရှင်းလင်းတင်ပြမှုအပေါ် နည်းပညာပိုင်းဆိုင်ရာလိုအပ်ချက်များကို ဆွေးနွေးမှာကြားကာ တက်ရောက်လာသော ဒေသခံတောင်သူများ တင်ပြလာသည့် အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျောက်ဆည်ကန်သည် တမံပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုမရှိသေးသော်လည်း မိုးစပါး ၉၈၃ ဧကနှင့် မိုးအခြားသီးနှံ ၃၀၄ ဧကကို စိုက်ပျိုးရေပေးဝေလျက်ရှိသည်။



အဆိုပါခရီးစဉ်အတွင်း ရမည်းသင်းခရိုင်အတွင်းရှိ ကျီးနီကန်ရေသို့လှောင်ထားရှိမှု အခြေအနေကိုသွားရောက် ကြည့်ရှုစစ်ဆေးပြီး ကျီးနီကန်အတွင်း ဝင်ရောက်နေသည့် နုန်းများဆယ်ယူနိုင်ရေး၊ နုန်းဖမ်းတမံများတည်ဆောက်နိုင်ရေး၊ မူလစိစစ်ဧကများအတိုင်း လျှာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးနှင့် အထွက်နှုန်း တိုးတက်ရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေပမာဏအတိုင်းပေးဝေနိုင်ရေး၊ စိုက်ပျိုးရေပိုမိုတိုးတက်ရရှိရေးနှင့် ကုန်းမြင့်ဒေသများသို့ အနိမ့်တင်ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေပေးဝေနိုင်ရေး ဆွေးနွေးပြောကြားသည်။

ထို့ပြင် ကတင်ကန် အမှတ်(၃)မြောင်း၊ လက်တံခွဲ(၂) မြောင်းဆုံးမြောင်းဖျားရေရရှိရေး အခြေအနေ၊ အင်ကြင်းကန် ကျေးရွာအုပ်စုရှိ ၂၀၂၆-၂၀၂၇ မိုးစပါးမျိုးစေ့ထုတ် ဧက ၅၀ စံပြကွက်စိုက်ပျိုးထားရှိမှု၊ ကျီးနီကန် အမှတ်(၃)မြောင်းမှ စိုက်ပျိုးရေပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

## မိုးပိုလာနိုင်

**နေပြည်တော် စက်တင်ဘာ ၁၆**

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

(မိုး/ဇလ)

# အိမ်ရှင်ထိုင်းကစားသမားကို အနိုင်ရရှိကာ သက်ထားသူဇာ နောက်တစ်ဆင့်တက်ရောက်

**ရန်ကုန် စက်တင်ဘာ ၁၆**

ထိုင်းနိုင်ငံ၌ ကျင်းပလျက်ရှိသည့် TOYOTA Nakhon Sawan International Series 2026 ကြက်တောင်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်း ၆၄ ဦးအဆင့်ပွဲစဉ်တွင် မြန်မာ့လက်ရွေးစင် ကြက်တောင်ကစားသမား သက်ထားသူဇာသည် အိမ်ရှင်ထိုင်းကစားသမား Nathida Buramart ကို နှစ်ပွဲနိုင်ဖြင့်အနိုင်ရရှိကာ နောက်တစ်ဆင့်သို့တက်ရောက်နိုင်ခဲ့သည်။

ယနေ့ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်၌ သက်ထားသူဇာသည် လက်စွမ်းပြကာ ထိုင်းကစားသမား Nathida Buramart ကို ပထမပွဲစဉ်တွင် ၂၁-၁၁ ဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် ၂၁-၁၅ ဖြင့်လည်းကောင်း နှစ်ပွဲစလုံး၌ ပြိုင်ဘက်ကို ဖိအားပေးထိန်းချုပ်ကစားနိုင်ခဲ့သည်။ သက်ထားသူဇာသည် နောက်တစ်ဆင့် (၃၂ ဦးအဆင့်) ပွဲစဉ်အဖြစ် ဂျပန်ကစားသမား မတ်ဆုမိုတိုနှင့်စက်တင်ဘာလ ၁၇ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။


TOYOTA Nakhon Sawan International Series 2026 ကြက်တောင်ပြိုင်ပွဲကို စက်တင်ဘာလ ၁၅ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ Tambon Pak Nam Pho ရှိ Nakhon Sawan Provincial Stadium ၌ ကျင်းပလျက်ရှိပြီး စုစုပေါင်း ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ချီးမြှင့်မည့် နိုင်ငံတကာအဆင့် ကြက်တောင်ပြိုင်ပွဲတစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါကြက်တောင်ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်း၌ မြန်မာ့လက်ရွေးစင်ကစားသမားများဖြစ်ကြသည့် ဟိန်းထက်၊ ဉာဏ်ရှိုင်းလင်းနှင့် ဖုန်းပြည့်နိုင်၊ အမျိုးသမီးတစ်ဦးချင်းတွင် သက်ထားသူဇာ၊ အမျိုးသားနှစ်ဦးချင်းပြိုင်ပွဲတွင် ဖြိုးသူရိန်ကျော်နှင့် လာလ်ဇူဒီကာ(တွဲဖက်)တို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။




နေမျိုး၊ ဓာတ်ပုံ-FJPB

## မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်တွင် Online အသုံးပြု၍ ကျောက်မျက်ရတနာများလိမ်လည်ရောင်းချမှုမှ ဖမ်းဆီးရမိသည့် တရားခံများ အခြေပြဇယား




⇨ **ကျောဖုံးမှအဆက်**

ရှိသည့် တရုတ်နိုင်ငံသား Mr. Chen Xiao Dai(ချိန်ရှောင်းတိုက်) ဦးဆောင်သည့် တရုတ်နိုင်ငံသား အမျိုးသား၂ဦး၊အင်ဒိုနီးရှားနိုင်ငံသား အမျိုးသား ၂ ဦး၊ အမျိုးသမီး ၂ ဦး၊ မလေးရှားနိုင်ငံသား အမျိုးသား ၁ ဦး၊မြန်မာနိုင်ငံသား အမျိုးသား ၆ ဦး၊ အမျိုးသမီး ၇ဦး၊စုစုပေါင်းတရားခံ ၂၀ ဦးတို့အား Online လိမ်လည်ရာတွင် အသုံးပြုသည့် Desktop Computer ၂၈ လုံး၊ Laptop Computer ၃ လုံး၊ ကွန်ပျူတာ System Box ၂ လုံး၊ ဖုန်း ၈၁ လုံး၊ Tablet ၃ လုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်၊

ဆက်လက်၍ စက်တင်ဘာလ ၃ ရက်နေ့ ညနေပိုင်းတွင် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၁) ရပ်ကွက်၊ ၆၈ လမ်းနှင့် ၁၀၁ လမ်းထောင့်ရှိ တရားခံ အင်ခွန်ခါးတောမ်၏ "မက်ဒါလီနမွန် (MagDalena-moom) ကျောက်မျက်ရတနာ ရောင်းဝယ်ရေး" နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ Online အသုံးပြု၍ ကျောက်မျက်ရတနာများအား လိမ်လည်ရောင်းချလျက်ရှိသော ကွင်းဆက်တရားခံများဖြစ်ကြသည့် အင်ခွန်ခါးတောမ်ပါ မြန်မာနိုင်ငံသား အမျိုးသမီး ၃ ဦး၊ အမျိုးသား ၁ ဦးနှင့် တရုတ်နိုင်ငံသား အမျိုးသား ၄ ဦး၊ စုစုပေါင်း တရားခံ ၈ ဦးတို့အား ဖုန်းမျိုးစုံ ၄၉၈ လုံး၊ Tablet ၁ လုံး၊ XL အမျိုးအစား Laptop ၁ လုံး၊ Computer System Board ၅ လုံး၊ Computer Monitor ၁ လုံး၊ ကျောက်စိမ်းဟုယူဆရသည့် လက်ကောက် ၁၅ ကွင်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ တရုတ်နိုင်ငံသား Chen Xiao Dai (ချိန်ရှောင်းတိုက်)အား စစ်ဆေးရာ ၎င်းသည် လိမ်လည်မှုများအား ခေါင်းဆောင်သူဖြစ်ပြီး Online လိမ်လည်မှုပြုလုပ်ရန် ဖုန်းမျိုးစုံ အလုံး ၅၀၀ ခန့်အား လာအိုနိုင်ငံနယ်စပ်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်သယ်ယူခဲ့ကြောင်း၊ မဟာအောင်မြေမြို့နယ်ရှိ သုံးထပ်တိုက်နှင့် တရားခံ အင်ခွန်ခါးတောမ်၏ ကျောက်မျက်အရောင်းခြံတို့၌ ကျောက်စိမ်းအချောထည်အတုများနှင့်အရည်အသွေးမကောင်းသော အချောထည်များကို ကြိုတင်ပြင်ဆင်စုဆောင်းထားကာ အရောင်တူကျောက် ၁၀ လုံးအား အိတ်များအတွင်းထည့်၍ ၎င်းတို့၏အဖွဲ့ဝင်များက ကံစမ်းသည့် ပုံစံဖြင့် သရုပ်ဆောင်ကာ Live လွှင့်ပြီး ရောင်းချကြောင်း၊ ကံစမ်းမဲပေါက်သူများအား ကျောက်စိမ်းအကြမ်းထည် ၁ အိတ်လက်ဆောင်ရရှိသဖြင့် ပေးပို့ရန် အခွန်အခပေးရမည်ဟုလိမ်လည်၍ ငွေများလက်ခံရယူပြီးနောက် Block ခဲ့ကြောင်း၊ လိမ်လည်ရာမှ ရရှိသည့်ငွေများအား အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံရှိ Bank Account များသို့ တိုက်ရိုက်ငွေလွှဲပေးပို့စေခဲ့ခြင်းဖြစ်ကြောင်းနှင့် တရားခံ အင်ခွန်ခါးတောမ်သည် ၎င်း၏ နေအိမ်အား ကျောက်မျက်ရတနာ ရောင်းဝယ်ရေးဆိုင်ဖွင့်လှစ်ပြီး တရုတ်နိုင်ငံသား Chen Xiao Dai (ချိန်ရှောင်းတိုက်)နှင့်အတူ Online အသုံးပြုကာ ကျောက်မျက်ရတနာ လိမ်လည်ရောင်းချသည့် အလုပ်လုပ်ကိုင်ခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် Online အသုံးပြု၍ ကျောက်မျက်ရတနာအတုများနှင့် အရည်အသွေးမကောင်းသောအချောထည်များအား လိမ်လည်ရောင်းချသူ တရုတ်နိုင်ငံသား ၆ ဦး၊ မလေးရှားနိုင်ငံသား ၁ ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ၄ ဦး၊ မြန်မာနိုင်ငံသား ၁၇ ဦး၊ စုစုပေါင်း ၂၈ ဦးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။(၁၀၀)



မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၌ Online အသုံးပြု၍ ကျောက်မျက်ရတနာများ လိမ်လည်ရောင်းချသည့်အမှုမှ ဖမ်းဆီးရမိသည့် ပြည်ပနိုင်ငံသား အမျိုးသား ၉ ဦး၊ အမျိုးသမီး ၂ ဦးတို့အားတွေ့ရစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက်ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၆-၉-၂၀၂၆

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ပေါင် | ၂ ဒသမ | ၇၂ | လက်မ | | ရန်ကုန် | ၁ ဒသမ | ၄၁ | လက်မ |
| ကျောက်ဆည် | ၂ ဒသမ | ၄၄ | လက်မ | | (ဗိုလ်တထောင်မြို့နယ်) | | | |
| ချောင်းဆုံ | ၂ ဒသမ | ၃၆ | လက်မ | | သန်လျင် | ၁ ဒသမ | ၃၄ | လက်မ |
| မော်လမြိုင် | ၂ ဒသမ | ၀၅ | လက်မ | | နေပြည်တော် | ၁ ဒသမ | ၂၆ | လက်မ |
| လော | ၁ ဒသမ | ၆၉ | လက်မ | | (ဥတ္တရသီရိမြို့နယ်) | | | |
| ရွှေကျင် | ၁ ဒသမ | ၅၇ | လက်မ | | စစ်တွေ | ၁ ဒသမ | ၁၄ | လက်မ |

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ရေး အသိပညာပေးဟောပြော



**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် ကျောက်တံတားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၁၆ ရက်တွင် ကျောက်တံတားမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ပြည့်ပြည့်ဝန်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်လှမေက အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြပြီး ခင်းကျင်းပြသထားသော စာအုပ်များနှင့် အသိပညာပေး နံရံကပ်စာစောင်များကို ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

(ပြန်/ဆက်)

# လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ်၌ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများကို စက်တင်ဘာလ ၁၅ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်က လူကုန်ကူးမှု၏သဘောသဘာဝ၊ လူကုန်ကူးသူများ အသုံးပြုလေ့ရှိသော နည်းလမ်းများ၊ လူကုန်ကူးခံရသည့် ပုံစံများနှင့် ဆိုးကျိုးများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်ဉာဏ်သွေးဖွံ့ဖြိုးတိုးတက်စေရေး ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဂိမ်းပြိုင်ပွဲများကို ကျင်းပပြီး ဆုရရှိသူများကို အမှတ်တရလက်ဆောင်များ ချီးမြှင့်ခြင်း၊ အသိပညာ ဗဟုသုတရရှိစေမည့် နံရံကပ်စာစောင် ပြသခြင်းနှင့် သုတ၊ ရသစာအုပ်စာစောင်များ ပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

# မင်းတုန်းမြို့နယ် လက်ပွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းတုန်း စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ချစ်နစ်ကျေးရွာအုပ်စု လက်ပွကျေးရွာ၌ ၁၂ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာလ ၁၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ မင်းတုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခုတ်မွန်းလျှံက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် စီမံကိန်းမှတိုးပွားလာသော အတိုးငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ငွေကျပ် ၄၇ ဒသမ ၃ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လက်ပွကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးအတွက် ငွေကျပ် ၂၆ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးအတွက် ငွေကျပ် ၂၀ ဒသမ ၇၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဆက်လူ

# ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပ

**မင်းဘူး စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာလ ၁၆ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် မင်းဘူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်က ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး Video Clip ကိုပြသသည်။

ဆက်လက်၍ တာဝန်ရှိသူများက ခရိုင်အဆင့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အဖြစ်ကျင်းပခဲ့သည့် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

# မြို့နယ်ပညာရေးမှူးဖလား အသက် ၁၄ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲဖွင့်

**တနသ်ာရီ စက်တင်ဘာ ၁၆**

ကျောင်းသား၊ ကျောင်းသူများ အားကစားကို စိတ်ပါဝင်စားလာစေရန်၊ ကိုယ်ကာယကျန်းမာကြံ့ခိုင်စေရန်နှင့် အားကစားစိတ်ဓာတ်များ ရှင်သန်ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ တနသ်ာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနသ်ာရီမြို့နယ်ပညာရေးမှူးဖလား အသက် ၁၄ နှစ်အောက် အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁၅ ရက်က ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ ဦးဖိလစ်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ ဦးဖိလစ်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် အ.ထ.က(တနသ်ာရီ)နှင့် အ.ထ.က(မော်တုန်း)ကျောင်းမှ ကျောင်းသူများက Fitness Dance ဖြင့် ဖျော်ဖြေတင်ဆက်ကာ အ.လ.က (လယ်တောင်ယာ)အသင်းနှင့် အ.လ.က (ရှမ်းအင်းတော်)အသင်းတို့ စတင်ယှဉ်ပြိုင်ကစားကြသည်။



အဆိုပါ မြို့နယ်ပညာရေးမှူးဖလား အသက် ၁၄ နှစ်အောက် အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အမျိုးသားအသင်း ခုနစ်သင်းနှင့် အမျိုးသမီးအသင်း လေးသင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲများကို စက်တင်ဘာလ ၁၅ ရက်မှ ၂၅ ရက်အထိ သတ်မှတ်ထားသည့် ပွဲစဉ်များအတိုင်း ပြိုင်ပွဲဝင်အသင်းများက ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ဘော်လီဘောနည်းပြသင်တန်းဖွင့်၊ အရည်အချင်းပြည့်မီသူများ လိုင်စင်ပေးအပ်

**ရန်ကုန် စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ ဖွင့်လှစ်သည့် ဘော်လီဘောနည်းပြသင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သင်တန်းသား ၇၄ ဦး တက်ရောက်ကြပြီး သင်တန်းသားများကို စက်တင်ဘာလ ၁၅ ရက်က အေလိုင်စင်၊ ဘီလိုင်စင်နှင့် စီလိုင်စင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဘော်လီဘောနည်းပြသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(မြောက်ပိုင်း)မြို့နယ်ရှိ မြောက်ဒဂုံအားကစားရုံ၌ ဖွင့်လှစ်ခဲ့ပြီး ၂၀၂၅ ခုနှစ်က ပထမအကြိမ်အဖြစ်ဖွင့်လှစ်ကာ ယခုနှစ်တွင် ဒုတိယအကြိမ်ဖွင့်လှစ်ခြင်းဖြစ်သည်။

"နောက်ပိုင်းကျရင် နည်းပြသင်တန်းလိုင်စင်ရှိတဲ့သူတွေပဲ ကလပ်ပေါင်းစုံပွဲ၊ ပြည်နယ်နဲ့တိုင်းပွဲ၊ ကျန်တဲ့ဌာနဆိုင်ရာ ဝန်ကြီးဌာနပွဲအားလုံးမှာ နည်းပြခွင့်ရှိမှာဖြစ်ပါတယ်။ နည်းပြတွေအနေနဲ့ သတ်မှတ်ထားတဲ့နည်းဥပဒေတွေကိုသိရှိစေဖို့ အခုလိုသင်တန်းတွေကို ဖွင့်ပေးတာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးလှမော်ကပြောသည်။

ယင်းသင်တန်းတွင် ဘော်လီဘောနှင့်ပတ်သက်သည့် စာတွေ့သင်ရိုးများ၊ ဘော်လီဘောနည်းပြ၏အရည်အချင်းများကို လက်တွေ့သင်ကြားပေးပြီး အရည်အချင်းစစ်စာတွေ့စစ်ဆေးခြင်း၊ လက်တွေ့စစ်ဆေးခြင်းများ ဆောင်ရွက်ကာ စာတွေ့ရောလက်တွေ့ပါ ကောင်းမွန်မှသာ အေလိုင်စင်၊ ဘီလိုင်စင်၊ စီလိုင်စင်များ ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

MYAWADY IN ENGLISH DAILY EDITION

# Vice President U Nyo Saw arrives in China for 23rd China-ASEAN Expo and China-ASEAN Business and Investment Summit, holds talks with Chinese Vice Premier

**NANNING September 16**

Vice President U Nyo Saw, accompanied by Union Minister for Commerce U Tun Ohn, Deputy Minister for Foreign Affairs U Naing Min Kyaw and departmental officials, left Yangon by air this morning to attend the 23rd China-ASEAN Expo and the 23rd China-ASEAN Business and Investment Summit to be held in Nanning, Guangxi Zhuang Autonomous Region, People's Republic of China. Yangon Region Chief Minister U Aung Naing Thu, the Commander of Yangon Region Command, Yangon Region ministers and officials from the Embassy of the People's Republic of China in Myanmar saw them off at Yangon International Airport.

In the afternoon, Vice President U Nyo Saw arrived in Nanning, People's Republic of China, and met with Vice Premier of the People's Republic of China Mr. Ding Xuexiang at Liyuan State Guesthouse in Nanning. During the meeting, they had cordial and frank discussions on the ongoing implementation of matters coordinated and discussed between the two countries, as well as agreements signed during President U Min Aung Hlaing's goodwill visit to the People's Republic of China; matters related to the implementation of projects under the China-Myanmar Economic Corridor; bilateral relations; stability and peace in border areas; promoting bilateral trade and investment; cooperation in combating transnational crimes, including online scams, between the two countries; and cooperation on regional and international affairs.



Vice President U Nyo Saw holds talks with Chinese Vice Premier Mr. Ding Xuexiang at Liyuan State Guesthouse in Nanning.


Also attending the meeting together with Vice President U Nyo Saw were Union Minister for Commerce U Tun Ohn, Bago Region Chief Minister U Myo Swe Win, Deputy Minister for Foreign Affairs U Naing Min Kyaw, Myanmar Ambassador to the People's Republic of China U Zaw Win Myint and officials.

In the evening, Vice President U Nyo Saw attended a welcome dinner hosted by Vice Premier of the People's Republic of China at the Liyuan International Conference Center.

**Myawady**

# The True Identity of Fugitive Kyaw Moe Tun

**Min Khant**




"News of fugitive Kyaw Moe Tun spotted on social media"

In the near future, the United Nations Credentials Committee will review and decide on the appointment of Permanent Representatives and Ambassadors for UN member states.

The position of Ambassador is nominated by the respective government, the credentials of the representative was examined by a 9-member Credentials Committee.

Due to the political developments in 2021, consideration of the representation of Myanmar was deferred. However, Kyaw Moe Tun, who was appointed by the NLD government in October 2020, lacks official representation rights for Myanmar under Credentials Committee Rule-29. Since he has not yet been removed from his seat, he is currently seen acting in the capacity of an interim Permanent Representative at the UN.

Due to political legitimacy disputes over the government that assumed state responsibilities from 2021 to April 2026, former Ambassador Kyaw Moe Tun appointed by the NLD government has been able to act misleadingly in UN informal meetings as if he represents Myanmar.

In the upcoming Credentials Committee meeting during 81st United Nations General Assembly, member states must (consider whether to recognize the Permanent Representative

SEE PAGE - 22

FROM PAGE - 21

nominated by the Government of Myanmar, or alternatively, to leave the seat vacant or defer consideration of the matter, as has been the practice in previous years).

Therefore, three key points are presented for the consideration of the members of the Credentials Committee and the broader UN Community, clarifying the status of former Ambassador Kyaw Moe Tun, and reflecting the legitimate demands and aspirations of the people of Myanmar.

**First, former Ambassador Kyaw Moe Tun is a traitorous employee and a fugitive who has been charged under the existing laws of Myanmar, a UN member state. The charges against him are not political; arrest warrants were issued for committing treason and rebellion against the state under Penal Code Section 122(2), Unlawful Associations Act Section 17(1), Public Property Protection Act Section 6(1) and Penal Code Section 124(1). Furthermore, as a high-ranking diplomat of the Ministry of Foreign Affairs, he failed to comply with State orders and directives, pledged allegiance to, and represented, an organization that was declared illegal. Consequently, he was dismissed from civil service on February 27, 2021 and legal action was taken against him under the Anti-Terrorist law and Cyber Communication Law 66(D).**

It has been learned through investigation that Kyaw Moe Tun, a fugitive facing arrest warrants for criminal offenses, misappropriated state funds belonging to the Permanent Mission of Myanmar to the UN in New York for personal gain. Successive Myanmar governments deposited operating expenses for the permanent mission to the UN into an official embassy account at Bank of America in New York. As of 2021, February, the Mission maintained the remaining balances of over 30,000 Euros and US$-2.8 million. According to bank regulations, a joint account was opened under the names of the Ambassador and another individual to withdraw and utilize these funds.

The schemer Kyaw Moe Tun removed the joint signatory by exploiting the regulation of the Bank and the authority of the Ambassador so that he can gain sole control over the State funds held in the joint account for his personal use. These funds constitute State assets designated strictly for the operational expenditures of the Permanent Mission of Myanmar; personal use of these funds is prohibited, and the annual auditing in accordance with financial procedures is required. However, due to the fugitive Kyaw Moe Tun's misappropriation of these funds, it is learned that only a small amount of balance currently remains in the Bank of America account.

Thus, as a criminal fugitive, traitor Kyaw Moe Tun has also committed the offense of embezzling State assets. This financial crime caused loss to State funds during financial management, constituting corruption under Section 3(a) of the Anti-Corruption Law.

The Credentials Committee is requested not to allow such a morally corrupt individual and fugitive to stand or operate on the UN stage.

The schemer Kyaw Moe Tun committed high treason as part of a premeditated scheme to secure political asylum and residency in the United States using Mission-owned funds. In carrying out this scheme, he manipulated the Mission's official bank account to enable sole control for withdrawals, while also arranging for his parents and family members to enter the United States unlawfully through illegal channels so that they could reside with him.

Furthermore, to carry out his operational activities in New York, he facilitated the unlawful entry into the United States of former foreign service personnel who joined Disloyal Civil Servants (DCS)—namely, Su Su Aung, former Second Secretary of the Embassy of Myanmar in Washington D.C, Kaung Htet, former Second Secretary of the Embassy of Myanmar in Tel Aviv, Israel, and Zun Su Mon Oo, former attache of the Embassy of Myanmar in Phnom Penh, Cambodia—to serve as his assistants. Therefore, I would like to inform Your Excellency that his family members and assistants are individuals residing in the United States after entering through illegal channels under the pretext of refugees.

**It is also learnt that certain Myanmar nationals abroad are currently organizing public rallies aimed to prevent his removal from the United Nations arena. The primary objective behind these events is merely to shield him from his criminal offenses, financial scandals, and the unlawful immigration status of his family members residing illegally in the United States. These rallies, conducted under the guise of public support gatherings in coordination with overseas NUG supporters, are nothing more than incitements promoting terrorism. The majority of his supporters are individuals who have migrated to foreign countries under various circumstances across successive Myanmar governments and have the hostility mindset toward the incumbent government.**

**It is also learnt that certain Myanmar nationals abroad are currently organizing public rallies aimed to prevent his removal from the United Nations arena. The primary objective behind these events is merely to shield him from his criminal offenses, financial scandals, and the unlawful immigration status of his family members residing illegally in the United States. These rallies, conducted under the guise of public support gatherings in coordination with overseas NUG supporters, are nothing more than incitements promoting terrorism. The majority of his supporters are individuals who have migrated to foreign countries under various circumstances across successive Myanmar governments and have the hostility mindset toward the incumbent government.**

Rather than acting on genuine political conviction, most of these individuals exploit democracy and human rights in their host countries under a political cloak to secure financial grants and donations for personal comfort. Consequently, their so-called public rallies do not represent the vast majority of the Myanmar people who desire peace and stability of the nation. Instead, these are sham demonstrations organized by small gatherings to create photo opportunities for media coverage, serving solely to accord him personal protection in line with their usual pattern of activities.

The Credentials Committee is requested by the People of Myanmar who want to live with peace and stability, not to allow such an individual whose conduct is inconsistent with the ethical standards expected of a public official and who remains a fugitive, to continue representing Myanmar or to act in its name within the United Nations.

This demand is not a personal attack, nor a request for the UN to arrest and punish him. It is a call for his immediate removal because someone who has violated national laws and committed financial fraud does not deserve the title of UN Permanent Representative for Myanmar.

**Second, I would like to highlight that Kyaw Moe Tun is not eligible under Rule-27, and Rule-29 The UN Permanent Representative position for Myanmar.**

**By the Rule-27 UN member states present credentials for their representatives to the Secretary-General, issued by the Head of State, Head of Government, or Minister for Foreign Affairs. Kyaw Moe Tun was nominated under this rule by the NLD government in 2020. By 2026, the NLD government that appointed him no longer exists, and his representation is clearly for a non-governmental, terrorist organization rather than Myanmar.**

Due to the decision made by the Credentials Committee five years ago, the Government of Myanmar has been unable to appoint an official Permanent Representative or Ambassador to its Mission to the United Nations. As a result, the governing administration operating under the constitution is deprived of presenting its policies at the UN, and opportunities to cooperate effectively with the UN on humanitarian aid for the people of Myanmar are being lost.

Therefore, the Credentials Committee is requested to bring to an end the continued deferral of Myanmar's representation,

SEE PAGE - 23

FROM PAGE - 22

to cease recognizing Kyaw Moe Tun as Myanmar's representative under Rule 29, and to appoint the candidate proposed by the Head of the elected Government under Rule 27.

**Third, a person supporting an illegal terrorist group should not remain as a UN Permanent Representative. In this regard, an important consideration is whether the NUG which Kyaw Moe Tun represents, has been recognized or designated as a terrorist organization by the International Community. We are not asking the UN to designate the NUG as a terrorist organization, but presenting evidence that former Ambassador Kyaw Moe Tun should not be granted diplomatic immunity on the UN stage to openly support an organization currently monitored by international counter-terrorism bodies.**

The acts of violence committed by the NUG and its affiliate PDF groups designated as illegal terrorist organizations by a member state under existing laws are documented in terrorism index reports by the Global Terrorism Trends and Analysis Center.

Although the UN has not officially recognized the NUG or labeled it a terrorist organization, the NUG and its affiliated PDF groups continue to carry out targeted assassinations of innocent civilians under an "if you disagree, you are the enemy" mindset (labeling them dalans(informants)). They also destroy non-military state infrastructure, roads, and bridges, deliberately targeting education and health sectors under an "Utter Devastation Policy" aimed at internal instability. These facts have already been witnessed by the UN and Credentials Committee members.

Allowing a fugitive former ambassador, who represents neither the State nor the Government of Myanmar, to hold up a three-finger salute and openly support the NUG requires reconsideration by the Credentials Committee.

A critical concern is that enabling an unaccredited diplomat to challenge a State's authority from the UN floor sets a dangerous precedent, effectively normalizing betrayal of the sovereign Government.

The United Nations typically relies on precedent when addressing controversial matters, such as the case of fugitive Kyaw Moe Tun.If the Credentials Committee were to makes a politically biased decision to retain a law-breaking, criminal, and terror-supporting individual like Kyaw Moe Tun, it could set a troubling precedent, leading to a similar case in the future and undreaming the dignity, credibility and integrity of the United Nations.

The people of Myanmar believe it is inappropriate for the fugitive Kyaw Moe Tun to exploit diplomatic immunity to openly support and endorse the NUG and PDF—groups that the State government has designated as terrorist organizations in accordance with existing laws.

**The request of the people of Myanmar is neither a personal attack on Kyaw Moe Tun nor a demand for the UN to automatically remove him. Rather, it is an urgent call for the members of the Credentials Committee to act in accordance with UN regulations, and consider the appointment of the Permanent Representative proposed by the elected Government arising from current political developments.**

Therefore, the people of Myanmar view the true identity of the fugitive Kyaw Moe Tun's continued misuse of diplomatic immunity as unacceptable the true identity of him and request his removal as Myanmar's representative at the upcoming 81st Credentials Committee meeting.

**Second, I would like to highlight that Kyaw Moe Tun is not eligible under Rule-27, and Rule-29 The UN Permanent Representative position for Myanmar.**

**By the Rule-27 UN member states present credentials for their representatives to the Secretary-General, issued by the Head of State, Head of Government, or Minister for Foreign Affairs. Kyaw Moe Tun was nominated under this rule by the NLD government in 2020. By 2026, the NLD government that appointed him no longer exists, and his representation is clearly for a non-governmental, terrorist organization rather than Myanmar.**

# Myinmu Township sees completion of growing rainfed sesame on more than 800 acres of croplands

**MYINMU September 16**

A total of 888 acres of croplands have been placed under rianfed sesame in Myinmu Township of Sagaing Region this year, according to the Township Agriculture Department.

During the 2026-2027 monsoon crop cultivation season, Myinmu Township has planned to cultivate 19,050 acres of rainfed sesame. Cultivation began in May this year, and it has been reported that 888 acres have been planted to date.

"This year, during the monsoon crop cultivation season, Myinmu Township has planned to cultivate more than 19,000 acres of rainfed sesame. As of today, 888 acres have already been cultivated. We are also making arrangements to ensure that the target acreage is fully achieved. We are working to expand sesame cultivation areas, improve yields, and promote cultivation using Good Agricultural Practices (GAP) methods," said U Soe Paing, Head of the Myinmu Township Agriculture Department.

This year, the Myinmu Township Agriculture Department has been providing awareness and technical guidance to rainfed sesame farmers to expand sesame cultivation, adopt proper cultivation methods and GAP practices, use quality and pure seeds, and grow high-yielding varieties.

Crops cultivated and produced under the GAP system have better quality and can fetch higher prices compared to crops produced using other cultivation methods. They also have the advantage of being marketable not only in domestic markets but also in international markets. Therefore, farmers producing crops under the GAP system are expected to gain greater economic benefits and improve their socioeconomic conditions.

**SMK**

# All livestock feed crops harvested in Pwintbyu Township

**Pwintbyu September 16**

The Department of Agriculture in Pwintbyu Township stated that local farmers have harvested all plantations of animal feed crops in Pwintbyu Township of Magway Region.

They planted 10,220 acres of animal feed crops as cold season crops in the township. Starting from December 2025, they harvested the crop plantations. So far, they have reaped all plantations of animal feeds, producing 2,605 bales of animal feeds per acre.

"We were able to cultivate 10,220 acres of animal feed crops during the winter cropping season in Pwintbyu Township. The main livestock feed crops grown were maize, Napier grass and pulses. Harvesting of these livestock feed crops began in December 2025, and at present all cultivated acreage has been fully harvested. To prevent post-harvest losses, the necessary harvesting techniques and assistance were provided to ensure timely harvesting," said Daw Moe Moe Wai, head of the Township Agriculture Department in Pwintbyu Township.


Local farmers in Pwintbyu Township are engaged in small-scale livestock breeding alongside farming activities to increase their household income. During both the rainy and winter cropping seasons each year, they systematically utilized water from the Meizali diversion weir and groundwater resources to cultivate maize, various pulses, Napier grass and fodder corn. **SK**

# 11 foreign nationals and 17 Myanmar citizens arrested with evidence for online gemstone sales fraud in Mahaaungmyay Township, Mandalay Region

**NAY PYI TAW September 16**

As responsible people gave information that foreigners residing at the house on $80^{th}$ street between $39^{th}$ and $40^{th}$ streets in East Mahaaungmyay Ward, Mahaaungmyay Township, Mandalay Region sell gemstones online fraud, the combined team including security personnel raided the house on the morning of 2 September 2026. The authorities arrested two Chinese men, two Indonesian men and two Indonesian women, one Malaysian man, six Myanmar men and seven women, totalling 20 led by Chen Xiao Dai along with 28 desktop computers, three laotop computers, two computer system boxes, 81 mobile phones, three tablets and related accessories used in online fraud.

Furthermore, on the evening of 3 September, a search was conducted at the residence of suspect Enkhun Kha Taom, who operates as the "Mag Dalenamoom Gemstone Trading" business, located at the corner of $68^{th}$ and $101^{st}$ Streets in Maha Myaing Ward 1, Mahaaungmyay Township. During the search, eight suspects allegedly involved in the online fraudulent sale of gemstones—including three Myanmar women, one Myanmar man and four Chinese men—were arrested. Seized from them were 498 mobile phones of various types, one tablet, one XL-type laptop, five computer system boards, one computer monitor, 15 bracelets believed to be jade, and other related items.




**A diagram shows suspects arrested in sales of gemstones in online fraud in Mahaaungmyay Township of Mandalay Region.**

During interrogation, Chinese national Chen Xiao Dai, one of the arrested suspects, disclosed that he was the leader of the fraud operation and had illegally smuggled about 500 mobile phones of various types into Myanmar through the Laos border for use in online scams. He stated that fake jade finished products and low-quality finished products had been prepared and stockpiled at a three-storey building in Mahaaungmyay Township and at suspect Enkhun Kha Taom's gemstone sales compound. Ten stones of the same colours were placed in bags, while members of the group acted as participants in a lucky-draw-style scheme and livestreamed the sales online. Those who won the lucky draw were then falsely told that they had won a bag of raw jade as a prize but had to pay taxes and fees for its delivery. After receiving the money, the group blocked the victims. The proceeds from the fraud were transferred directly to bank accounts in Indonesia and Malaysia. Suspect Enkhun Kha Taom had opened a gemstone trading shop at her residence and worked together with Chinese national Chen Xiao Dai to fraudulently sell gemstones online.

In connection with the case, legal action is being taken against a total of 28 individuals—six Chinese nationals, one Malaysian national, four Indonesian nationals and 17 Myanmar nationals—for fraudulently selling fake gemstones and low-quality finished gemstone products online. **100**



**A documentary photo on arresting foreign nationals and Myanmar citizens selling gemstone online fraud in Mahaaungmyay Township of Mandalay Region arrested with related items.**



**A documentary photo shows nine foreign men and two women arrested in gemstone trading in online fraud in Mahaaungmyay Township of Mandalay Region.**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

## သတင်းတိုများ

### အမေရိကန်မှာ ရိုက်ကူးရေး ရဟတ်ယာဉ်တစ်စင်းပျက်ကျ

**လော့အိန်ဂျလိ၊ မတော်တဆမှု**

အမေရိကန်နိုင်ငံ လော့အိန်ဂျလိမြို့၌ ယာဉ်တိုက်မှုသတင်း ရိုက်ကူးတင်ဆက်နေသည့် ရိုက်ကူးရေးရဟတ်ယာဉ်တစ်စင်းပျက်ကျမှုဖြစ်ပွားရာ လူ ၃ ဦးသေဆုံးကြောင်း သိရသည်။

စက်တင်ဘာလ ၁၅ ရက် ညနေပိုင်းက လော့အိန်ဂျလိမြို့ ချက်စဝေါ့ရပ်ကွက်၌ ဖြစ်ပွားသည့် အဆိုပါဖြစ်စဉ်တွင် NBC4 နှင့် Telemundo 52 သတင်းဌာနများအတွက်ဝေဟင်မှ သတင်းရိုက်ကူးပေးနေသော ရဟတ်ယာဉ်ပျက်ကျခြင်းဖြစ်သည်။

သေဆုံးသူများမှာ ရဟတ်ယာဉ်မှူး၊ သတင်းဓာတ်ပုံရိုက်ကူးသူနှင့် မြေပြင်တွင်ရှိနေသူတို့ဖြစ်ကြောင်း၊ ရဟတ်ယာဉ်ပျက်ကျမှုကြောင့် ဖြစ်ပွားသောမီးလောင်မှုကို မီးသတ်တပ်ဖွဲ့ဝင် ၇၀ ကျော်ဖြင့် ငြိမ်းသတ်ခဲ့ရပြီး လူနှစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ရကြောင်းသိရသည်။ **Ref: SCMP**

### အင်ဒိုနီးရှားတောမီး နိုဝင်ဘာလအထိ လောင်ကျွမ်းနိုင်

**ဂျကာတာ၊ သဘာဝဘေး**

အင်ဒိုနီးရှားနိုင်ငံတွင် ဖြစ်ပွားနေသည့် တောမီးများသည် မိုးရာသီနောက်ကျမှုကြောင့် နိုဝင်ဘာလအထိ လောင်ကျွမ်းနိုင်ကြောင်း သစ်တောရေးရာဝန်ကြီးက စက်တင်ဘာလ ၁၆ ရက်တွင်ပြောသည်။

အင်ဒိုနီးရှားတွင် အပူပြင်းထန်ရာသီဥတုဖြစ်စဉ်ကြောင့် အပူချိန်မြင့်တက်ပြီး မိုးခေါင်မှုရှည်လျားသဖြင့် ဘော်နီယိုနှင့် ဆူမားတြားကျွန်းတို့တွင် တောမီးများ ပြင်းထန်စွာဖြစ်ပွားနေသည်။ ယခုနှစ်မီးလောင်ကျွမ်းမှုသည် ၁၁ နှစ်အတွင်း အပြင်းထန်ဆုံးအခြေအနေသို့ ရောက်ရှိနေကြောင်း သိရသည်။ **Ref: ST**

### ဆူဒန်၌ ရွှေတွင်းပြိုကျမှု လူ ၆၀ သေဆုံး

**အယ်ဖာရှာ၊ မတော်တဆမှု**

ဆူဒန်နိုင်ငံ အနောက်ပိုင်း ကော်ဒိုဖန်ပြည်နယ်၌ ရွှေတွင်းတစ်ခုပြိုကျမှုကြောင့် အနည်းဆုံး လူ ၆၀ သေဆုံးပြီး အခြားသောလုပ်သားများလည်း မြေအောက်တွင် ပိတ်မိနေဖွယ်ရှိကြောင်း ဒေသခံသတင်းအရင်းအမြစ်များက စက်တင်ဘာလ ၁၆ ရက်တွင် ပြောသည်။

အယ်နူဟုမြို့အနီးရှိ အယ်ဇာရာ ရွှေတွင်း၌ စက်တင်ဘာလ ၁၅ ရက်တွင် မြေအောက်လမ်းကြောင်းများ ပြိုကျခြင်းဖြစ်ပြီး စက်တင်ဘာလ ၁၆ ရက်နံနက်ပိုင်းတွင် ရုပ်အလောင်း ၆၀ ကို ဆယ်ယူနိုင်သည်။ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသော်လည်း မြေသားနှင့် ကျောက်တုံးများကို ဖယ်ရှားရန် စက်ယန္တရားကြီးများ လိုအပ်နေကြောင်း သိရသည်။ **Ref: ST**

## ဥရောပက ရုရှားကိုတိုက်ခိုက်လာပါက စစ်ပွဲတိုတောင်းမည်ဟု လက်ရော့ပြော

**မော်စကို၊ နိုင်ငံရေး**

ရုရှားနိုင်ငံအနေဖြင့် ဥရောပနိုင်ငံများကို တိုက်ခိုက်ရန် အစီအစဉ်မရှိကြောင်း၊ သို့သော် ဥရောပဘက်က ရုရှားကို စစ်ရေးအရတိုက်ခိုက်လာပါက ဖြစ်ပေါ်လာမည့် စစ်ပွဲသည် အချိန်ကြာမြင့်မည်မဟုတ်ဘဲ တိုတောင်းစွာ ပြီးဆုံးနိုင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့က စက်တင်ဘာလ ၁၆ ရက်တွင်ပြောသည်။


ထို့ပြင် ရုရှားနိုင်ငံအနေဖြင့် ဥရောပနှင့် ပဋိပက္ခဖြစ်ပွားလာမည်ကို မလိုလားဘဲ နိုင်ငံများကြား လုံခြုံရေးနှင့် နိုင်ငံရေးဆိုင်ရာပြဿနာများကို ဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့်ဖြေရှင်းသွားရန် လိုလားကြောင်းလည်း လက်ရော့ကပြောသည်။

ရုရှားနှင့် ဥရောပနိုင်ငံများကြား လုံခြုံရေးတင်းမာမှုများ မြင့်တက်နေချိန်တွင် လက်ရော့၏ယခုမှတ်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ယူကရိန်းပဋိပက္ခနှင့်ပတ်သက်၍ ရုရှားနှင့် ဥရောပနိုင်ငံများကြား မူဝါဒများ ကွာခြားနေသည့်အပြင် စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုနှင့် ကာကွယ်ရေးအသုံးစရိတ်များ တိုးမြှင့်လာခြင်းတို့ကြောင့် ဥရောပဒေသ၏လုံခြုံရေးအခြေအနေမှာလည်း အာရုံစိုက်ခံနေရသည့် အနေအထားတွင်ရှိနေကြောင်း လေ့လာသူများကပြောသည်။

**Ref: Sputnik**

## တရုတ်သိပ္ပံပညာရှင်များက ကမ္ဘာ့အသေးဆုံး ကွန်ပျူတာဓာတ်မှန်ရိုက်စက်ကိုတီထွင်

**ပေကျင်း၊ နည်းပညာ**




တရုတ်သိပ္ပံပညာရှင်များသည် အလေးချိန် ၆ ကီလိုဂရမ်သာရှိပြီး လက်တစ်ဖက်တည်းဖြင့် ကိုင်တွယ်နိုင်သည့် ကမ္ဘာ့အသေးဆုံးသောကွန်ပျူတာဓာတ်မှန်ရိုက်စက် (CT Scanner) ကို တီထွင်ထုတ်လုပ်နိုင်ကြောင်း စက်တင်ဘာလ ၁၆ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါ ကွန်ပျူတာဓာတ်မှန်ရိုက်စက်သည် အရွယ်အစားသေးငယ်သည့် ရုပ်ကြွင်းများ၊ ရှေးဟောင်းသုတေသနပစ္စည်းများကို ၎င်းတို့တည်ရှိရာနေရာတွင်ပင် စစ်ဆေးနိုင်ရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည်ဟုသိပ္ပံပညာရှင်များကပြောသည်။

ရှန်တုံပြည်နယ်အခြေစိုက် Rayim ကုမ္ပဏီက ထုတ်လုပ်သည့် Xtomo-Cube ဟု အမည်ပေးထားသော ထိုကွန်ပျူတာဓာတ်မှန်ရိုက်စက်သည် စားပွဲတင်စပီကာတစ်လုံးခန့် အရွယ်အစားရှိပြီး အလေးချိန်မှာလည်း ၆ ကီလိုဂရမ်သာရှိသည်။ ၎င်းကို လက်တစ်ဖက်တည်းဖြင့် ကိုင်တွယ်အသုံးပြုနိုင်သည့်အတွက် လက်ဖဝါးအရွယ် CT Scanner ဟုလည်းအမည်တွင်သည်။

စက်၏ပုံရိပ်ဖော်နိုင်စွမ်းမှာ ၈၀ မိုက်ခရိုမီတာအထိရှိပြီး လူသားဆံပင်တစ်ချောင်း အကျယ်ခန့်ရှိသည့် အသေးစိတ်အဆင့်အထိ ပုံရိပ်ဖော်နိုင်ကြောင်း Rayim ၏ အထွေထွေမန်နေဂျာနှင့် တရုတ်သိပ္ပံအကယ်ဒမီမှ အင်ဂျင်နီယာကပြောသည်။ ထို့ကြောင့် ခရုခွံကဲ့သို့ သေးငယ်သည့် အရာဝတ္ထုများကိုပါ စစ်ဆေးလေ့လာနိုင်မည်ဖြစ်သည်။

ပုံမှန်ဆေးရုံသုံး ကွန်ပျူတာဓာတ်မှန်ရိုက်စက်များမှာ အမြင့်၊ အကျယ် ၂ မီတာခန့်စီရှိပြီး အလေးချိန်မှာ ၂ တန်ခန့်အထိ ရှိနိုင်သော်လည်း Xtomo-Cube သည် ယင်းစက်များထက် များစွာသေးငယ်ပြီး ပေါ့ပါးမှုရှိသည်။ ထို့ကြောင့် သယ်ဆောင်ရခက်ခဲသည့် ရှေးဟောင်းပစ္စည်းများ၊ ရုပ်ကြွင်းများနှင့် အခြားသေးငယ်သည့် နမူနာများကို လေ့လာရာတွင် နေရာပြောင်းရွှေ့စရာမလိုဘဲ ကွင်းဆင်းစစ်ဆေးနိုင်မည့် နည်းလမ်းတစ်ခုအဖြစ် အသုံးဝင်လာနိုင်ကြောင်းသိရသည်။

**Ref: SCMP**

## အသက် ၁၃ နှစ်အောက် လူငယ်များကို လူမှုကွန်ရက်အသုံးပြုခွင့်ပိတ်ပင်ရန် EU စီစဉ်

**ဘရပ်ဆဲ၊ လူမှုရေး**


ဥရောပသမဂ္ဂ (EU) အနေဖြင့် အသက် ၁၃ နှစ်အောက် ကလေးများကို လူမှုကွန်ရက်အသုံးပြုခွင့်ပိတ်ပင်ပြီး အသက် ၁၃ နှစ်မှ ၁၅ နှစ်အောက်အထိ လူငယ်များကို မိဘ သို့မဟုတ် အုပ်ထိန်းသူ၏ ကြီးကြပ်မှုဖြင့် တစ်နေ့လျှင် ၁ နာရီအကန့်အသတ်ဖြင့်သာအသုံးပြုခွင့်ပြုရန် စီစဉ်နေကြောင်း သိရသည်။

အဆိုပါအစီအစဉ်ကို ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန် က စက်တင်ဘာလ ၁၆ ရက်တွင် ပြင်သစ်နိုင်ငံ စထရက်ဘာ့မြို့၌ ဥရောပပါလီမန်သို့ နှစ်ပတ်လည်မိန့်ခွန်းပြောရာတွင် ထုတ်ဖော်ပြောဆိုခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အသက် ၁၅ နှစ်မှ ၁၈ နှစ်အတွင်း လူငယ်များအတွက် လူမှုကွန်ရက်ပလက်ဖောင်းများက ပိုမိုလုံခြုံသည့် ဒီဇိုင်းများ အသုံးပြုရန် သတ်မှတ်ပေးရမည်ဖြစ်ပြီး ကလေးများအတွက် "infinite scrolling" ကဲ့သို့ စွဲလမ်းစေနိုင်သည့် ဒီဇိုင်းများကိုလည်း တားမြစ်ရန်အဆိုပြုထားသည်။ စည်းမျဉ်းချိုးဖောက်သည့် ပလက်ဖောင်းများအပေါ် နှစ်စဉ်ဝင်ငွေ၏ ၆ ရာခိုင်နှုန်းအထိ ဒဏ်ငွေချမှတ်နိုင်ရန် စီစဉ်ထားသည်။

**Ref: AGC**




## တရုတ်ခရီးသွားဝက်ဆိုက်က ဒေါ်လာ ၇ သိန်းကျော်တန်သည့် အာကာသခရီးစဉ် ရောင်းချ

**ပေကျင်း၊ ခရီးသွားလုပ်ငန်း**

တရုတ်နိုင်ငံ၏ အွန်လိုင်းခရီးသွားဝန်ဆောင်မှုပလက်ဖောင်းဖြစ်သည့် Trip.com က အမေရိကန်ဒေါ်လာ ၇ သိန်းကျော်တန်ဖိုးရှိသည့် အာကာသခရီးသွားအစီအစဉ်ကို စတင်ရောင်းချလိုက်ခြင်းကြောင့် တရုတ်နိုင်ငံအတွင်း အာကာသခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ ဆွေးနွေးမှုများ မြင့်တက်လာသည်။

အဆိုပါခရီးစဉ်သည် စုစုပေါင်း ၆ ရက်ကြာမြင့်မည်ဖြစ်ပြီး ပထမ ၄ ရက်တွင် အာကာသခရီးစဉ်အတွက် လိုအပ်သည့် လေ့ကျင့်မှုများပြုလုပ်ရမည်ဖြစ်သည်။ ပဉ္စမနေ့တွင် အမေရိကန်အာကာသခရီးသွားကုမ္ပဏီ Virgin Galactic ၏ လေယာဉ်ဖြင့် အာကာသအစွန်းအထိ ပျံသန်းသည့် မိနစ် ၉၀ ကြာ suborbital ခရီးစဉ်ကို ပြုလုပ်မည်ဖြစ်သည်။

ခရီးစဉ်အတွက် အမေရိကန်ဒေါ်လာ ၇၅၉၉၀၀ ခန့် ကုန်ကျမည်ဖြစ်ပြီး ယင်းကုန်ကျစရိတ်တွင် အာကာသခရီးသွားအစီအစဉ်နှင့် သက်ဆိုင်ရာတည်းခိုစရိတ်များ ပါဝင်သည်။ အမေရိကန်သို့ အသွားအပြန်လေယာဉ်လက်မှတ်၊ ဗီဇာ၊ အာမခံနှင့်အခြား ကုန်ကျစရိတ်များမပါဝင်ပေ။ ယင်းခရီးစဉ်အတွက် Trip.com ၏ တရုတ်ပြည်မကြီး ဝန်ဆောင်မှုဖြစ်သည့် Ctrip မှတစ်ဆင့် ကြိုတင်မှာယူနိုင်မည်ဖြစ်ကြောင်းသိရသည်။

**Ref: SCMP**

# ပင်လယ်နီအတွက် အကျပ်အတည်းအသစ် - ဘာ့အယ်မန်ဒက်ကို ဟူသီတို့ချဉ်းကပ်လာမှု

ပင်လယ်နီတောင်ဘက်အစွန်ကိုရောက်တဲ့အခါ ယီမင်နဲ့ အာဖရိကတိုက်ကြားမှာ ရေလက်ကြားကျဉ်းကျဉ်းလေးတစ်ခုတွေ့ရပါတယ်။ အဲဒါကတော့ ဘာ့အယ်မန်ဒက်ရေလက်ကြားပါ။ အရွယ်အစားက မကြီးပေမယ့် ကမ္ဘာ့ကုန်သွယ်ရေးအတွက်တော့ အလွန်အရေးကြီးတဲ့ နေရာတစ်ခုဖြစ်ပါတယ်။

ဒီရေလက်ကြားက ပင်လယ်နီနဲ့ ဒေင်ပင်လယ်ကွေ့ကိုဆက်ပေးပြီး အာရှနဲ့ ဥရောပတို့ကြား ကုန်သွယ်ရေးမှာ အရေးပါတဲ့ ရေလမ်းကြောင်းတစ်ခုဖြစ်ပါတယ်။ အထူးသဖြင့် စူးအက်တူးမြောင်းကို အသုံးပြုတဲ့ သင်္ဘောတွေဟာ ဒီရေလမ်းကြောင်းကိုသာဖြတ်သန်းရတာကြောင့် ဘာ့အယ်မန်ဒက်နေရာမှာ လုံခြုံရေးပြဿနာတစ်ခုဖြစ်ရင် အကျိုးဆက်က ဒေသတွင်းမှာပဲ ရပ်မနေပါဘူး။ အခုတော့ အဲဒီလိုအရေးကြီးတဲ့ ရေလမ်းကြောင်းနားမှာ ဟူသီတို့ရဲ့ စစ်ရေးတည်ရှိမှုက ပိုမိုနီးကပ်လာနေပါတယ်။



**မိုခါကို သိမ်းပိုက်ပြီးနောက် .....**

ယီမင်ပြည်တွင်းစစ်မှာ ဟူသီလှုပ်ရှားမှုအဖွဲ့ဟာ နိုင်ငံရဲ့နေရာဒေသအများအပြားကို ထိန်းချုပ်ထားတာ ကြာလှပါပြီ။ အခုနောက်ဆုံးဖြစ်ပေါ်လာတဲ့ အပြောင်းအလဲကတော့ ယီမင်အနောက်ဘက်ကမ်းရိုးတန်းဘက်မှာ သူတို့ရဲ့ထိန်းချုပ်မှုပိုတိုးလာတာပါ။

စက်တင်ဘာလ ၁၀ ရက်တုန်းက ဟူသီတို့ဟာ မိုခါဆိပ်ကမ်းမြို့ကိုသိမ်းပိုက်နိုင်ခဲ့ပါတယ်။ မိုခါမြို့ဆိုတာ ဘာ့အယ်မန်ဒက်ရေလက်ကြားနဲ့ နီးကပ်တဲ့နေရာဖြစ်တဲ့အတွက် အဲဒီဖြစ်ရပ်ဟာ သာမန်နယ်မြေသိမ်းပိုက်မှုတစ်ခုထက် ပိုပြီး အရေးကြီးလာပါတယ်။

မိုခါကို ထိန်းချုပ်ပြီးတဲ့နောက် ဟူသီတပ်ဖွဲ့တွေက တောင်ဘက်ကိုဆက်လက်ရွှေ့လျားလာကာ ဒူဘာနဲ့ မေယွန်းကျွန်းအနီးအထိရောက်ရှိလာပါတယ်။ ဒီလိုနဲ့ ပင်လယ်နီကမ်းရိုးတန်းနဲ့ ဘာ့အယ်မန်ဒက်ရေလက်ကြားတို့ကြားရှိမဟာဗျူဟာအရအရေးပါတဲ့နေရာတွေမှာ ဟူသီတို့ရဲ့ လှုပ်ရှားနိုင်စွမ်းပိုလာပါတယ်။

ဒီအခြေအနေမှာ အရေးကြီးတာက သူတို့အနေနဲ့ ရေလမ်းကြောင်းကို စောင့်ကြည့်နိုင်မှုနဲ့ သင်္ဘောသွားလာမှုအပေါ် ဖိအားပေးနိုင်မှုတွေ ပိုမိုရလာနိုင်လို့ပါ။ ဒါပေမဲ့ ဒီအချက်ကို ရေလက်ကြားတစ်ခုလုံးကို ဟူသီတို့က အပြည့်အဝပိတ်ဆို့ထိန်းချုပ်နိုင်ပြီလို့တော့ မဆိုလိုပါဘူး။

**ဟူသီတို့နဲ့ ပင်လယ်နီရေလမ်းကြောင်း.....**

ဟူသီတို့ရဲ့ ပင်လယ်နီအတွင်း စစ်ရေးလှုပ်ရှားမှုဟာ မိုခါကို သိမ်းပိုက်ပြီးမှ စတင်လာတာတော့မဟုတ်ပါဘူး။ ၂၀၂၃ ခုနှစ်အောက်တိုဘာလနောက်ပိုင်း အစ္စရေးနဲ့ ဟားမတ်စ်တို့ကြား စစ်ပွဲဖြစ်ပွားလာတဲ့အခါ ဟူသီတို့က ပင်လယ်နီအတွင်း ဖြတ်သန်းသွားလာနေတဲ့သင်္ဘောတွေကို တိုက်ခိုက်လာခဲ့ပါတယ်။ ဟူသီတို့ဘက်ကတော့ အစ္စရေးနဲ့ဆက်နွှယ်တဲ့ သင်္ဘောတွေကို ပစ်မှတ်ထားပြီး ဂါဇာစစ်ပွဲကို တုံ့ပြန်တာဖြစ်တယ်လို့ ဆိုပါတယ်။

ဒါပေမဲ့လည်း ဘယ်သင်္ဘောကတော့ အစ္စရေးနဲ့ဆက်စပ်နေတယ်၊ မဆက်စပ်နေဘူးဆိုတာကို တော်ရုံအားဖြင့်မသိနိုင်တဲ့အတွက် ဒါဟာ သင်္ဘောကုမ္ပဏီတွေအတွက် အလွန်အန္တရာယ်များတဲ့အခြေအနေဖြစ်လာပါတယ်။ ဒီလိုတိုက်ခိုက်မှုကြောင့် သင်္ဘောကုမ္ပဏီအများအပြားဟာ ပင်လယ်နီကို ဖြတ်သန်းမယ့်အစား အာဖရိကတိုက်ရဲ့ တောင်ဘက်စွန်းဘက်ကနေ လှည့်ပတ်သွားလာခဲ့ကြပါတယ်။

ဒီလို လမ်းကြောင်းပြောင်းလိုက်ရင် ခရီးအကွာအဝေး ပိုရှည်သွားပါတယ်။ လောင်စာဆီနဲ့ လုပ်ငန်းလည်ပတ်စရိတ်တွေ ပိုကုန်လာသလို ကုန်ပစ္စည်းပို့ဆောင်ချိန်လည်း ကြာလာပါတယ်။ တချို့အခြေအနေတွေမှာ အာမခံကုန်ကျစရိတ်ကပါ မြင့်တက်လာနိုင်ပါတယ်။

အဲဒီအတွက် ပင်လယ်နီမှာဖြစ်ပေါ်တဲ့ လုံခြုံရေးပြဿနာဟာ သင်္ဘောကုမ္ပဏီတွေရဲ့ လုပ်ငန်းလည်ပတ်မှုကနေတစ်ဆင့် ကမ္ဘာ့ကုန်သွယ်ရေးအပေါ်ပါ ကြီးမားစွာ သက်ရောက်လာနိုင်တာ ဖြစ်ပါတယ်။

**ဆော်ဒီအာရေဗျ ဘာကြောင့် စိုးရိမ်ရတာလဲ.....**

လက်ရှိအခြေအနေမှာ ဆော်ဒီအာရေဗျနိုင်ငံကို သီးခြားထည့်စဉ်းစားဖို့လိုလာပါတယ်။ ဆော်ဒီဟာ ကမ္ဘာ့အရေးပါတဲ့ ရေနံထုတ်လုပ်တင်ပို့သူနိုင်ငံဖြစ်ပြီး ပင်လယ်နီဟာ သူ့ရဲ့ အနောက်ဘက်ကမ်းရိုးတန်းနဲ့ တိုက်ရိုက်ဆက်စပ်နေပါတယ်။ ဒါကြောင့် ပင်လယ်နီရေကြောင်းလုံခြုံရေးဟာ ဆော်ဒီရဲ့ စီးပွားရေးနဲ့ စွမ်းအင်တင်ပို့ရေးအတွက် အရေးပါတဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။

ဟူသီတို့က ဘာ့အယ်မန်ဒက်နဲ့ ပိုနီးလာတာကြောင့် ဆော်ဒီနဲ့ ဆက်နွှယ်တဲ့ သင်္ဘောတွေဟာ အန္တရာယ်ပိုများလာနိုင်ပါတယ်။ အထူးသဖြင့် ရေနံတင်သင်္ဘောတွေကို တိုက်ခိုက်မှုတွေ ပိုများလာခဲ့ရင် ဆော်ဒီအနေနဲ့ ရေနံပို့ဆောင်ရေးလမ်းကြောင်းနဲ့ ရေကြောင်းလုံခြုံရေးအခြေအနေတို့ကိုပါ ပြန်လည်စဉ်းစားရမယ့် အနေအထားဖြစ်လာနိုင်ပါတယ်။

ဒီနေရာမှာ ဟူသီတို့ရဲ့ ရည်ရွယ်ချက်ကလည်း အရေးကြီးပါတယ်။ သူတို့က နိုင်ငံတကာကုန်သွယ်ရေးအားလုံးကို ပိတ်ပစ်မယ်လို့ဆိုတာထက် သူတို့သတ်မှတ်ထားတဲ့ ပစ်မှတ်သင်္ဘော အထူးသဖြင့် အစ္စရေးနဲ့ဆက်နွှယ်တယ်လို့ ယူဆတဲ့ သင်္ဘောတွေကို ဦးတည်တိုက်ခိုက်နေတယ်လို့ ပြောထားပါတယ်။

ဒါပေမဲ့ ပင်လယ်ပြင်လိုနေရာမျိုးမှာ သင်္ဘောတစ်စင်းရဲ့ နောက်ခံပိုင်ရှင်နဲ့ ဆက်နွှယ်မှုတွေကို အလွယ်တကူ ခွဲခြားနိုင်ဖို့ မလွယ်တာကြောင့် ရေကြောင်းလုပ်ငန်းတွေအတွက်တော့ အန္တရာယ်က ဆက်ရှိနေပါတယ်။

**ပြဿနာက ဘာ့အယ်မန်ဒက်မှာပဲ ရပ်မလား.....**

ဒီအခြေအနေကို ပိုပြီးရှုပ်ထွေးသွားစေတာက ပင်လယ်နီဒေသအရေးဟာ ယီမင်ပြည်တွင်းမှာဖြစ်နေတဲ့ ပြဿနာတစ်ခုတည်းအဖြစ်မဟုတ်တော့တာပါ။ ယီမင်ပြည်တွင်းစစ်၊ ဆော်ဒီအာရေဗျရဲ့ လုံခြုံရေးအကျိုးစီးပွား၊ အစ္စရေးနဲ့ ဟားမတ်စ်တို့ကြား ပဋိပက္ခ၊ အီရန်နဲ့ ဟူသီတို့ကြား ဆက်နွှယ်မှုနဲ့ နိုင်ငံတကာရေကြောင်းလုံခြုံရေးတို့ဟာ တစ်ခုနဲ့တစ်ခုချိတ်ဆက်နေပါတယ်။

ဒါကြောင့် ဘာ့အယ်မန်ဒက်အနီးမှာ စစ်ရေးတင်းမာမှုက ပိုမြင့်တက်လာရင် တခြားနိုင်ငံတွေသည်လည်း ပိုမိုပါဝင်လာနိုင်ပါတယ်။ အဲဒီအခြေအနေတွေကနေမှတစ်ဆင့် ပင်လယ်နီတစ်လျှောက် စစ်ရေးတင်းမာမှု ပိုပြီးကျယ်ပြန့်လာနိုင်သလို သင်္ဘောကုမ္ပဏီတွေကလည်း ရေလမ်းကြောင်းအသုံးပြုမှုကို ပြန်လည်သုံးသပ်လာနိုင်ပါတယ်။

တကယ်လို့များ သင်္ဘောသွားလာမှု သိသိသာသာ လျော့ကျသွားပြီး အာဖရိကတောင်ဘက်ကို လမ်းကြောင်းပြောင်းတဲ့ သင်္ဘောတွေများလာရင် သယ်ယူပို့ဆောင်ရေးစရိတ်နဲ့ ကုန်ပစ္စည်းပို့ဆောင်ချိန်တွေမှာ ထပ်ပြီး သက်ရောက်မှုရှိလာနိုင်ပါတယ်။

**အခု စောင့်ကြည့်ရမယ့်အချက်.....**

လက်ရှိအချိန်မှာ အဓိကစောင့်ကြည့်ရမှာက ဟူသီတို့ရဲ့ နောက်ခြေလှမ်း ဘယ်ကိုလှမ်းမလဲဆိုတာပါ။ မိုခါမြို့နဲ့ အနီးတစ်ဝိုက်ကိုထိန်းချုပ်လာပြီးနောက် ဘာ့အယ်မန်ဒက်ရေလက်ကြားအပေါ် သူတို့ရဲ့ စစ်ရေးဖိအားကို ဘယ်လောက်အထိ တိုးမြှင့်မလဲဆိုတာက အရေးကြီးပါတယ်။

တစ်ဖက်မှာလည်း ဆော်ဒီအာရေဗျနဲ့ ဒေသတွင်းနိုင်ငံတွေက ဘယ်လိုတုံ့ပြန်မလဲဆိုတာ စောင့်ကြည့်ရပါမယ်။ နိုင်ငံတကာမှ အင်အားကြီးနိုင်ငံတွေအနေနဲ့ ရေကြောင်းလုံခြုံရေးအတွက် ပိုမိုပါဝင်လာမလားဆိုတာလည်း အရေးကြီးတဲ့ အချက်တစ်ခု ဖြစ်ပါတယ်။

အခြေအနေတွေက ပိုမိုဆိုးရွားလာရင် အကျိုးဆက်က ယီမင်နဲ့ ဆော်ဒီအာရေဗျကြားမှာပဲ ရပ်တန့်နေမှာမဟုတ်ပါဘူး။ စူးအက်တူးမြောင်းကို အသုံးပြုသွားလာနေတဲ့ ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်း၊ ရေနံတင်ပို့မှုနဲ့ နိုင်ငံတကာကုန်စည်ပို့ဆောင်ရေးအထိ သက်ရောက်လာနိုင်ပါတယ်။ ဒါကြောင့် ဘာ့အယ်မန်ဒက်အနီး ဟူသီတို့ရဲ့လှုပ်ရှားမှုကို ကြည့်တဲ့အခါ နယ်မြေတစ်ခုကို ထပ်မံသိမ်းပိုက်လာတာလောက်နဲ့မပြီးပါဘူး။ အဓိကက ကမ္ဘာ့ကုန်သွယ်ရေးရဲ့ အရေးကြီးတဲ့ ရေလမ်းကြောင်းတစ်ခုအပေါ် စစ်ရေးဖိအားပေးနိုင်တဲ့အနေအထားကို ဟူသီတို့အနေနဲ့ ဘယ်လောက်အထိ ရလာမလဲဆိုတာပါ။

ဘာ့အယ်မန်ဒက်ဆိုတာ မြေပုံပေါ်မှာ ရေလက်ကြားကျဉ်းကျဉ်းလေးတစ်ခုသာဖြစ်ပေမယ့် အဲဒီရေလက်ကြားရဲ့ တည်နေရာက ကမ္ဘာ့ကုန်သွယ်ရေးနဲ့ စွမ်းအင်စီးဆင်းမှုကို တိုက်ရိုက်ချိတ်ဆက်ပေးထားပါတယ်။ အဲဒီအတွက် လာမယ့်ကာလမှာ မိုခါနဲ့ ဘာ့အယ်မန်ဒက်အနီး ဟူသီတို့ရဲ့ လှုပ်ရှားမှုဟာ ယီမင်ပြည်တွင်းစစ်ကြီးရဲ့ နောက်ထပ်အခန်းကဏ္ဍတစ်ခု ဖြစ်လာမလား၊ ဒါမှမဟုတ် ပင်လယ်နီဒေသရဲ့ ရေကြောင်းလုံခြုံရေးကို ပုံစံအသစ်နဲ့ ပြောင်းလဲသွားစေမယ့် အခြေအနေတစ်ခုလားဆိုတာကိုတော့ စောင့်ကြည့်ရမှာဖြစ်ကြောင်းရေးသားတင်ပြလိုက်ရပါတယ်။

Ref: RT

**ထက်မြတ်**

## ဂါဇာဒေသတွင် စစ်ဆင်ရေးအဆုံးသတ်ပြီး ပါလက်စတိုင်းပြည်သူများကို ဖယ်ရှားသွားမည်ဟု အစ္စရေးပြော

**ဂျေရုဆလင်၊ စစ်ရေး**

အစ္စရေးကာကွယ်ရေးဝန်ကြီး အစ္စရေးကတ်သည် ဂါဇာကမ်းမြောင်ဒေသတွင် စစ်ဆင်ရေးကို အဆုံးသတ်အောင်ဆောင်ရွက်ပြီး ထိုနေရာရှိ ပါလက်စတိုင်းပြည်သူများကို အခြားဒေသများသို့ ရွှေ့ပြောင်းဖယ်ရှားစေရန် စီစဉ်သွားမည်ဟု စက်တင်ဘာလ ၁၅ ရက်တွင်ပြောသည်။

ဟားမတ်အဖွဲ့ကို လက်နက်ဖျက်သိမ်းရေးဟူသောရည်မှန်းချက်မှာ အကောင်အထည်ပေါ်လာနိုင်မည်မဟုတ်ကြောင်း ကတ်ကပြောပြီး အစ္စရေးတပ်မတော်အနေဖြင့် ဟားမတ်အဖွဲ့ကို ချေမှုန်းရန် ညွှန်ကြားချက်ရရှိပါက စစ်ဆင်ရေးကို အဆုံးသတ်နိုင်ရန် အသင့်ရှိနေကြောင်း ၎င်းကပြောသည်။ ထို့နောက်ပါလက်စတိုင်းပြည်သူများကို ရွှေ့ပြောင်းစေမည့်အစီအစဉ်ကိုလည်း အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း ကတ်ကဆိုသည်။

အစ္စရေးနိုင်ငံတွင် လာမည့်ရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေးအရဆွေးနွေးမှုများနှင့် နိုင်ငံရေးရေချိန်မြင့်တက်နေသည့်အချိန်တွင် ကတ်၏ပြောဆိုချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ ထို့ပြင် ဂါဇာဒေသနယ်မြေ ၇၀ ရာခိုင်နှုန်းခန့်ရှိ နေထိုင်သူများအားလုံးကို ရွှေ့ပြောင်းထားပြီးဖြစ်ကြောင်းလည်း ကတ်ကပြောထားသည်။

အစ္စရေးအစိုးရသည် ပါလက်စတိုင်းပြည်သူများ၏ရွှေ့ပြောင်းမှုကို ၎င်းတို့၏ ဆန္ဒအလျောက်သာဖြစ်စေရန် ရည်ရွယ်ကြောင်း ပြောဆိုထားသော်လည်း ဂါဇာဒေသတွင်နေထိုင်သော လူဦးရေနှစ်သန်းဝန်းကျင်၏ ဘဝရပ်တည်မှုအခြေအနေမှာ စစ်ပွဲကြောင့် ဆိုးရွားနေဆဲဖြစ်သည်။

အလားတူ ပါလက်စတိုင်းပြည်သူများကို ၎င်းတို့၏ဆန္ဒမပါဘဲ အတင်းအကျပ်နေရာ ရွှေ့ပြောင်းစေမည့်အစီအစဉ်ကို ထောက်ခံခြင်းမရှိကြောင်း အမေရိကန်ဘက်ကလည်း ပြောထားသည်။

Ref: ST

# တိုင်ဆန်ဖြူရီနှင့် အန်သိုနီဂျိုရှုအာတို့ နိုဝင်ဘာလအတွင်းယှဉ်ပြိုင်ရန် သဘောတူညီမှုရရှိ

**လန်ဒန် စက်တင်ဘာ ၁၆**

ဗြိတိန်ထိပ်တန်းလက်ဝှေ့သမားများဖြစ်သည့် တိုင်ဆန်ဖြူရီနှင့် အန်သိုနီဂျိုရှုအာတို့အနေဖြင့် လာမည့်နိုဝင်ဘာလအတွင်းယှဉ်ပြိုင်ရန် သဘောတူညီမှုရရှိခဲ့သည်။

တိုင်ဆန်ဖြူရီနှင့် အန်သိုနီဂျိုရှုအာတို့ယှဉ်ပြိုင်ရန် အစောပိုင်းကတည်းက ဆွေးနွေးမှုများလုပ်ဆောင်နေသော်လည်း အန်သိုနီဂျိုရှုအာဘက်က စာချုပ်ပါအချက်တချို့ကို ပယ်ချခဲ့သည့်အတွက် ကြန့်ကြာနေပြီး တိုင်ဆန်ဖြူရီက အန်သိုနီဂျိုရှုအာနှင့်ယှဉ်ပြိုင်မည့်ဆွေးနွေးမှုများကိုရပ်ဆိုင်းပြီးနောက် ယူကရိန်းထိပ်တန်းလက်ဝှေ့သမား အူဆက်ဖ်နှင့်ယှဉ်ပြိုင်ရန် ဆွေးနွေးမည်ဟု ပြီးခဲ့သည့်ရက်ပိုင်းက ပြောကြားခဲ့သည်။

သို့သော် တိုင်ဆန်ဖြူရီက အန်သိုနီဂျိုရှုအာနှင့်ယှဉ်ပြိုင်ရန် ဒုတိယအကြိမ်ကမ်းလှမ်းမှုလုပ်ဆောင်ခဲ့ပြီး ဆွေးနွေးမှုများလုပ်ဆောင်ရာမှ လာမည့်နိုဝင်ဘာလတွင် ယှဉ်ပြိုင်ရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

တိုင်ဆန်ဖြူရီနှင့် အန်သိုနီဂျိုရှုအာတို့အနေဖြင့် ယှဉ်ပြိုင်ရန် သဘောတူညီမှုရရှိခဲ့ပြီးဖြစ်သော်လည်း နောက်ဆုံးအဆင့်ဆွေးနွေးမှုများအဖြစ် ယှဉ်ပြိုင်မည့်နေရာကို ဆက်လက်ဆွေးနွေးနေပြီး ကာဒစ်ဖ်မြို့၊ လန်ဒန်မြို့နှင့်နယူးယောက်မြို့သုံးမြို့မှ တစ်မြို့ကို ကျင်းပရန် ဆွေးနွေးမှုများလုပ်ဆောင်နေကြောင်း သိရသည်။


*Ref;Source Boxing*






# ယခုနှစ်အတွင်း တင်းနစ်ပြိုင်ပွဲများတွင် ဇာဗီရက် ဆုကြေးအများဆုံးရရှိထား

**ဘာလင် စက်တင်ဘာ ၁၆**



ဂျာမနီထိပ်တန်းတင်းနစ်ကစားသမားတစ်ဦးဖြစ်သည့် ဇာဗီရက်သည် ယခုနှစ်အတွင်း တင်းနစ်ပြိုင်ပွဲများတွင် ဆုကြေးအများဆုံးရရှိထားသည့် ကစားသမားအဖြစ် ရပ်တည်နေသည်။

ဇာဗီရက်သည် ယခုနှစ်အတွင်းကျင်းပခဲ့သည့်ပြိုင်ပွဲများတွင် အောင်မြင်မှုများ ရယူနိုင်ခဲ့ပြီးနောက် ဆုကြေးစုစုပေါင်း အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၇၂ သန်းအထိရရှိကာ ဆုကြေးရရှိမှုအများဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ဇာဗီရက်သည် ပြီးခဲ့သည့် ယူအက်စ်အိုးပင်းအမျိုးသား တစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကာ ဆုကြေး အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ သန်းခန့်ရရှိခဲ့ပြီးနောက် လက်ရှိ တင်းနစ်ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ကမ္ဘာ့အဆင့်(၁)နေရာ၌ရပ်တည်နေသော ဂျင်းနစ်ဆန်နာကိုကျော်ဖြတ်ပြီး ယခုနှစ်အတွင်း ဆုကြေးအများဆုံးရရှိခဲ့သည့် တင်းနစ်ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်အတွင်း တင်းနစ်ပြိုင်ပွဲများမှ ဆုကြေးရရှိမှုအများဆုံး တင်းနစ်ကစားသမားစာရင်းတွင် ဂျင်းနစ်ဆန်နာက အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆ သန်းဖြင့် အဆင့်(၂)၊ အမျိုးသမီးတင်းနစ်ကစားသမား ရိုင်ဘာကီနာက အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉ သန်းဖြင့် အဆင့်(၃)၊ ဆာဘာလင်ကာက အမေရိကန်ဒေါ်လာ ၈ ဒသမ ၁ သန်းဖြင့် အဆင့်(၄)နှင့် နော့စ်ကိုဗာက အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ သန်းဖြင့် အဆင့်(၅)နေရာ၌ ရပ်တည်နေကြောင်း သိရသည်။

*Ref;Boardroom*

# ဂျေဂျေဂါဘာရီရယ်က အသင်းမှထွက်ခွာခွင့်ပေးရန် မန်ယူအသင်းထံတောင်းဆို

**မန်ချက်စတာ စက်တင်ဘာ ၁၆**

မန်ယူအသင်း လူငယ်ကွင်းလယ်ကစားသမား ဂျေဂျေဂါဘာရီရယ်က စာချုပ်ဖျက်သိမ်းပြီး အသင်းမှထွက်ခွာခွင့်ပေးရန် အသင်းထံတောင်းဆိုမှုများ လုပ်ဆောင်ထားသည်။

အသက်၁၅ နှစ်သာရှိသေးသည့်ဂျေဂျေဂါဘာရီရယ်သည် မန်ယူအသင်းအကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး မန်ယူသက်တမ်းအလိုက်လူငယ်အသင်းများတွင် အဓိက ကစားသမားတစ်ဦးအဖြစ်ပါဝင်ခွင့်ရရှိနေသော်လည်း အသင်းကြီးတွင် ကစားခွင့်မရရှိသည့်အတွက် မန်ယူအသင်းမှထွက်ခွာလိုနေခြင်းဖြစ်သည်။

ဂျေဂျေဂါဘာရီရယ်သည် မန်ယူသက်တမ်းအလိုက် လူငယ်အသင်းများတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ သွင်းဂိုးအများအပြားသွင်းယူထားသူဖြစ်သော်လည်း အသင်းကြီးတွင် နေရာပေးမခံရသောကြောင့် စာချုပ်ဖျက်သိမ်းပြီး အသင်းထံမှ ထွက်ခွာခွင့်တောင်းဆိုထားခြင်းဖြစ်သည်။

လက်ရှိတွင် မန်ယူအသင်းထံ ထွက်ခွာခွင့်တောင်းဆိုထားသည့် ဂျေဂျေဂါဘာရီရယ်ကို ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့အပါအဝင် ဥရောပမှ ထိပ်တန်းကလပ်အသင်း အများစုက ခေါ်ယူရန် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

*Ref;Topskillsports UK*

# ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှအနားယူပြီဖြစ်ကြောင်း ရီးယဲလ်မက်ဒရစ်အသင်း ကစားသမားဟောင်း ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကြေညာ

**မက်ဒရစ် စက်တင်ဘာ ၁၆**




ကိုလံဘီယာအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်း ကစားသမားဟောင်းတစ်ဦးဖြစ်သည့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

အသက် ၃၅ နှစ်အရွယ် ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ၂၀၀၇ ခုနှစ်က အာဂျင်တီးနားကလပ် ဘန်ဖီးလ်အသင်းနှင့်စတင်ခဲ့ပြီး အသင်းတွင် နှစ်ရာသီကြာကစားခဲ့ကာ ၂၀၁၀ ပြည့်နှစ်က ပေါ်တိုအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ဥရောပဘောလုံးလောကသို့ စတင်ရောက်ရှိခဲ့သူဖြစ်သည်။

ထို့နောက် ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် ပေါ်တိုအသင်း၊ မိုနာကိုအသင်းတို့နှင့်အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ကာ ကြယ်ပွင့်ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရပြီးနောက် ၂၀၁၄ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည်။

သို့သော် ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် ရီးယဲလ်မက်ဒရစ်အသင်းတွင် အစောပိုင်းက အဓိက ကစားသမားတစ်ဦးအဖြစ် ခြေစွမ်းပြနိုင်ခဲ့သော်လည်း နောက်ပိုင်းနှစ်များတွင် မကြာခဏဒဏ်ရာရရှိခဲ့ပြီးနောက် ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရကာ ၂၀၂၀ ပြည့်နှစ်တွင် ရီးယဲလ်မက်ဒရစ်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သော်လည်း အပြီးသတ်ခေါ်ယူခြင်းမရှိသည့်အတွက် ၂၀၂၀ ပြည့်နှစ်က အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည်။

ထို့နောက် ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် အဲဗာတန်အသင်းမှ အယ်ရိုင်ယန်အသင်း၊ အိုလံပီယာကို့စ်အသင်း၊ ဆာပေါလိုအသင်း၊ ဗယ်လ်ကာနိုအသင်း၊ လီအွန်အသင်း၊ မင်နက်ဆိုတာအသင်း၊ နေစီယွန်အသင်း စသည့်အသင်းများသို့ အဆင့်ဆင့်ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ပြီးခဲ့သည့်လက နေစီယွန်အသင်းနှင့် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲ၍ ကလပ်အသင်းလက်မဲ့ဖြစ်နေရာမှ ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှအနားယူရန် ကြေညာခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ၁၁၁ ပွဲအထိ ပါဝင်ကစားပေးခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဘင်ဇီမာအား လေဗာကူဆင်အသင်းက ခေါ်ယူရန်ဆွေးနွေး

**ဘာလင် စက်တင်ဘာ ၁၆**

လေဗာကူဆင်အသင်းက ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဝါရင့်တိုက်စစ်ကစားသမား ဘင်ဇီမာအား ခေါ်ယူရန် ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိသည်။

အသက် ၃၈ နှစ်အရွယ် ဘင်ဇီမာသည် ရီးယဲလ်မက်ဒရစ်အသင်းတွင် ကာလရှည်ကစားခဲ့ကာ ဆုဖလားများစွာဆွတ်ခူးနိုင်သည့်အပြင် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကိုပါ ဆွတ်ခူးနိုင်ခဲ့သူဖြစ်ကာ ၂၀၂၃ ခုနှစ်က အသင်းမှထွက်ခွာပြီး ဆော်ဒီထိပ်တန်းကလပ်အသင်းဖြစ်သည့် အယ်အီတီဟက်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

ဘင်ဇီမာသည် အယ်အီတီဟက်အသင်းတွင် လေးရာသီကြာကစားခဲ့ပြီးနောက် ၂၀၂၅ ခုနှစ်က အယ်ဟီလယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သော်လည်း အသင်းတွင် နှစ်ရာသီသာကစားခဲ့ပြီး ပြီးခဲ့သည့်လအတွင်းက စာချုပ်ဖျက်သိမ်းကာ လမ်းခွဲခဲ့ပြီး ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။

လေဗာကူဆင်အသင်းကလည်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အတွေ့အကြုံရှိသည့် ဘင်ဇီမာအား ကာလတိုစာချုပ်ဖြင့် ခေါ်ယူလိုနေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# တရားမဝင်ဓာတ်အားရယူသုံးစွဲမှုကို ရှောင်ကြဉ်ကြပါစို့

**နိုင်ငံ့သားကောင်း**

ခေတ်မီဖွံ့ဖြိုးတိုးတက်လာသောလူ့အဖွဲ့အစည်းတစ်ခုတွင် လျှပ်စစ်ဓာတ်အားသည် နိုင်ငံတည်ဆောက်ရေး၊ စက်မှုလုပ်ငန်းများ လည်ပတ်ရေးနှင့် ပြည်သူတို့၏နေ့စဉ်ဘဝသက်သာချောင်ချိရေးအတွက် မရှိမဖြစ်အဓိကကျသော အရင်းအမြစ်တစ်ခုဖြစ်သည်။ သို့သော်လည်း လက်ရှိမြန်မာနိုင်ငံ၏လျှပ်စစ်ကဏ္ဍတွင် ဓာတ်အားထုတ်လုပ်မှု၊ ပို့လွှတ်မှုနှင့် ဖြန့်ဖြူးမှုအပိုင်း၌ စိန်ခေါ်မှုများစွာရင်ဆိုင်နေရချိန်၌ တရားမဝင်လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှုပြဿနာမှာလည်း တစ်စတစ်စကြီးထွားလာလျက်ရှိသည်။ ဤကဲ့သို့ တရားမဝင်ဓာတ်အားသုံးစွဲမှုများသည် နိုင်ငံတော်၏ဘဏ္ဍာငွေနှင့်စီးပွားရေးကို ထိခိုက်စေရုံသာမက လျှပ်စစ်မီးမမှန်ခြင်း၊ မီးဘေးအန္တရာယ်ကျရောက်ခြင်းကဲ့သို့သောဆိုးကျိုးများကိုပါ မိမိတို့၏အသိုင်းအဝိုင်းအတွင်းသို့ သယ်ဆောင်လာတတ်သည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးတွင် ကြုံတွေ့နေရသော ဤပြဿနာဆိုးကို ပြည်သူတစ်ရပ်လုံးက တာဝန်သိစိတ်ဖြင့် ဝိုင်းဝန်းတားဆီးကာကွယ်ကြရန် အရေးတကြီးလိုအပ်နေပြီဖြစ်သည်။

**တရားမဝင်ဓာတ်အားခိုးယူသုံးစွဲရခြင်း(Electricity Theft)**ဆိုသည်မှာ သက်ဆိုင်ရာလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာန၏တရားဝင်ခွင့်ပြုချက် သို့မဟုတ် စာရင်းသွင်းမီတာတပ်ဆင်ထားခြင်းမရှိဘဲ လျှပ်စစ်မီးလိုင်းများမှ တိုက်ရိုက်ချိတ်ဆက်ကာ ခိုးယူသုံးစွဲခြင်းကိုဆိုလိုသည်။ ထိုသို့ တရားမဝင်ဓာတ်အား ခိုးယူသုံးစွဲမှုမှာ လျှပ်စစ်မီတာတွင်တပ်ဆင်ထားသော လုံခြုံရေးဆီးလ် (Cover Seal / Terminal Seal)များကို ဖြတ်တောက်ပြုပြင်ခြင်း၊ ဖျက်ဆီးခြင်း၊ မီတာကိုကျော်လွန်၍ တိုက်ရိုက်ချိတ်ဆက်သုံးစွဲခြင်း၊ မီတာအတွင်း Control Circuit များတပ်ဆင်၍ မီတာနှေးအောင်ပြုလုပ်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ ဓာတ်အားလိုင်းများသို့ ချိတ်ဆက်သုံးစွဲခြင်း စသည့်လုပ်ရပ်များကိုဆိုလိုသည်။

ဓာတ်အားခိုးယူသုံးစွဲမှုများကြောင့် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာထိခိုက်နစ်နာမှုများဖြစ်ပေါ်စေသည့်အပြင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမှုစနစ်အပေါ်လည်း အနှောင့်အယှက်ဖြစ်စေသည်။ တရားမဝင်သုံးစွဲမှုများကြောင့် နိုင်ငံတော်က ရသင့်ရထိုက်သောဘဏ္ဍာငွေများ ဆုံးရှုံးရုံသာမက လျှပ်စစ်ဓာတ်အားယူနစ်သန်းချီလေလွင့်ဆုံးရှုံးရသည်။ ယင်းကြောင့် အမှန်တကယ်လိုအပ်နေသော အများပြည်သူများထံ ဓာတ်အားအပြည့်အဝမဖြန့်ဖြူးနိုင်တော့ဘဲ ဓာတ်အားမလုံလောက်မှုကို ပိုမိုဆိုးရွားစေသည်။ ဓာတ်အားခိုးယူသုံးစွဲသူများသည် မီတာခပေးဆောင်ရခြင်းမရှိသဖြင့် ဓာတ်အားကို အတိုင်းအဆမရှိ အလွန်အကျွံသုံးစွဲကြသည်။ ထိုသို့သုံးစွဲခြင်းကြောင့် ထရန်စဖော်မာများဝန်အားမနိုင်ဘဲ လောင်ကျွမ်းပျက်စီးခြင်း၊ လျှပ်စစ်ဗို့အားကျဆင်းခြင်းများနှင့်တစ်ရပ်ကွက်လုံး မီးပြတ်တောက်ခြင်းများကို ဖြစ်ပေါ်စေကာ တရားဝင်သုံးစွဲနေသောပြည်သူများကိုပါ အနှောင့်အယှက်ဖြစ်စေသည်။ ထို့ပြင် မီးလောင်မှု၊ ဓာတ်လိုက်မှု စသည့် အသက်အန္တရာယ်များကိုလည်း ဖြစ်စေနိုင်သည်။

တရားမဝင်လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲခြင်းသည် မိမိအသက်အန္တရာယ်ကို ထိခိုက်စေနိုင်ရုံသာမက ဥပဒေအရပြင်းထန်စွာအရေးယူခံရမည့် ရာဇဝတ်မှုတစ်ခုဖြစ်ပြီး သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ အရေးယူခံရနိုင်သည်။ တရားမဝင်လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲခြင်းကြောင့် အောက်ပါအတိုင်း ပြင်းထန်စွာအရေးယူခြင်းခံရနိုင်သည်-

(၁) မီတာချက်ချင်းဖြုတ်သိမ်းခြင်းနှင့် လျှပ်စစ်ဓာတ်အားဖြတ်တောက်ခြင်း။

(၂) နစ်နာခဲ့သော လျှပ်စစ်ယူနစ်များအတွက် ဓာတ်အားခလျော်ကြေးနှင့် သတ်မှတ်ဒဏ်ကြေး သိန်းဂဏန်းမှ သန်းဂဏန်းအထိ ပေးဆောင်ရခြင်း။

(၃) တည်ဆဲလျှပ်စစ်ဥပဒေပုဒ်မများဖြင့် ရဲစခန်းတွင် အမှုဖွင့်တရားစွဲဆိုခြင်းခံရပြီး ထောင်ဒဏ်ကျခံရနိုင်ခြင်း။

တရားမဝင်ဓာတ်အားခိုးယူသုံးစွဲရခြင်း၏အကြောင်းရင်းများကို စိစစ်ကြည့်ရာတွင် အောက်ပါအချက်များကြောင့်ဖြစ်ကြောင်းတွေ့ရှိရသည်-

(၁) ယခင်က မီတာတပ်ဆင်ခြင်းဆိုင်ရာ သုံးစွဲခွင့်လျှောက်ထားရာတွင် မီတာတပ်ဆင်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ကောင်းစွာနားမလည်ကြခြင်း သို့မဟုတ် တရားဝင်မီတာလျှောက်ထားရန် အချိန်ကြန့်ကြာမှုနှင့်လုပ်ထုံးလုပ်နည်းရှုပ်ထွေးသည်ဟု ယူဆကာ လမ်းလွှဲသုံးစွဲရန် ကြိုးပမ်းလာကြခြင်း။

(၂) ဒေသအချို့တွင် သက်ဆိုင်ရာတာဝန်ရှိသူများ၏စစ်ဆေးကြပ်မတ်မှုနှင့် ကွင်းဆင်းစစ်ဆေးမှု အားနည်းချက်များရှိနေခြင်းကြောင့် ဥပဒေကို အလေးမထားဘဲ လွယ်ကူသလို ခိုးယူသုံးစွဲရန် အခွင့်ကောင်းရှာလာကြခြင်း။

(၃) လျှပ်စစ်မီးပုံမှန်မရရှိဘဲ မကြာခဏပြတ်တောက်နေခြင်း၊ ဓာတ်အားမလုံလောက်မှုများကြောင့် အချို့သောသုံးစွဲသူများသည် မိမိတို့လိုအပ်သလောက် ရရှိသုံးစွဲနိုင်ရန်အတွက် နည်းလမ်းအမျိုးမျိုးဖြင့် တရားမဝင်ဖြတ်တောက်လှည့်ပတ်သုံးစွဲကြခြင်း။

(၄) အချို့သောပြည်သူများနှင့် အလုပ်ရုံ၊ စက်မှုလုပ်ငန်းရှင်များသည် လျှပ်စစ်မီတာခနှင့် ကုန်ကျစရိတ်များကို တရားဝင်ပေးဆောင်လိုမှုမရှိခြင်း။


လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ရည်ရွယ်ချက်ရှိစွာဖြင့် မသမာမှုများပြုလုပ်၍ဆောင်ရွက်နေသော **တရားမဝင်ဓာတ်အားခိုးယူသုံးစွဲခြင်း**အားနည်းပညာဖြင့် တားဆီးနိုင်ရန်အတွက် လက်ရှိတွင် Smart Meter များတပ်ဆင်ခြင်း၊ Advanced Metering Infrastructure (AMI) System များ တိုးချဲ့တည်ဆောက်ခြင်း၊ Supervisory Control And Data Acquisition (SCADA)နှင့် အလိုအလျောက် ဓာတ်အားဖြန့်ဖြူးပေးနိုင်သည့်စနစ်များ အဆင့်မြှင့်တင်ခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတစ်ဝန်းလုံးအတွက် အပြည့်အဝ Digital Grid အဖြစ် ပြောင်းလဲနိုင်ရန် Communication Network များ၊ Data Concentrator Unit (DCU) များ၊ Meter Data Management System (MDMS) များနှင့် Control Center များကို အဆင့်ဆင့် တိုးချဲ့တည်ဆောက်သွားရန် စီမံနေပြီဖြစ်သည်။

ထို့ကြောင့်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာလမ်းတစ်လျှောက် ဖြစ်ပေါ်တတ်သော နည်းပညာပိုင်းဆိုင်ရာဆုံးရှုံးမှုများ(Technical Losses)နှင့်ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းကဲ့သို့သော (Nontechnical Losses) လျှပ်စစ်ဆုံးရှုံးမှုများကို စမတ်ဂရစ်၏ SCADA ဟုခေါ်သော အဝေးမှကြည့်ရှုကွပ်ကဲနိုင်သည့်စနစ်နှင့် အလိုအလျောက်ထိန်းချုပ်ကွပ်ကဲမှုစနစ်(Grid Automation) တို့ဖြင့် ချက်ချင်းဖော်ထုတ်တားဆီးနိုင်မည်ဖြစ်သည်။ လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲမှုများနှင့် ဓာတ်အားပျောက်ဆုံးမှုများကို လုပ်ငန်းစဉ်တစ်လျှောက် စောင့်ကြပ်ကြည့်ရှုခြင်းဖြင့် လျှပ်စစ်ကဏ္ဍတွင် ဝင်ငွေတိုးတက်ရရှိလာသဖြင့် တိုးချဲ့တည်ဆောက်ရမည့် စီမံကိန်းလုပ်ငန်းသစ်များ ပိုမိုအားကောင်းလာစေပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာ၌လည်း အထောက်အကူဖြစ်လာနိုင်မည်ဖြစ်သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့်လည်း ပြည်ပခရီးစဉ်များတွင် ဓာတ်အားဖြန့်ဖြူးရေးစနစ် ပိုမိုတိုးတက်စေရန်နှင့် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်စေရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် JSC "System Operator of the United Power System of Russia"အဖွဲ့၊ ထိုင်းနိုင်ငံ Electricity Generation Authority of Thailand (EGAT)၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Southern Power Grid – Lanchang Mekhong International Co., Ltd. (CSG LMI)တို့ဖြင့် ဆွေးနွေးကာ ယင်းအဖွဲ့အစည်းများဖြင့် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိသဖြင့် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ၏စနစ်များ တိုးတက်ကောင်းမွန်လာပြီး ယခုလို လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှုများကို ဖော်ထုတ်နိုင်ရုံသာမက အနာဂတ်တွင် လုံးဝကင်းရှင်းပပျောက်သွားအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့ပြင် မီတာတပ်ဆင်ခြင်းဆိုင်ရာ သုံးစွဲခွင့်လျှောက်ထားရာတွင် လျှပ်စစ်ဓာတ်အားသုံးစွဲလိုသော်လည်း မီတာမရှိသေးသည့် မိဘပြည်သူများအနေဖြင့် အိမ်သုံးအပြင် စီးပွားရေးလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများအတွက်ပါလိုအပ်သည့် Digital Smart မီတာအသစ်များကို နိုင်ငံတော်အစိုးရထံမှ ငွေးရမ်းအသုံးပြုရာတွင် လျှင်မြန်စွာရရှိနိုင်ရန်နှင့် အချိန်နှင့်စရိတ်စကများသက်သာစေရန်ရည်ရွယ်၍ ၂၀၂၆ ခုနှစ် ဩဂုတ်လ ၁၅ ရက်မှစ၍ Website မှတစ်ဆင့် Online မီတာလျှောက်ထားခြင်းစနစ်ကို အသုံးပြုဆောင်ရွက်ခဲ့ရာ ပြည်သူများအနေဖြင့် လျှောက်ထားရလွယ်ကူလာသည်နှင့်အမျှ တရားဝင်မီတာလျှောက်ထားသုံးစွဲလိုစိတ်မြင့်တက်လာပြီး နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု ပိုမိုတိကျစွာစီမံခန့်ခွဲနိုင်တော့မည်ဖြစ်၍ တရားမဝင်မီတာတပ်ဆင်ခြင်းနှင့် ဓာတ်အားခိုးယူသုံးစွဲမှုများလျော့ပါးစေမည်ဖြစ်သည်။

မိုးရာသီကာလများတွင်ရေဝင်ရောက်မှုကောင်းမွန်သောကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ အပြည့်အဝ ဓာတ်အားထုတ်လုပ်ပေးနိုင်သော်လည်း မဟာဓာတ်အားလိုင်းများ၏ ပို့လွှတ်နိုင်စွမ်း ကန့်သတ်ချက်များရှိနေခြင်းကြောင့် လျှပ်စစ်ဓာတ်အားအသုံးများသည့် နေ့အချိန်ပိုင်းတွင် အချိန်ပိုင်းလျှပ်စစ်မီးပြတ်တောက်မှုများဖြစ်ပေါ်လျက်ရှိသည်။ ထို့ကြောင့် ပြည်သူများနေ့ခင်းပိုင်းနှင့် ဓာတ်အားအမြင့်ဆုံးသုံးစွဲမှုအချိန်များတွင် လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်ပြီး AMI စနစ်ကိုအသုံးပြု၍ နေ့လယ်ပိုင်းဝန်အားသုံးစွဲမှုများပြားသည့် စက်မှုလုပ်ငန်းကြီးများကို ဓာတ်အားခလျှော့ချပေးပြီး ညပိုင်းအချိန်များသို့ ပြောင်းရွှေ့ဓာတ်အားသုံးစွဲနိုင်မည့်အစီအမံ **"အချိန်ပေါ်မူတည်၍ ဓာတ်အားခနှုန်းထားကို အတက်အကျပြောင်းလဲကောက်ခံသောစနစ်(Time-of-Use Rate)"** များဖြင့် ၂၀၂၆ ခုနှစ် ဩဂုတ်လ ၁၉ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီးတွင် စတင်စမ်းသပ်ဆောင်ရွက်လျက်ရှိပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များကိုလည်း ဆက်လက်တိုးချဲ့ဆောင်ရွက်သွားရန် စီမံဆောင်ရွက်လျက်ရှိသည်။ ယင်းအချက်ကြောင့် ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို ပိုမိုသုံးစွဲလာနိုင်ပြီး ဓာတ်အားပြတ်တောက်မှုများ အထိုက်အလျောက်လျော့ပါးလာ၍ တရားမဝင်သုံးစွဲမှုများပပျောက်လာမည်ဖြစ်သည်။



ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်ရုံသုံးနှင့်အိမ်သုံးမီတာများတပ်ဆင်သုံးစွဲမှုအခြေအနေများအား လိုက်လံစစ်ဆေးနေစဉ်။

သက်ဆိုင်ရာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ ဒေသန္တရအာဏာပိုင်များပူးပေါင်းပါဝင်သော အထူးစစ်ဆေးရေးအဖွဲ့များကိုဖွဲ့စည်းကာ စက်မှုဇုန်များ၊ အလုပ်ရုံများနှင့်လူစည်ကားရာရပ်ကွက်များတွင် ဖြန့်ဖြူးရေးလိုင်းများ၊ မီတာများကိုစနစ်တကျနှင့် ပုံမှန်ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ခြင်း၊ လျှပ်စစ်ဥပဒေများနှင့်အကျုံးဝင်သော ပြစ်ဒဏ်များကို တိကျလေးနက်စွာ ကျင့်သုံးဆောင်ရွက်ခြင်း၊ တရားမဝင်ဓာတ်အားခိုးယူသုံးစွဲသူများကို ခြွင်းချက်မရှိဘဲ တရားစွဲဆိုအရေးယူခြင်းနှင့် ဒဏ်ငွေရိုက်ခြင်းတို့ကို ဥပဒေနှင့်အညီ တင်းကျပ်စွာဆောင်ရွက်ခြင်း၊ ပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်ရှိတရားမဝင်ဓာတ်အားခိုးယူသုံးစွဲမှုများကို လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်သည့် လွယ်ကူသောစနစ်များကို ဖန်တီးပေးခြင်းနှင့် တရားမဝင်လုပ်ဆောင်နေသူများကိုအများပြည်သူသိရှိအောင် ဖော်ထုတ်အရေးယူခြင်း၊ လျှပ်စစ်ဝန်ထမ်းများအနေဖြင့် သုံးစွဲသူများနှင့်ပူးပေါင်းကာ တရားမဝင်လိုင်းဆွဲခွင့်ပြုခြင်း၊ လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်းများမရှိစေရန် ဌာနတွင်းစစ်ဆေးကြပ်မတ်ရေးကို တင်းကျပ်စွာလုပ်ဆောင်ပြီး ပြစ်မှုကျူးလွန်သည့်ဝန်ထမ်းများကိုလည်း ဥပဒေအရထိရောက်စွာ အရေးယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်ဓာတ်အားကို တရားမဝင်ခိုးယူသုံးစွဲခြင်းသည် ခဏတာအခမဲ့ရရှိသကဲ့သို့ထင်ရသော်လည်း မိမိတို့၏အသက်အိုးအိမ်စည်းစိမ်နှင့် မိသားစုအနာဂတ်ကိုဖျက်ဆီးပစ်နိုင်သည့်ရာဇဝတ်မှုတစ်ခုသာဖြစ်သည်။ ထို့ပြင် မိမိတို့၏ တရားမဝင် ဓာတ်အားခိုးယူမှုကြောင့် ဓာတ်အားသုံးစွဲခွင့်ရရှိရန်စောင့်မျှော်နေကြသည့်ပြည်သူတို့၏အခွင့်အရေးများ ဆုံးရှုံးနေမှုများအပေါ်တွင်လည်း ကိုယ်ချင်းစာစိတ်များ မွေးမြူကြရန်လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရယူလိုမှုများအပေါ်တွင် ကိုယ်ချင်းစာစိတ်က အနိုင်ယူ၍ တရားမဝင်ဓာတ်အားရယူသုံးစွဲခြင်းများကို ရှောင်ကြဉ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၁၆)
## (၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၁၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၁၆ ရက်မှ ၂၇-၉-၂၀၁၆ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| နေပြည်တော် | ဖုန်း | - | ၀၉-၄၃၀၂၉၈၂၂၊ ၀၉-၄၂၂၀၉၂၁၇၀၊ ၀၉-၆၉၅၆၉၉၉၆၆ |
| | | | ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း | - | ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း | - | ၀၉-၆၈၈၈၈၃၅၅၈ |

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး) ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်း(၁)ခုအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်(ရတနာပုံဆိုက်ဘာစီးတီး)တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး)ခွင့်ပြုရန်ပုံငွေဖြင့် ရေသွယ်တန်းခြင်းလုပ်ငန်း(၁)ခု ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ HRD Building၊ နေပြည်တော်တွင် (၁၇-၉-၂၀၁၆)ရက်နေ့မှ(၁-၁၀-၂၀၁၆)ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့်တင်ဒါပုံစံများအား (၁-၁၀-၂၀၁၆)ရက်နေ့တွင် ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာ၌ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀(ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https://dast.edu.mm/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင်တက်ရောက်မည့် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် ခဲတံနှင့်ဘောပင်များ ဝယ်ယူမည်ဖြစ်ပါသဖြင့် သတ်မှတ်ချက်များနှင့်ညီညွတ်သော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များနှင့်ကုမ္ပဏီများအား ကန့်သတ်မှုမရှိသောတင်ဒါ(အိတ်ဖွင့်တင်ဒါ)(Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| တင်ဒါစတင်ရောင်းချမည့်ရက် | (၁၇-၉-၂၀၁၆)ရက်မှ (၁-၁၀-၂၀၁၆)ရက်ထိ(ရုံးချိန်အတွင်း) |
| တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် | (၁-၁၀-၂၀၁၆)ရက်နေ့၊ ညနေ(၄:၃၀)နာရီ |
| တင်ဒါတင်သွင်းရမည့်နေရာ | ဘဏ္ဍာဌာန၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၃)၊ နေပြည်တော် |

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ်(၀၆၇-၃၄၀၇၆၉၄)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်(ဆတ်သွား)အ.ထ.က ကျောင်းဝင်အမှတ်(C-C၁၈၂၆)(G-12)(C)သင်ဆဲမှ မောင်ရဲလင်းနောင်၏ဖခင် ဦးစန်းလွင်၏အမည်မှန်မှာ ဦးဆန်းလွင် ၈/တတက(နိုင်)၁၄၄၇၉၂ ဖြစ်ပါကြောင်း။ **ဦးဆန်းလွင်**

### ဖခင်အမည်မှန်
တောင်ကြီးမြို့၊ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း Grade-6(C) မှ မခင်မဒီဇော်၏ဖခင်အမည်မှန်မှာ ဦးခင်ကျော် ၅/တဆန(နိုင်)၀၀၄၃၈၀ ဖြစ်ပါကြောင်း။ **ဦးခင်ကျော်**

### ဖခင်အမည်မှန်
နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ စံပြအလင်္ကာကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ ပညာသင်ကြားနေသော မောင်ဝိလျှံမင်း၏ဖခင် ဦးဇော်မင်းထွန်း၏အမည်မှန်မှာ ဦးဇော်ထွန်းမင်း ၁၃/တကန(နိုင်)၁၉၈၆၁၂ ဖြစ်ပါကြောင်း။ **ဦးဇော်ထွန်းမင်း**

### ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ မဟာသာကျေးရွာ၊ အ.ထ.က(ခွဲ)ပက်တန်း၊ Grade-12 မှ နော်ခိုင်သင်းကြူ၏ဖခင်အမည်မှန်မှာ ဦးညဏ်လင်း ၁၄/ဇလန(နိုင်)၁၃၃၆၄၂ ဖြစ်ပါကြောင်း။ **ဦးညဏ်လင်း**

### အမည်ပြောင်း
ပဲခူးမြို့၊ အ.ထ.က(၁)ကျောင်း၊ Grade-5(D) မှ အဘ ဦးသိန်းစိုး၏သမီး မစူးစူးအောင်အား မစုစုအောင်ဟုပြောင်းလဲခေါ်ဆိုပါရန်။ **မစုစုအောင်**

### ဖခင်အမည်မှန်
ပဲခူးမြို့၊ အ.ထ.က(၂)ကျောင်း၊ Grade-11(D) မှ မဆောင်းဟေမာန်၏ဖခင်အမည်မှန်မှာ ဦးသိန်းသန်း ၇/ပခန(နိုင်)၂၉၆၁၅၁ ဖြစ်ပါကြောင်း။ **ဦးသိန်းသန်း**

### မိခင်အမည်မှန်
ပဲခူးမြို့၊ အ.ထ.က(၆)ကျောင်း၊ Grade-12 မှ မောင်ညီညီဇော်၏မိခင်အမည်မှန်မှာ ဒေါ်ခင်သန္တာမိုး ၇/ကဝန(နိုင်)၁၂၇၃၈၉ ဖြစ်ပါကြောင်း။ **ဒေါ်ခင်သန္တာမိုး**

### ပျောက်ဆုံးကြောင်း
ညဏ်ထက်လင်း(ဘ)ဦးမြတ်ဇော် ၇/သဝတ(နိုင်)၁၅၉၅၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
မောင်မောင်ဖြိုး(ဘ)ဦးရှုရစ် ၁၄/ပသန(နိုင်)၃၀၅၉၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၆၄၉၅၉၈၄

### ပျောက်ဆုံးကြောင်း
လွင်လွင်အေး(ဘ)ဦးသန်းစိုး ၇/ကဝန(နိုင်)၂၄၁၀၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
မိုင်ဆွေဇင်မာ(ဘ)ဦးမောင်မောင်၈/တတက(နိုင်)၁၇၉၀၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
နှင်းသော်တာဝင်း(ဘ)ဦးလှဝင်း ၁၂/ဗဟန(နိုင်)၁၀၆၀၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ပုမေဌေး(ဘ)ဦးစံမောင် ၁၁/မပတ(နိုင်)၀၅၉၂၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၅၅၈၆၃

### ပျောက်ဆုံးကြောင်း
လင်းကိုကိုထက်(ဘ)ဦးနွယ်ဝင်း ၈/ရစက(နိုင်)၂၂၆၈၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၃၃၀၄၁၆၈

### ပျောက်ဆုံးကြောင်း
အောင်ကျော်ဇော(ဘ)ဦးဝင်းထိန် ၉/ရမသ(နိုင်)၁၁၈၉၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
မြတ်လေးမွန်(ဘ)ဦးမြင့်ဆွေ ၁၂/ကတန(နိုင်)၀၉၉၁၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၂၂၅၃၇၁၁

### ပျောက်ဆုံးကြောင်း
အေရွှန်ရသနိုင်(ဘ)ဦးသိန်းနိုင်၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 538075)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၀၃၂၀၃

### ပျောက်ဆုံးကြောင်း
နော်ဒါးဒါးအယ်(ဘ)စောပွယ်စေး ၁၄/မမက(နိုင်)၂၉၆၀၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၉၂၅၆၄၇၀

### ပျောက်ဆုံးကြောင်း
မင်းကျော်ဦး(ဘ)ဦးသောင်းဝင်း ၈/မသန(နိုင်)၀၈၃၅၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၁၅၄၄၃၄၄

### ပျောက်ဆုံးကြောင်း
ဝဏ္ဏအောင်(ဘ)ဦးဝင်းမြင့် ၉/ပကခ(နိုင်)၀၃၅၇၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၉၅၂၃၉၇၀

### ပျောက်ဆုံးကြောင်း
စီစီလွင်(ဘ)ဦးမြင့်လွင် ၁၂/မရက(နိုင်)၁၄၉၃၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၃၁၉၃၁၀၇

### တစ်ဦးတည်းဖြစ်ပါကြောင်း
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ တောင်ပြင်(၁)ရပ်ကွက်၊ အောင်သုခလမ်းနေ အဘ ဦးအောင်ရွှေ၏သား မောင်ကံထွန်းအောင်နှင့် မောင်ကံထွန်း ၈/တတက(နိုင်)၁၀၀၃၁၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မောင်ကံထွန်းအောင်(ခ)မောင်ကံထွန်း**

### အမည်မှန်နှင့်ဖခင်အမည်မှန်
ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်ကလေးရွာ၊ အထက ကျွန်းကလေး၊ Grade-12(A)တန်းမှ မဇီဇော်ရာ၏အမည်မှန်မှာ မဇင်ဘုတ်ရာ ၄/မတပ(နိုင်)၀၆၂၉၃၂ ဖြစ်ပြီး၊ ဖခင်အမည်မှန်မှာ ဦးမေဒို ၄/မတပ(နိုင်)၀၀၃၁၁၁ ဖြစ်ပါကြောင်း။ **မဇင်ဘုတ်ရာ၊ ဦးမေဒို**

### ပျောက်ဆုံးကြောင်း
ထွန်းထွန်းသိန်း(ဘ)ဦးသိန်းရွှေ ၁၂/လကန(နိုင်)၂၅၀၀၇ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၈၀၀၈၀၈၂

### ပျောက်ဆုံးကြောင်း
လွင်လွင်ထွေး(ဘ)ဦးလှထွန်း ၈/နမန(နိုင်)၂၄၄၃၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဇေယျာအောင်(ဘ)ဦးနေအောင် ၉/မထလ(နိုင်)၂၆၇၆၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

### ပျောက်ဆုံးကြောင်း
ဦးသူရိယ ၁၂/မဘန(သ)၀၀၀၄၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ဦးစိုးဝင်း(ဘ)ဦးစံရင် ၅/ကလထ(နိုင်)၀၀၂၇၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 942190)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၆၁၈၉၃၇၆

### ပျောက်ဆုံးကြောင်း
ဝင်းမင်းလတ်(ဘ)ဦးကျော်ဆွေ ၈/ခမန(နိုင်)၁၁၂၈၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂


MYAWADDY TRADING LIMITED
ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေဩဇာ။
Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
DAGON
ပင်ရင်းအရောင်း- ဖုန်း- ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လုပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်၊
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်၊
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
ဆိုင်ကယ်တာယာ
ကားတာယာ
သုံးဘီးတာယာ
ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## စက်သုံးဆီအရောင်းဆိုင်များတွင် QR Code၊ Barcode ဖြင့် Scan ဖတ်ရောင်းချရာတွင် သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ ရောင်းချမှုမရှိသည့်အရောင်းဆိုင်များအား စိစစ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၁၆

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် စက်သုံးဆီအရောင်းဆိုင်များတွင် ယာဉ်များ၏ QR Code၊ Barcode ကို Scan ဖတ်၍ ရောင်းချရသည့် ပမာဏကိုအခြေခံ၍ စက်သုံးဆီဝယ်ယူခွင့်(PO)များ ခွဲဝေပေးခြင်း၊ ထပ်မံလိုအပ်လာပါကလည်း စိစစ်ခွင့်ပြုပေးခြင်းနှင့် ယင်းသို့ရောင်းချနေမှုအခြေအနေများကိုလည်း Online Monitoring Center မှ စောင့်ကြည့်စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

QR Code၊ Barcode ဖြင့် Scan ဖတ်ရောင်းချမှုများကို မှန်ကန်မှုရှိစေရေး စာမျက်နှာ ၁၄ ကော်လံ ၅ ●



စက်သုံးဆီအရောင်းဆိုင်များတွင် QR Code၊ Barcode ဖြင့် Scan ဖတ်ရောင်းချနေမှုများအား Online Monitoring Center မှ စောင့်ကြည့်စစ်ဆေးနေမှုကိုတွေ့ရစဉ်။

## ဖလမ်းမြို့နေပြည်သူများ MPT မိုဘိုင်းဖုန်း SIM Card များ ပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက်ပေး

ဖလမ်း စက်တင်ဘာ ၁၆

ဖလမ်းမြို့တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ MPT Mobile ဖုန်းလိုင်းများပြန်လည်ရရှိပြီဖြစ်သည့်အတွက် ယနေ့မှစတင်ပြီး ပြည်သူများ၏ MPT မိုဘိုင်းဖုန်း Sim Card များပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၁၄ ကော်လံ ၄ ⊃


ယနေ့ မြဝတီ ဖတ်စရာ

လာချိဒ်တိုင်းရင်းသားမျိုးနွယ်စု အမည်မှန်သတ်မှတ်ရေး လာချိဒ်တိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေး စာ - ၇ သို့

အသက် ၁၃ နှစ်အောက် လူငယ်များကို လူမှုကွန်ရက် အသုံးပြုခွင့်ပိတ်ပင်ရန် EU စီစဉ် နိုင်ငံတကာ စာ - ၂၅ သို့


## မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၁၆

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် စာမျက်နှာ ၅ ကော်လံ ၁ ➜

## မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၌ Online အသုံးပြု၍ ကျောက်မျက်ရတနာများ လိမ်လည်ရောင်းချလျက်ရှိသည့် ပြည်ပနိုင်ငံသား ၁၁ ဦးနှင့် မြန်မာနိုင်ငံသား ၁၇ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ လမ်း(၈၀)၊ ၃၉ လမ်းနှင့် လမ်း ၄၀ ကြားရှိ နေအိမ်တွင် နေထိုင်လျက်ရှိသည့် နိုင်ငံခြားသားများသည် Online အသုံးပြု၍ ကျောက်မျက်ရတနာများအား လိမ်လည်ရောင်းချလျက်ရှိကြောင်း တာဝန်သိပြည်သူများက သတင်းပေးပို့တိုင်ကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့ နံနက်ပိုင်းတွင် အဆိုပါနေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ Online အသုံးပြု၍ ကျောက်မျက်ရတနာများအား လိမ်လည်ရောင်းချလျက် စာမျက်နှာ ၁၈ ကော်လံ ၁ ⇨



မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၌ Online အသုံးပြု၍ ကျောက်မျက်ရတနာများ လိမ်လည်ရောင်းချလျက်ရှိသည့် ပြည်ပနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားများအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှုကိုတွေ့ရစဉ်။



## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပန်ကြပ်ဆီလတ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်နှင့် ဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၆

မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာစေရန်နှင့် မြန်မာ့အားကစားအဆင့်အတန်း ပိုမိုတိုးတက်လာစေရန်ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စာမျက်နှာ ၂၀ ကော်လံ ၁ ❐



## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ စတင်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၆

မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ မျိုးဆက်သစ်အမျိုးသမီးဘောလုံးအားကစားသမားများပေါ်ထွက်လာစေရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏အားကစားအဆင့်အတန်း စာမျက်နှာ ၁၄ ကော်လံ ၁ ❍